www.burmeseclassic.com

ရွှေပဒေသာစာပေ

# မမယသဒ္ဒါပေါက်

ဝိုင်းနိုင်ငြာအာရှ

(အချစ်လုံးချင်းဝတ္ထုသစ်)



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


**ပုံနှိပ်မှတ်တမ်း**

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၄၊ စက်တင်ဘာ။

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ချေး - ၁၆၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃

မသဒ္ဒါမောင်
မိုးနှင့်အတူ / မသဒ္ဒါမောင်။ - ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၁၄ ။
၂၀၈ - စာ ၊ ၁၂.၃ x ၁၈ စင်တီ ။
(၁) မိုးနှင့်အတူ


# မသဒ္ဒါမောင်

# မိုးနှင့်အတူ ...

www.burmeseclassic.com

www.burmeseclassic.com

## "မိုးနှင့်အတူ..."

မိုးနှင့်အတူ
သူရောက်လာမယ်လို့
မျှော်လင့်ခြင်းများစွာနဲ့
နေ့စဉ် စောင့်စားနေခဲ့ပေမယ့်
မိုးဖွဲတွေအောက်မှာ
သူ ရောက်မလာခဲ့...

မိုးနှင့်အတူ
ဆောင်းနှင်းရာသီမှာ
အေးစက်ခြင်းများစွာနဲ့
နေ့စဉ် တမ်းတနေခဲ့ပေမယ့်
နှင်းစက်တွေအောက်မှာ
သူ ရောက်မလာခဲ့....

မိုးနှင့်အတူ
နွေဦးရာသီမှာ
ပူလောင်ခြင်းများစွာနဲ့
နေ့ရဉ် တော့င့်တနေခဲ့ပေမယ့်
နွေမြူတွေအောက်မှာ
သူ ရောက်မလာခဲ့....

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

မိုးနှင့်အတူ
သူရောက်လာမယ်လို့
ကတိပြုပေးခဲ့ပြီး
သုံးရာသီစက်ဝန်းများစွာမှာ
အရိပ်သော်မျှမမြင်
အသံသော်မျှမကြား
ရနံ့သော်မျှ မရ
မှတ်သိပ်ခြင်းများစွာနဲ့
ရင်ကွဲနာကျရရှာတဲ့
မိုးစက်ပွင့်လေးတွေလို
မြေပြင်ထက် ဆင်းသက်ရင်း
လွမ်းဆွတ်ခြင်းများစွာနဲ့
စောင့်ဆိုင်းနေခဲ့ပေမယ့်
သူကဖြင့် ရောက်မလာခဲ့....

မိုးနှင့်အတူ....

## အခန်း ( ၁ )

ကောင်းကင်တစ်ခွင် ပြာမနေဘဲ ညို့မှိုင်းနေသည်မို့ မော့ကြည့်မိထိုက်ပါ၏။ 'မည်းသောမိုး မရွာ၊ ဖြူသောမိုး မစဲ'ဟု ဆိုရိုးရှိသော်ငြား တိုက်ခတ်လာသည့်လေကို ရှူရှိုက်ရင်း မိုးရွာမည် မရွာမည်ကို သူမ ခန့်မှန်းနိုင်ပါသည်။ အေးစိမ့်စိမ့်လေထုနှင့်အတူ မိုးနံ့တွေ ပါလာတတ်တာ မဟုတ်ပါလား။ ထိုအနံ့လေးကို နှစ်သက်လွန်းသဖြင့် သူမ၏အမည်ကို 'မိုးရနံ့'ဟု မိဘနှစ်ပါးက ပေးခဲ့ခြင်းဖြစ်လေသည်။

ထိုမိုးစက်တို့သည်ပင် သူမကို မွေးဖွားစေခဲ့ပြီး၊ ဤလောကမှာ အသက် စရှင်သန်စေခဲ့သလို ငယ်စဉ်ကလေးဘဝ၏ အဖော်မွန်အဖြစ် သူမ၏တစ်ကိုယ်လုံးကို အပျော်တို့ဖြင့် အေးချမ်းစေခဲ့ပါ၏။ တစ်ခုသော မိုးဥတုတစ်နေ့မှာ မွေးဖွားခဲ့သည်မို့ ဤမိုးကို သူမ ချစ်တတ်ခဲ့တာပင်။ ထို့ယခင် ကလေးဘဝအရွယ်မှစ၍ ယခုအရွယ်ထိတိုင် မိုးရွာသွန်းတိုင်း ဖားကလေးတို့၏အော်မြည်သံကိုကြားရတိုင်း၊ ကောင်းကင်ထက်မှမိုးခြိမ်းသံ မြည်ဟီးလိုက်တိုင်း စိတ်ထဲမှ အလိုလိုကြည်နူးလာတတ်တာပါလား။

www.burmeseclassic.com



သဘာဝတရားကြီးက ဖန်ဆင်းထားသော်ငြား ဒီမိုးရာသီကို လူတိုင်း နှစ်ခြိုက်တတ်ကြတာမှ မဟုတ်ပါ။ များသောအားဖြင့် မိုးတွင်းမှာ လျှပ်စီးလင်းလက်သည်ကိုမြင်ကြတိုင်း သို့တည်းမဟုတ် ကောင်းကင်ထက်မှ 'ဂျိန်း'ကနဲ အော်မြည်တိုင်း အလန့်တကြားဖြစ်သွားတတ်ကြတာပါလေ။ ပြီးတော့ မိုးရွာထဲ တီးဆောင်းထွက်ရတာမျိုး၊ ရေတောထဲ ရေအိုင်ထူဖွက်တောထဲ လမ်းလျှောက်ရတာကို မုန်းတီးသူတွေ များပြားလှပါသည်။

သူမကဖြင့် ထိုသို့မဟုတ်ပါလေ။ လေပြည်သွေးလာတိုင်း မျက်စိစုံမှိတ်ကာ လေကို တစ်ဝကြီးရှူရှိုက်လိုက်ပါ၏။ ထိုလေထဲမှ အေးစိမ့်စိမ့်ခံစားမှုနှင့်အတူ မိုးနံ့ကို ရှူမိတာလေ။ အဲဒီအခါ အလိုလိုနေရင်း မျက်နှာထက်မှာ အပြုံးတွေ ပွင့်လာတာမဟုတ်ပါလား။ ယိုအပြုံးနုနုကြောင့် ပါးပြင်ထက် ခွက်ခနဲပေါ်လာတတ်သည့် ပါးချိုင့်လေးတွေက 'မိုးရနံ့'ဟူသည့် သူမ၏အလှကို ပိုပြီးပံ့ပိုးထားသည့်နှယ် ဖြစ်နေတာပါလေ။

အဆောင်ပြတင်းပေါက်ကို အသံမမြည်အောင် ဖွင့်လိုက်ပါ၏။ လေတိုးဝင်လာသည်ထင့်၊ တစ်ဖက်ကုတင်ထက် အိပ်နေသည့် 'မျိုးပပ'က စောင်ခြုံပြီး ခပ်ကွေးကွေးလေးဖြစ်သွားလေသည်။ နှစ်ယောက်ခန်းဖော်ဖြစ်သည့် မျိုးနှင့် အလုပ်မတူပေမယ့် သူမကိုက ဘီရိယပိုသူမို့ အမြဲတမ်းခပ်စောစောထတတ်ကျင့်ရှိနေတာကိုး။

"ဒီနေ့ OFF. . . မဟုတ်ဘူးလား"

အိပ်ချင်မူးတူးအသံဖြင့် ဗလုံးဗထွေးမေးသံထွက်လာတာမို့ မျိုးကိုလှမ်းကြည့်လိုက်မိ၏။ မျက်လုံးမဖွင့်ပါဘဲ သူမ နိုးနေတာကို သိနေတာပါလား။ အင်းပေါ့လေ၊ ကုမ္ပဏီအလုပ်က အမြဲပဲ Sunday တိုင်း ပိတ်တတ်တာဖြစ်ပေမယ့် သူမလုပ်သည့်ဆေးရုံက Duty ချိန်မမှန်သလို အရေးကြီးရင် ကြီးသလိုခေါ်တာနှင့် ဆင်းပေးရတာကိုး။

"OFF ပါ၊ ဒါပေမဲ့ နော်အဲလာ မလာနိုင်လို့ အစားဆင်းပေးရမှာ"

"ဘာဖြစ်ပြန်တာတဲ့လဲ"

"Flu...(တုပ်ကွေး) "

"Nurse ဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် ဂရုမစိုက်ဘူးလား။ အဲဒါကြောင့် မိုးတွင်းကိုမုန်းတာ"

သူမ ပြုံးရုံသာပြုံးမိပါ၏။ ဒီရာသီမှာ ဒီလိုအဖျားမျိုး ဖြစ်တတ်တာကိုး။ သူနာပြုမို့ ဆရာဝန်မို့ဆိုပြီး မဖျားတဲ့လူမှမရှိတာဘဲ။ လူမှန်သမျှ ဖြစ်တတ်တဲ့ရောဂါမျိုး ရှိတတ်တာပါလေ။ သတိထားနေထိုင်တာတောင်မှ ဖြစ်ချင်လျှင် ဖြစ်တတ်တာပဲလေ။ မျိုးလည်း တခြားလူတွေလို မိုးတွင်းကို မုန်းတာ အပြစ်မဟုတ်ပါချေ။

"မိုးရွာဦးမှာလား"

"အင်း"

"ကျစ်!. . . ဈေးသွားစရာရှိပါတယ်ဆိုမှ"

"ရှိတာပဲ ချက်ထားတယ်လေ၊ မိုးစောစောပြန်ရတဲ့နေ့မှ ဝယ်တာပေါ့"

"ဘာချက်ထားလဲဟင်"

"ထောပတ်ခရမ်းလေး နှပ်တယ်၊ ရွှေငါးကြော်ရယ်၊ ပဲနီလေးနဲ့ ကြာဆံဟင်းချိုချက်ပေးထားတယ်။ မျိုး စားခါနီး ပြန်နွေးလိုက်လေ"

"မိုး. . . ထမင်းချိုင့်ထဲ အရည်ယူလို့ ဘယ်ရမှာလဲ"

"အင်း. . . ခရမ်းချဉ်သီးငါးပိချက်ခြောက်ခြောက်လေး ချက်ထားတာ ထည့်သွားမယ်"







BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ပြီးရောလေ"

အိပ်ရာမထသေးဘဲ စားဖို့ပူနေသည့် သူငယ်ချင်းလေးပါလား။ မျိုးက သူမလောက် မပင်ပန်းလှပါ။ ကုမ္ပဏီက အချိန်မှန်ကြိုပို့လုပ်ပေးသည့် ဖယ်ရီက လမ်းထိပ်မှာ လာကြိုတတ်ပါ၏။ သူမကသာ တစ်ရက်လေး OFF ရက်ရှိမှသာ အနားရပြီး၊ အချိန်တိုင်း လိုင်းကားစီးပြီး အလုပ်တက်ရတာလေ။ သူမဆင်းနေသည့် ပုဂ္ဂလိကဆေးရုံကြီး ယခုအဆောင်နှင့် သိပ်မဝေးတာဘဲ ကံထူးလှပါ၏။

"ဒီနေ့ရော နောက်ကျဦးမှာလား"

"မပြောတတ်ဘူး"

"နောက်ကျမယ်ဆို Phone ခေါ်လိုက်လေ၊ လမ်းထိပ်မှာ လာစောင့်ပေးမယ်"

"တစ်ယောက်တည်းလား"

"မပူနဲ့ပေါ့"

"နေပါစေ မျိုးရယ်၊ မိုး ပြန်ရဲပါတယ်"

"နည်းနည်းပါးပါးလေးတောင် မကြောက်တတ်ဘူးလား၊ မိုးရွာရင် မီးကပျက်ပြီ၊ လမ်းကလည်း လူပြတ်ပါဘိသနဲ့"

ဒီတစ်ခါတော့ ကုတင်မှာ ထထိုင်ပြီးပြောတာမို့ နိုးပြီမှန်း သိလိုက်ပါသည်။ သနပ်ခါးလူးပြီးပြီမို့ ကျောက်ပျဉ်ကို စားပွဲအောက်မှာ ထောင်ထားလိုက်ပါ၏။ ယပ်တောင်ဖြင့် သုံးလေးချက်ခတ်ကာ ဘီးကျော့ပတ်ထားသည့် ဆံပင်တို့ကို ဖြည်ချ ဖြီးလိုက်ပါသည်။ လုပ်နေကျပဲမို့ ရေချိုးအလှပြင်တာကို အချိန်အများကြီး မကုန်ပါချေ။

"မိုး. . ."





"အင်း"

"အသစ်ထပ်မရှာဘူးလား"

"ဘာအသစ်လဲ"

"ချစ်သူလေ"

မျက်စောင်းလှည့်ခဲလိုက်မိပါ၏။ အဝေးသင်တက်ကတည်းက သူမအကြောင်း သိသိကြီးဖြစ်ပါလျက် ယခုလိုမေးရောလား။ ရင်မှာ အလွမ်းတွေ ပြည့်သိပ်နေတဲ့ မိုးကိုမှ လာဆွရတယ်လို့။ အသစ်ရှာရအောင် မိုးက အသည်းကွဲနေတဲ့ ကောင်မလေးမှမဟုတ်တာနော်။

ခဏလေးပါ။ ခဏဆိုပြီး စောင့်နေခဲ့တာပါ 'ကို'။ ပြန်လာမယ်ဆိုပြီး ရေခြားမြေခြားထွက်သွားတဲ့ချစ်သူက စွန့်သွားတာမှမဟုတ်တာဘဲ။ ဘဝမှာ ပြည့်ပြည့်စုံစုံနေနိုင်ဖို့ သူမကိုမျက်နှာမငယ်အောင် ထားစေချင်တဲ့စေတနာနဲ့ သံယောဇဉ်ကို မဖြတ်ချင်ဘဲ ဖြတ်ပြီး၊ ကျောပေးခဲ့ရတာ နိုင်လို့မှမဟုတ်တာလေ။

"ရှာစရာလား"

"နင်ကလည်း သူများသမီးရည်းစားတွေ အတူနေဖို့ စောင့်ရလှ သုံးနှစ်ပေါ့။ နင့်ဟာက လွန်နေပြီ။ အရင်က စာလေး Phone လေး ဆာလို့ တော်သေးတယ်။ အခု စာမပြောနဲ့၊ စာကလေးတောင် မရောက်တော့ဘူး။ ဘယ်နှနှစ် ရှိပြီလဲ"

သူမ ငြိမ်နေမိပါ၏။ အမှန်ပါပဲ။ ယခင်ကတည်းက သုံးနှစ်သုံးမိုး စောင့်ဆိုင်းကြတဲ့ ချစ်သူရည်းစားတွေရဲ့ထုံးစံကို သိခဲ့တာပါလေ။ ဒါဖြင့် မိုးအဖြစ်က သုံးနှစ်ပင်မက လေးနှစ်ကျော် ငါးနှစ်ပင် ရှိနေချေပြီ။

ဒီလောက်အထိ သစ္စာရှိပြီး စောင့်တတ်တဲ့ချစ်သူမျိုး ရှိကြမှာလား။



www.burmeseclassic.com

www.burmeseclassic.com



သူမကိုယ်တိုင် စိတ်ရှည်စွာစောင့်နေတာကို သူသိမှာပါလေ။

"ငါးနှစ်ပြည့်တော့မယ်"

"ကျစ်! တွေ့လား၊ တကယ်ဆို ပြတ်ပြီဆိုရင်လည်း ပြတ်ပြတ်သားသားပေါ့။ ဒီလိုကြိုးရှည်ရှည်နဲ့ လှန်ထားတာတော့ မကောင်းပါဘူး"

"မျိုးကလည်း"

"ဘာလဲ. . . မကျေနပ်ဘူးလား။ သူများသားသမီးကို မှိုချိုးမျှစ်ချိုး မပြောချင်ပါဘူး။ တကယ်အလေးအနက်ထားပြီး ချစ်ခဲ့ရင် လက်ထပ်ရမှာပေါ့။ အပျော်အပျက်တွဲခဲ့တာမျိုးမှ မဟုတ်တာကို"

"ဖြစ်လာမှာပေါ့ကွယ်"

"ဟင်း. . . ငါမပြောလိုက်ချင်ဘူး၊ ကြားလူက နေရခက်တယ်ဆိုတာ ဒါမျိုးပဲဖြစ်မှာ။ နှင်ဟာလေ. . . အေးကိုအေးလွန်းတယ်"

သူမ ပြုံးမိပြန်၏။ မျိုးကတော့ အပျိုကြီးဖြစ်မယ့်သူလိုပါပဲ။ ဘာမဆို ဘွင်းဘွင်းရှင်းရှင်း ဒိုးဒိုးဒေါက်ဒေါက်ပြောကျင့်က မပျောက်သေးဘဲကိုး။ မျိုးရဲ့ချစ်သူ ကိုရန်နိုင်က လူအေးမို့ မျိုးပြောသမျှ လက်ညှိုးထောင်ခေါင်းညိတ်ပြဖို့သာ သိတာလေ။ အရာရာ ပူပန်ပုံက အဘွားကြီးတွေရဲ့ ပုံစံနဲ့ တစ်ထပ်တည်းပါပဲ။

"အေး. . . ပြုံးပြုံး၊ အဲဒီလို ငါးသလောက်ပြုံးမျိုး ပြုံးတတ်လို့ ကိုယ်တော်ချောတွေ ပစ်ကျလာတာ။ အခုရော နှင့်ကိုကြိုက်တဲ့ ဒေါက်တာ ခပ်ထောထောမျိုး မရှိဘူးလား"

"ခပ်ချောချော ပြောပါဟယ်"

"ချောတာက ပြုတ်စားလို့မှမရတာ၊ နှင့်ကို ရွှေပေါ်မြတင် စိန်စီပြီး ထားနိုင်မယ့် ခပ်ထောထော Boss မျိုးကို မျက်စိပြူးပြူးရှာမှပေါ့"





သူမ ရယ်မိချေပြီ။ မိဘတွေ မရှိတော့တာချင်းအတူတူ မျိုးက သူမအပေါ် အစ်မကြီးနယ် ပြောဆိုဆုံးမနေတတ်တာပါလေ။ ပြောမနိုင်သည့် ခပ်ဆိုးဆိုးလေးမဟုတ်ပေမယ့် သံယောဇဉ်ကြီးလွန်းပြီး တစ်ယောက်ဆိုမှ ဒီတစ်ယောက်ကိုပဲ စွဲစွဲမြဲမြဲချစ်သည့်သူမကို အားမလိုအားမရဖြစ်နေတာပါ။ အေးလွန်းတော့လည်း တစ်ပြစ်ဖြစ်နေပြီး ပူနေပြန်တာကိုး။

"ဟင်းဟင်း. . . ခလုတ်တိုက်တော့ တွေ့မှာပေါ့"

"နှင့်ကြီးဒေါ်ပဲ ခလုတ်တိုက်"

မျိုးက မျက်စောင်းခဲလိုက်လေ၏။ ဘယ်လောက်ပဲပြောပြော ဒီသူငယ်ချင်းလေးက နောက်ကပါလာသမျှလူတွေကို ကန့်တော့ဆွမ်းချည်းပြောတတ်မှန်း သိထားတာပါလေ။ ခါးတင်ရင်ဖုံး လက်စက အင်္ကျီဖြူလေးကို လုံခြည်အနီလေးနှင့် တွဲဝတ်လိုက်ပါ၏။ ခုန ကျစ်ဆံမြီးကျစ်ထားသည့်ဆံပင်ကို ပြန်ပတ်ကာ ဆံထုံးပုံ့ပုံ့လေး ပြန်ထုံးလိုက်ပါသည်။ ဒါမှ .Nurse Cap ဆောင်းရင် အဆင်ပြေမှာလေ။

"Uniform...ဝတ်သွားမှာလား"

"အင်း"

"ရေစိုဦးမယ်"

"ကိစ္စမရှိပါဘူး၊ Locker ထဲမှာ အပိုတစ်စုံအမြဲထားပါတယ် မျိုးရဲ့"

"ကားတိုးစီးရင် မကျေဘူးလား"

"မကျပ်တဲ့ကား စီးမှာပါ မျိုးရယ်၊ ပူတတ်ရန်ကော"

မျက်စောင်းက ထပ်ရောက်လာပြန်၏။ ထမင်းချိုင့်ကို အစောကြီးကတည်းက ပြင်ပြီးသားမို့ ကြိမ်ခြင်းတောင်းလေးထဲမှာ ထည့်ရန်စွည်း



www.burmeseclassic.com

www.burmeseclassic.com



တို့ကို စုလိုက်ပါသည်။ Note book သေးသေးလေးထဲမှာပဲ သူမက ပိုက်ဆံထည့်ကိုင်တတ်ပါ၏။ ပိုက်ဆံအိတ်ကိုင်တာ၊ Slimbag လွယ်တာကို ရှက်တတ်သူမို့ပါပဲ။

Locker သော့၊ ခေါက်ထီးအနက်ကွက်လေးနှင့်အတူ Steel ထမင်းချိုင့်(သုံးဆင့်)လေးကို နေရာတကျ စီထည့်လိုက်ပါ၏။ ပြီးမှ လက်ကိုင်ပဝါကို ခါးကြားမှာညှပ်ကာ ဘောပင်ကို ရင်ဖုံးအင်္ကျီထက် အသာညှပ်ထည့်တပ်လိုက်ကာ၊ မှန်ထဲမှာ တစ်ချက်ကြည့်လိုက်မိ၏။ သနပ်ခါးရေကျဲလေး လူးထားသည့်မျက်နှာလေးက ရှိုးရိုးရှင်းရှင်းလေးပါလေ။

"သွားပြီနော်"

"အေး"

အခန်းဝအနားမှာ စီထားသည့် ဖိနပ်သုံးလေးရန်အနက်မှ Slipper အဖြူလေးကိုစီးကာ တံခါးဖွင့်၍ထွက်လိုက်ပါ၏။ အဆောင်လျှောကားထစ်တို့ကို ခပ်ဖွဖွနင်းကာ ဆင်းခဲ့ပါသည်။ သံဇကာဝင်းတံခါးကို အသာဖွင့်လိုက်စဉ် အဆောင်ပိုင်ရှင်ဖြစ်သည့် အန်တီသက်က လှမ်းနှုတ်ဆက်လိုက်သည်မို့ ပြန်ဖြေလိုက်ရပါ၏။

လမ်းထိပ်ကို အတော်လေး လျှောက်ရပါ၏။ ဂဝံကျောက်သာ ခင်းထားသည့်လမ်းကြမ်းမို့ ခြေမချော်အောင် လုံခြည်ကို အသာလေး 'မ'ကာ သတိထားလျှောက်ရလေသည်။ ကားဂိတ်မှာရပ်ရင်း လိုင်းကားအလာကို စောင့်ရပါ၏။ သူမလုပ်သည့်ဆေးရုံက ဒီကနေ ဘာကားပဲစီးစီး ရောက်တာမို့ တော်ပါသေးသည်။ ကောင်းကင်ထက်မှာ မိုးသားတိမ်မည်းတို့က အတော်လေး အုံ့နေချေပြီ။

❀ ❀ ❀



## အခန်း ( ၂ )

လိုင်းကားပေါ်တက်လိုက်စဉ် မိုးက ခပ်ဖွဲဖွဲစရွာလေ၏။ လေးငါးမှတ်တိုင်စီးရစဉ်မှာ အတော်ခပ်သဲသဲရွာချချေလေပြီ။ ခြင်းထဲမှ ခေါက်ထီးကိုထုတ်ယူကာ ခေါက်လိပ်ထားတာကို ဖြည်ထားလိုက်ပါ၏။ ကားပေါ်က ဆင်းတာနှင့် ထီးဖွင့်ဆောင်းရပြီကိုး။

"မှတ်တိုင်ပါတယ်မျို့"

"ရပ်မှဆင်းကြပါ၊ ခြေချော်မယ်နော်၊ သတိထားကြ"

ဒီမှတ်တိုင်မှာ လူအမြဲအတက်အဆင်းရှိတာမို့ ကားတိုင်း ရပ်ပေးပါ၏။ ကားပေါ်မှဆင်းရင်း လက်ထဲမှထီးကို ဖွင့်လိုက်ပါသည်။ ဆေးရုံကိုရောက်ရန် အတော်ခပ်လှမ်းလှမ်း ဆက်လျှောက်ရဦးမှာလေ။ လေပါ ပါလာသည်မို့ လုံခြည်မလွင့်အောင်နှင့် ထီးမကျိုးအောင် ဂရုစိုက်ကာ ဆေးရုံဝင်းဘက် လျှောက်လာခဲ့ပါသည်။

"တီ! . . ခ."

"အမေ့!"



www.burmeseclassic.com

www.burmeseclassic.com



ကားဟွန်းသံကို လန့်တာမဟုတ်ပါ။ ဘေးမှဖြတ်သွားရင်း လမ်းဘေးချိုင့်ခွက်ထဲ ဘီးကျသွားသည့်ကားကြောင့် ရေစင်သွားတာကြောင့်ပါပဲ။ ဒူးအောက်ပိုင်းမှာ ဗွက်ရေတို့စင်၍ ရွှဲသွားတာကို ငုံ့ကြည့်လိုက်မိ၏။ လမ်းပေါ်သွားလာရသည့် လူတန်းစားတို့အဖို့ ဒါက မဆန်းကြယ်ပါလေ။

မျိုး သတိပေးလိုက်ပေမယ့် လျှာရှည်ပြီး သူမ Uniform ဝတ်လာခဲ့မိတာကို။ လုံခြည်ကို လက်ဖြင့်တစ်ချက်ခါကာ ဝင်းထဲသို့ ဆက်လျှောက်ခဲ့ပါ၏။ ဆေးရုံထဲဝင်စဉ် အပေါက်စောင့်ဦးလေးမောင်ကို အပြုံးဖြင့်သာ နှုတ်ဆက်လိုက်ရပါသည်။ ဗွက်ပေလာသည့်လုံခြည်ကို အမြန်ဆုံးလဲရမည်မို့ အဝတ်လဲခန်းဆီသို့သာ အမြန်ဆုံးလှမ်းခဲ့ရလေ၏။

"ဟဲ့. . . ဘယ်လိုဖြစ်လာတာလဲ မိုး"

"လမ်းမှာ စင်လာတာပါ မမသန့်"

"မြန်မြန်လဲပြီး ရုံးခန်းကိုလာခဲ့"

"ဟုတ်ကဲ့"

"ဒီနေ့ ဒုဆေးရုံအုပ်အသစ် ရောက်မယ်ဆိုတာဟုတ်လား Matron"

"ဟုတ်ပ။ ဒါကြောင့် Duty စောစောဝင်ဖို့ ရှင်တို့ကိုလောနေရတာပေါ့။ မြန်မြန်လုပ်ကြ"

လုပ်ဖော်ကိုင်ဖက် Nurse တွေအမေးကို ပြန်ဖြေလိုက်သည့် သူမတို့အထက်လူကြီးဖြစ်သည့် သူနာပြုဆရာမကြီး ဒေါ်ခင်မေသန့်စကားကြောင့် ရင်ထိတ်သွားရပါသည်။ ဆေးရုံမှာ ဆေးရုံအုပ်ကြီးရှိပြီးသားမို့ ဒုဆေးရုံအုပ်မရှိဘူးထင်နေတာ မှားပါရောလား။ ဆေးရုံအုပ်ကြီးက အသက်(၆၀)ကျော်လူကြီးမို့ သူမတို့အောက်ခြေဝန်ထမ်းတွေကို မျက်စိဒေါက်ထောက်





မကြည့်အားပါလေ။ ဒုဆေးရုံအုပ်နေရာကို အမျိုးသမီးဆရာဝန် လာရင်ခြင်း နေရကျပ်ပြီး အသက်ရှူရခက်ရဦးမှာပါပဲလား။

"ဘာလဲဟင်"

"ဘာကိုမေးတာလဲ"

"Male...လား၊ Female... လား မေးတာ"

"ဒါတော့ ဘယ်သိမှာလဲ"

တစ်ယောက်တစ်ပေါက် တီးတိုးပြောနေတာကို နားစိုက်မထောင်ဘဲ လိုက်ကာနောက်မှာ လုံခြည်ကို လဲဝတ်လိုက်ရပါ၏။ Locker ထဲမှာ ထမင်းချိုင့်ခြင်းကိုထားကာ ရင်ဘတ်မှာ နာမည်ရင်ထိုးကို အရင်ဆုံးတပ်လိုက်ပါသည်။ Note book သေးသေးလေးကို ဝန်ထမ်းနားနေခန်းအံဆွဲထဲမှာပဲ ထားရမှာမို့ ယူလိုက်ပါ၏။

ဒီနေ့ကြည့်ရမည့်လူနာ List ကို ရေးထားပြီးသားမို့ ဖွင့်ဖတ်ရင်းခြင်း ရုံးခန်းရှိရာဆီ လှမ်းလာခဲ့ပါ၏။ လှေကားမှတက်ခဲ့စဉ် ထောင့်ချိုးအကွေ့မှာ လူတစ်ယောက်နှင့်တိုးမိလေသည်။ နှစ်ဦးသား တိုက်မိတာမို့ သူမလက်ထဲမှ စာအုပ်လေးက လက်ထဲမှလွတ်ကာ အောက်ကိုပြုတ်ကျသွားပါ၏။

"Sorry. . ."

"ရပါတယ်ရှင်"

Duty coat အဖြူဝတ်ထားတာမို့ ဆရာဝန်ဖြစ်မှန်း သိလိုက်ပါသည်။ စာအုပ်ကိုကောက်စဉ် တစ်ဖက်ပုဂ္ဂိုလ်ကပါ ကောက်ပေးတာမို့ ခေါင်းချင်းဆောင့်မိပြန်လေ၏။ သူမမျက်နှာ ရဲခနဲရှက်သွေးဖြာသွားရတာအမှန်ပါလေ။ သူစိမ်းယောကျ်ားတစ်ဦးနှင့် ယခုလိုမျိုး('ကို'မှလွဲ၍) မထိဖူးတာကို။

www.burmeseclassic.com



"အ!"

"Sorry. . . ထပ်ဖြစ်ပြန်ပြီ၊ တောင်းပန်ပါတယ် မမိုးရန့်"

လက်ထဲကို စာအုပ်လေး ကမ်းပေးတာမို့ လှမ်းယူလိုက်သော်ငြား ထိုဆံရာဝန်လေးက လက်မလွှတ်သေးပါလေ။ ပြဿနာပဲ. . . ဘယ်လို ဖြစ်ပြီး ဒီနေ့မှ ထူးထူးဆန်းဆန်းတွေ ဖြစ်ရတာပါလိမ့်နော်။ ဒီဆရာဝန် လေး ဒီမှာ အလုပ်ဝင်တာ သုံးလခန့်သာရှိသေးတာပါလေ။

"ကျွန်တော့်ကို သိပါတယ်နော်"

"ရှင်! ဪ. . . ဟုတ်ကဲ့ပါ ဒေါက်တာ"

"သန့်ဇင်လင်းပါ"

"ဟုတ်ကဲ့"

လက်ဆွဲနှုတ်ဆက်ရန် လက်ကမ်းတာကို ပြန်မကိုင်ဘဲ ဦးညွှတ်ပြ လိုက်မိပါ၏။ လူနာမဟုတ်သည့်သူစိမ်းတစ်ဦးနှင့် ဤသို့ လက်ကိုင် နှုတ် ဆက်တာမျိုးကို သူမမှ လုပ်ကျင့်မရှိတာဘဲ။ ဆရာဝန်လေး၏မျက်နှာထက် မှာ တစ်မျိုးလေးဖြစ်သွားလေ၏။ အားနာမိပေမယ့် စောင့်စည်းရမည့် မိန်းမတို့ကျင့်ဝတ်ကို နားလည်သင့်တာမဟုတ်ပါလား။

"ခွင့်ပြုပါဦး ဒေါက်တာ"

"ရုံးခန်းသွားမှာ မဟုတ်လား"

"ဟုတ်ကဲ့"

"ကျွန်တော်လည်း သွားမလို့လေ၊ အတူတူသွားကြတာပေါ့"

ကဲ! ဘယ်တတ်နိုင်ပါ့မလဲ၊ ကိုယ်က ရှောင်နေပေမယ့် တစ်ဆေးရုံ တည်းလုပ်တဲ့သူတွေကို ရှောင်လို့မှမရတာလေ။ ဆရာဝန်လေးနှင့်အတူ ယှဉ်လျှောက်လာရပေမယ့် ခပ်ဝေးဝေးဖြစ်အောင် သတိထားပြီး လျှောက်





ခဲ့ရပါသည်။

"ဒီလိုပဲ နေတတ်တာလား"

"ရှင်. . . ဘာကိုပြောတာပါလဲ ဒေါက်တာ"

"စကားသိပ်မပြောလို့လေ"

"ဪ"

"ကျွန်တော် ဒီကိုပြောင်းလာကတည်းက သတိထားမိတာ။ မမိုး ရန့်က တခြား Nurse တွေနဲ့မတူဘူး"

ဘာကိုဆိုလိုတာပါလဲ။ သူနာပြုဝန်ထမ်းတွေအားလုံးက တာဝန် ကိုယ်စီကိုယ်ငှ ခွဲဝေယူထားကြတာ အတူတူပါပဲ။ လစာပေးထားတာကို ယူရတာမို့ ဘယ်လူနာမဆို ရောဂါကြီးငယ်မရွေး ကုသပြုစုပေးရတာပါ။ စေတနာ အတိမ်အနက်မတူကြတာမျိုးတော့ ရှိမှာပါပဲ။ သို့သော် ဒီအလုပ် ကို ရွေးချယ်ထားတဲ့ Nurse တိုင်းရဲ့အနစ်နာခံမှုကတော့ သာတူညီမျှ ရှိကြမှာ မလွဲပါလေ။

"ဒေါက်တာ ဘာကိုပြောချင်လို့ပါလဲ"

"ဪ. . . မမိုးရန့်ရဲ့မျက်နှာကို မြင်တာနဲ့ ရောဂါတစ်ဝက်လောက် သက်သာသွားကြတယ်လို့ ပြောကြလို့လေ"

"ဘယ်လို. . . ဘယ်သူတွေက ပြောတာလဲ"

"Patient. . . တွေလေ"

"မဟုတ်တာ"

"ဟုတ်ပါတယ် မမိုးရန့်ရဲ့"

"တကယ်တမ်း ဆေးကုသပေးတာက ဒေါက်တာတို့ ဆရာဝန်တွေ ပါ။ မိုးတို့ Nurse တွေက ဘေးက ရံရုံပါရှင်။ လူနာတွေ တကယ်ကျေး



www.burmeseclassic.com

www.burmeseclassic.com



ဖူးတင်ကြတာလည်း ဒေါက်တာတို့ကိုပါပဲ''

ဒေါက်တာသန့်ဇင်လင်းက ခပ်တိုးတိုးရယ်လိုက်လေ၏။ မိုးကိုပြိုင်မပြောနိုင်၍ဘဲများလား။ စကားကို လိုတာထက်ပိုမပြောဘဲ နှုတ်ဆိတ်ကာ အလုပ်ကိုသာ ကြိုးစားတတ်တဲ့ သူနာပြုလေးကို ဘာအတွက်နဲ့များ ဖော်ရွေစွာ အရောဝင်နေတာပါလိမ့်နော်။

သက်မကို ကျိတ်ရှိုက်လိုက်မိပါ၏။ သူကလွဲ၍ ဘယ်သူစိမ်းအမျိုးသားကိုမှ မရင်းနှီး မနီးစပ်ဖို့ သန္နိဋ္ဌာန်ချထားတာကို သူမကလွဲပြီး ဘယ်သူမှမသိပါချေ။ အလုပ်ကိစ္စနှင့်ဆက်နွယ်ပြီး ပြောဆိုရမယ့်ပုဂ္ဂိုလ်တွေကို ရှောင်လွှဲလို့မှမရတာကိုး။ နိစ္စဓူဝ မြင်နေရပါလျက် ဒီမျက်နှာကို ရိုးမသွားကြတာက တစ်ဒုက္ခပါပဲလား။

''ဘာပဲဖြစ်ဖြစ် Nurse အုပ်စုထဲမှာတော့ မမိုးရန့်က Star ပဲဗျာ''

''ကျေးဇူးပါ ဒေါက်တာ''

စကားကိုဖြတ်ကာ ရုံးခန်းတွင်းသို့ဝင်လိုက်ပါ၏။ ရုံးခန်းကျယ်ထဲမှာ ဆရာဝန်တွေရော Nurse တွေပါ အစုံအလင်ရောက်နေလေပြီ။ သူမက နောက်ကျမှရောက်သလိုဖြစ်နေပြီမို့ မျက်နှာပူကာ ရှက်အမ်းအမ်းဖြစ်သွားရပါသည်။ ဒုက္ခပါပဲ၊ အမြဲတမ်း ဝန်ထမ်းကောင်းလက်မှတ် ယူနေကျနေရာက ပြုတ်တော့မှာပါပဲလား။

''Child Specialist... ဒေါက်တာသန့်ဇင်လင်းပါ''

''ဒါတော့ ကျွန်မတို့ဆေးရုံရဲ့ မျက်နှာစာလို့ ခေါ်ကြတဲ့ Nurse မိုးရန့်ပါ ဒေါက်တာ''

Matron ရဲ့မိတ်ဆက်ပေးခြင်းကြောင့် အသစ်ရောက်လာသည့် ဒုဆေးရုံအုပ်ကို ဦးညွှတ်လေးစားသမှုပြုလိုက်မိပါ၏။ အလို! ဒုဆေးရုံအုပ်





က အမျိုးသားဆရာဝန် ငယ်ငယ်လေးဖြစ်နေပါလား။ မျှော်လင့်မထားမိသည်မို့ ရင်ထဲတစ်မျိုးဖြစ်သွားရပါသည်။

''အားလုံးပဲ နှုတ်ဆက်လိုက်ကြပါ၊ မေတ္တာရှင်ရဲ့ ဒုဆေးရုံအုပ် ဒေါက်တာသီဟကျော်စွာပါ''

''မင်္ဂလာပါ''

ဒုဆေးရုံအုပ်မျက်နှာမှာ အပြုံးမရှိဘဲ တည်လွန်းနေပါ၏။ အထူးသဖြင့် တင်းတင်းစေ့ထားသည့်နှုတ်ခမ်းတို့က ဆုံးဖြတ်ချက်တိုင်းကို အနိုင်အဟာချနိုင်မည့်ပုံသဏ္ဌာန်အပြည့်ရှိတာ အမှန်ပါပဲ။ မြင့်မားသည့်အရပ်အမောင်းနှင့်လိုက်ဖက်သည့် အသားအရေ၊ ပိရိသေသပ်သည့်မေးရိုးနှင့် အဆင်ပြေသည့် ခပ်တိုတိုဆံပင်တို့ကအစ ဤဆရာဝန်ကို ယောကျ်ားပီသအောင် ပံ့ပိုးထောက်ပံ့ထားသည့်နှယ်ပါ။

စူးရှတောက်ပသည့် အကြည့်တစ်ချက်က သူမထံရောက်လာတာမို့ မျက်လွှာကို ဖျတ်ခနဲချလိုက်မိပါသည်။ စိတ်ဝင်တစားကြည့်မိတာမျိုး မဟုတ်ပါ။ ကိုယ့်ဆေးရုံကို အုပ်ချုပ်မည့် ဒုဆေးရုံအုပ်ကို မှတ်မိအောင် ကြည့်ထားမှ ဖြစ်မှာကိုး။ ဤမျှအထိ အနုစိတ်မလေ့လာဖူးတာမို့ အားနာရှက်ရွံ့မှုဖြစ်သွားရတာ အမှန်ပါပဲ။

'ဒေါက်တာသီဟကျော်စွာ'တဲ့။ နာမည်မှာကိုက စီးပိုးသည့်အနက်အဓိပ္ပာယ်တွေ ပျော်ဝင်နေသလိုပါပဲလား။ အမြဲတမ်း နာမည်သုံးလုံးနှင့် ဆရာဝန်တွေချည်းရှိတဲ့ကြားက ဒီဆရာဝန်၏နာမည်က အထူးအဆန်းနှင့် ထင်ရှားနေတာပါလေ။

''ဟုတ်ကဲ့. . . အားလုံးပဲ မင်္ဂလာနံနက်ခင်းပါ။ ကျွန်တော့်ကို ဒုဆေးရုံအုပ်ဆိုတာထက် တန်းတူ ဆရာဝန်လိုပဲသဘောထားပြီး ပြောဆို



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံစေချင်ပါတယ်။ ဒီလောကမှာ ဒီဆေးရုံရဲ့နာမည်နဲ့ ဂုဏ်သိက္ခာကို ထင်ပေါ်စေဖို့ အားလုံးနဲ့အတူ လက်တွဲလုပ်ဆောင်သွားမှာပါ။ ကျေးဇူးပါပဲ''

ဩဘာလက်ခုပ်သံက လျှံထွက်လာပါ၏။ စကားကို တိုတိုပြတ်ပြတ်ပြောပုံနှင့် အသံခပ်ဩဩက သူ့ကို နာမည်နှင့်ပိုပြီးလိုက်ဖက်စေသည့်နှယ်ပါ။ တစ်တန်းတည်းသဘောထားရမတဲ့။ ဘယ်မြင်ဝံ့ပါ့မလဲ။ သာမန်ဆရာဝန်တွေနှင့်မတူဘဲ သူ့အရှိန်အဝါက မျက်နှာထက်မှာ ပေါ်လွင် ဝင်းလက်နေတာပါလေ။

Meeting ပြီးလို့ အားလုံး Duty ဝင်ရန် ထွက်ကြပြီမို့ ဆရာဝန်တွေနောက်မှ သူမလိုက်ထွက်ရန် ပြင်လိုက်ပါသည်။ သူမနံဘေးမှ ကပ်လျှောက်လာသည့် ဒေါက်တာသန့်ဇင်လင်းကို မော့ကြည့်မိစဉ် ဆရာဝန်လေးက လှစ်ခနဲပြုံးပြလိုက်လေ၏။ ရော်! ခက်တော့တာပဲ။

ဆေးရုံအုပ်ကြီးနှင့်အတူ စကားပြောကာ ရပ်ကျန်ခဲ့သည့် ဆရာဝန်အသစ်၏ စူးရှရှအကြည့်က သူမထံသို့ ရောက်လာပြန်လေသည်။ ရင်ထဲဒိတ်ခနဲဖြစ်ကာ တစ်မျိုးဖြစ်သွားရပြန်ပါ၏။ ဘယ်လိုလဲ. . . လူတကာ၏နှစ်လိုဖွယ် ဖော်ရွေလှသည့်အကြည့်နှင့် အပြုံးမျိုးကိုသာ အမြဲတစေ ရခဲ့ပါလျက် ဤသို့ မနှစ်မြို့ဟန် စိမ်းသက်လွန်းပါသည့် အေးစက်စက်အကြည့်တစ်စုံက သူမကို အလိုလိုကျောချမ်းစေတာပါလေ။

❀❀❀



## အခန်း ( ၃ )

''ဟူး. . . မလွယ်ဘူး. . . မလွယ်ဘူး။ အခုမှ House စဆင်းဘဲ့ ဆရာဝန်ပေါက်စလို အဟောက်ခံနေရတုန်းပဲ။ စိတ်ရှုပ်ရပ္ပါ''

ဒေါက်တာမြစပယ်၏ ခပ်ညည်းညည်းအပြောကြောင့် Drip ပိုက်နှင့် Glucose အိတ်ပြောင်းပေးတာကို လုပ်ပေးနေရင်း လှည့်ကြည့်လိုက်ပါသည်။ မိန်းကလေးဆရာဝန်တွေထဲမှာ ဤဆရာဝန်မလေးက အသက်အငယ်ဆုံးနှင့် အချောဆုံး အလှဆုံးပါလေ။

''ဘာဖြစ်လာလို့လဲ ဒေါက်တာ''

''ဘာဖြစ်ရမလဲ၊ ပြောတော့ဖြင့် လက်တွဲလုပ်ဆောင်မယ်ဆိုပြီး မြို့ အငယ်တန်းဆရာဝန်တွေကို မျက်စိဒေါက်ထောက်ပြီး အပြစ်ရှာပြနေတာလေ''

''ဘယ်သူများလဲ''

''ဘယ်သူရှိမလဲ. . . ဒုဆေးရုံအုပ်ကိုပြောနေတာ။ ဆေးရုံအုပ်က အေးသလောက် သူ Power လျှောက်ပြနေတာကိုပဲ လန့်နေရပြီ''



www.burmeseclassic.com

www.burmeseclassic.com



လေသံခပ်အုပ်အုပ်ဖြင့် အတင်းပြောနေရှာသည့် ဆရာဝန်မလေးကြောင့် သူမပြုံးလိုက်မိပါ၏။ ဆရာဝန်အချင်းချင်းတောင်မှ ဤသို့ လန့်ရှိန်နေပါလျှင် သူမတို့လို သူနာပြုတွေအတွက်ကဖြင့် ပြောဖို့မလိုပြီ။ စတွေ့ကတည်းက လူကိုမကြည့်သလိုမျိုး အကြည့်စိမ်းတို့ကို စိတ်ထဲမှာ အလိုလိုလန့်နေမိတာပါလေ။

"သတိထားကြနော်၊ Round... လှည့်နေပြီ"

တီးတိုးသတိပေးသံဖြင့် အသိပေးကာ ဒေါက်တာမြစပယ်က လူနာတွေကို စာရင်းဖြင့် သေချာတိုက်ကြည့် စမ်းသပ်စစ်ဆေးပြီးမှ ထွက်သွားလေ၏။ Hall ခန်းမကြီးမှ လူနာတွေပြီးမှ Special room တွေမှ လူနာတို့ကို ဆေးလိုက်တိုက်ရဦးမှာပါ။ သူမတာဝန်က ပြီးနေပြီဖြစ်ပေမယ့် နော်အဲလာအတွက်ပါ ယူထားသည့်အတွက် ဒီနေ့ အတော့်ကိုပင်ပန်းရမှာလေ ဘယ်တတ်နိုင်ပါ့မလဲ။ ကိုယ်က လခစားဝန်ထမ်းပေကိုး။

"နောက်နာရီဝက်ကြာမှ ပြန်လာခဲ့မယ်နော်၊ ခွင့်ပြုပါဦး"

Drip ချိတ်ပေးပြီး Special room တွေဘက် ခပ်သွက်သွက်လေး လျှောက်လာခဲ့ပါ၏။ လက်မှနာရီက ဆယ်နာရီထိုးခါနီးပြနေပြီမို့ အချိန်နောက်ကျလို့မရတာလေ။ လူနာတွေက ဆေးကို အချိန်နဲ့သောက်ရတာ မဟုတ်ပါလား။

"ဒီမှာတာဝန်ယူတဲ့ Nurse ရော"

"ဘုရား!..."

ရင်ဘတ်ကို လက်ဖြင့်ဖိလိုက်မိ၏။ အလို! ဆေးရုံအုပ်တွေက ဘယ်လိုဖြစ်ပြီး Special room တွေဘက်က အရင် round လှည့်ကြတာပါလိမ့်နော်။ သူမက ခါတိုင်းလိုပင် ရိုးရိုးလူနာတွေကို အရင်ဆေးပေးခဲ့တာ





မဟုတ်လား။

"Patient တွေ ခုထိ ဆေးမသောက်ရသေးဘူး။ ဒါဖြစ်သင့်လား"

"ကျွန်မ ရောက်ပါပြီရှင်"

ဆေးတွေသယ်လာသည့် ထရော်လီလှည်းကို အခန်းဝမှာပင် ရပ်ကာ၊ အသံလှမ်းပြုလိုက်ရပါ၏။ ဒီအခန်းက အူအတက်လာခွဲတဲ့ (၁၅)နှစ်သား လူငယ်လေးပါ။ အရေးကြီးတဲ့အချိန် ခွဲစိတ်ပြီးပြီမို့ နောက်မှ ဆေးလာတိုက်မိတာ မှားပြီလား။

"အခုမှလာတာ ဘယ်တွေလျှောက်သွားနေလို့ နောက်ကျနေရတာလဲ"

လေသံမာမာကြောင့် ဆေးလင်ပန်းကိုကိုင်ရင်း ခြေလှမ်းတို့ တုံ့ခနဲရပ်သွားရပါ၏။ အကြောင်းပြချက်ပေးလိုက်ချင်ပေမယ့် ခွန်းတုံ့ပြန်သလိုဖြစ်မှာကို စိုးလို့ပါပဲ။ ဆေးရုံအုပ်ကြီးမပါဘဲ ဒုဆေးရုံအုပ်နှင့်အတူ အခြားဆရာဝန်သုံးဦးရှိနေတာမို့ သူမမျက်နှာ ခပ်အမ်းအမ်းဖြစ်သွားရပါသည်။

ပြဿနာပဲ... ဒီနေ့ အပင်ပန်းဆုံးပါဆိုမှ ဒီဒုဆေးရုံအုပ်နဲ့ ထိပ်တိုက်တိုးရမည့်ကိစ္စက ဖြစ်ရတယ်လို့။ သူမတာဝန်က လူနာကြည့်ရတာနှင့်မပြီးဘဲ Operation ခန်းဝင်လျှင်လည်း အများဆုံးပါရတာမျိုးပါ။ ဆရာဝန်တိုင်းလိုလိုက ပေါ့ပါးသွက်လက်သည့်သူမကို အမြဲတစေ ခွဲစိတ်တိုင်း ခေါ်တတ်တာလေ။

"တခြားအခန်းတွေ အကုန်စစ်ခဲ့တာ ဘာပြဿနာမှမရှိဘူး။ မင်းတာဝန်ယူထားတဲ့အခန်းတွေရောက်မှ ကြုံရတာပဲ။ တာဝန်ပေါ့လျော့လှချည်လား မိုးရနံ့"

"တောင်းပန်ပါတယ် ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ချိန်မှာ အလုပ်ကိုပဲ စိတ်ဝင်တစားနဲ့ လုပ်ရမှာပေါ့။ နားမလည်ဘူးလား။ ဒီတာဝန်လေးကိုတောင်မှ မယူနိုင်ရင် ဒီ Uniform ကိုတောင် ဝတ်စရာမလိုတာကို သိသင့်တယ်"

ရင်ထဲ နင့်ခနဲဖြစ်သွားရပါ၏။ တိုက်ဆိုင်ရတယ်လို့။ ဒီနေ့မှ သူ့ရှေ့မြင့်ကွင်းမှာ ဒေါက်တာသန့်ဇင်လင်းနှင့် စကားပြောရင်း အပြုံးတွေနဲ့ ရှုံးခန်းထဲဝင်ခဲ့တာ နောက်အကျဆုံးဖြစ်ခဲ့ရသလို အခုလို Duty ဝင်ပြန်တော့မှ Special room မှာမှ လာကြုံပြန်ရတာလေ။ သူမကို တာဝန်မကျေတဲ့ဝန်ထမ်းမျိုး ထင်ရတယ်လို့။ သူ့ပုံစံ သူ့အကြည့်က မိုးလို လက်အောက်ဝန်ထမ်းအဆင့်မျိုးကို မတူမတန်သလိုနှယ် ခွဲခြားဆက်ဆံသလိုပါလား။

ပါမောက္ခတွေ၊ ဆရာဝန်တွေအားလုံးက ဒီဆေးရုံကို နောက်ဆုံးပေါ်ကားတွေနဲ့ ကိုယ်စီလာကြပေမယ့် မိုးတို့ သူနာပြုတွေနဲ့ သန့်ရှင်းရေးဝန်ထမ်းတွေအကုန်လုံးက သိပ်အရေးကြီး အလျင်လိုအပ်မှသာ Taxi စီးတတ်ကြပြီး၊ နေ့စဉ်မှာ လိုင်းကားသာ အသွားအပြန်တိုးစီးကြရတာပါလေ။ ဆေးရုံကို စောစီးစွာရောက်တတ်သလို Duty ချိန်တိုင်း မညည်းမညူ အချိန်ပိုပြီး ဝင်ပေးတတ်တဲ့ Nurse ပါ။

သင်တန်းတွေ ပြည့်စုံအောင်တက်ခဲ့တာ၊ Pratical တွေ ပြည့်ဝစွာ ဆင်းပြီးမှ ထူးချွန်လက်မှတ် Certificate တွေနဲ့ ဒီမှာအလုပ်ဝင်ခဲ့တဲ့ ဝန်ထမ်းလေးပါ။ မတတ်မြောက် မကျွမ်းကျင်ပါဘဲ Nurse တွေထဲမှာ နာမည်တစ်ခုနဲ့ ရပ်တည်လို့ရနိုင်ပါ့မလား။ အားလုံး၏လေးစားအားကျသည့်အကြည့်မျိုး ရှိကြသလို မနာလိုမရှုစိမ့်ဘဲ မျက်စောင်းဖြင့် ကြည့်တတ်သည့်အမြင်မျိုး အနည်းအကျဉ်းလည်း ရှိကောင်းရှိနိုင်မှာပါပဲ။





သို့သော် ယခုလို လူကို မတူမတန်သည့်နှယ် အဆင့်ခွဲခြားတာမျိုးကိုဖြင့် ပထမဆုံးခံရခြင်းပါလေ။ ရှက်စရာပါပဲလား မိုးရန့်။

"နောက်ကို ဒါမျိုးမဖြစ်ပါစေနဲ့"

"ဟုတ်ကဲ့ပါ"

"လိုအပ်တာမရှိအောင် ဂရုစိုက်လုပ်ပါ။ ဒါ နောက်ဆုံးဖြစ်ပါစေ"

"ဟုတ်ကဲ့"

မျက်နှာတည်ကြီးဖြင့် စိုက်ကြည့်ကာ ထွက်သွားသည့် ဆရာဝန်တို့၏ Duty coat အဖြူတွေကိုမမြင်တော့မှ အသက်ကို ရဲရဲရှူရှိုက်တော့၏။ ရှင်မောရပါလားနော်။ အလုပ်ကိုစေတနာအပြည့်ဖြင့် ကြည်နူးပျော်ရွှင်စွာ နေ့စဉ်ဆောင်ရွက်နိုင်ခဲ့ပါလျက် ဤဒုဆေးရုံအုပ်ရောက်လာမှပဲ သူမ၏ အပျော်တို့ ပျောက်ကွယ်ရပေပြီ။ ကံကြမ္မာက မိုးရန့်ကို မျက်နှာသာပေး ငဲ့ညှာမှု ရှားပါးလှချည်လား။

ဒီနေ့ ပြဿဒါးနေ့ ထင်ပါရဲ့။

"ဆရာမ"

"ဟင်. . . ဘာလဲ မောင်နေသော်"

"ဝမ်းနည်းသွားတာလားဟင်"

"မဟုတ်ပါဘူး"

ရစ်ဝဲလာသည့်မျက်ရည်စတို့ကို မျက်တောင်ပုတ်ခတ်လုပ်၍ သိမ်းဆည်းလိုက်ရပါ၏။ လူနာတွေကို ကုသပြုစုနေရတဲ့ သူနာပြုဆရာမက မျက်ရည်စို့ရွှဲပြီး ငိုလို့မှမရတာလေ။ Nurse တွေရဲ့အပြုံးက မျက်နှာပေါ်မှာ ရှိမှသာ လူနာတိုင်းရဲ့ရောဂါတွေက တစ်ဝက်ခန့်လျော့ပါးပြီး သက်သာရာရတာမဟုတ်ပါလား။ စိတ်ကိုထိန်းရမှာပေါ့ မိုးရန့်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဦးဦးဆရာဝန်က ဆရာမကို ဘာဖြစ်လို့ ဆူတာလဲဟင်"

"အပြစ်လုပ်မိလို့ပေါ့ မောင်လေးရယ်၊ အပြစ်မရှိရင် ဆူပါ့မလား"

"ကျွန်တော်တောင် ကြောက်တယ်"

"ဒုဆေးရုံအုပ်ကိုလား"

'ဟုတ်"

သူမ ပြုံးလိုက်မိပါ၏။ လူနာကို ဆေးကုသပေးတဲ့ဆရာဝန်ကိုမှ ကြောက်ရတယ်လို့၊ ဟုတ်ပါရဲ့၊ မိုးတို့သူနာပြုတွေတောင်မက အငယ်တန်း ဆရာဝန်တွေကအစ သူ့ကို အလိုလိုနေရင်း လန့်နေကြရတာပါလေ။ ဆေးရုံအုပ်ကြီး 'ဒေါက်တာဦးမြတ်မောင်' သဘောကောင်းသလောက် အခုမှ ရောက်လာတဲ့ ဒုဆေးရုံအုပ်ကြောင့် အားလုံးနီးပါး ရင်မောပြီး သက်မ ကျိတ်ချနေရတာပါ။

"ဆရာမ သွားဦးမယ်နော်၊ ဆေးသောက်ပြီး တစ်ရေးလောက် မှေးလိုက်ပါ'

"ကျွန်တော် ဘယ်တော့ ဆေးရုံဆင်းရမှာလဲဟင်။ ကျောင်းမတက် ရလို့ စာတွေ တော်တော်လွတ်ကုန်ပြီ"

"ဗိုက်အနာကျက်သလောက်ဖြစ်မှ ပြန်လွှတ်နိုင်မှာ မောင်နေသော် ရဲ့။ နှစ်စပဲမို့ စာက လိုက်လို့မီပါတယ်ကွယ်။ ကျန်းမာဖို့ကသာ အဓိကကျ တာပါ"

မောင်နေသော့်ကို စိတ်ပြေအောင် နှစ်သိမ့်ပြီးမှ အခန်းတွေ ဆက် ကူးခဲ့ရပါ၏။ ကိုယ့်ကို ဒီလိုဆူငေါက်တာမျိုး တစ်ကြိမ်မှမရှိခဲ့ဖူးတာမို့ ရင် ထဲမှာ ဝမ်းနည်းမိတာ အမှန်ပါ။ စေတနာအပြည့်နဲ့လုပ်နေတာမို့ မိုးရဲ့ နာမည်က ဆေးရုံမှာ ထင်ရှားပြီး အမှတ်ပေးတဲ့ List မှာ ထိပ်ဆုံးကပဲ





Tip ပြေးနေတာ မဟုတ်ပါလား။ အခုတော့ ကိုယ့်ကိုယ်ကိုယ် အသုံးမကျ တဲ့ဝန်ထမ်းမျိုးလို သဘောထားပြီး စိတ်ဓာတ်က ကျချင်ချင်တောင် ဖြစ် ရလေပြီ။

ဘဝက ခါးသည်းလွန်းလှပါလားနော်. . .

"Emergency... သွေးလိုနေတယ်၊ ရှာပေးကြပါဦး"

"ဘာသွေးမို့လို့လဲ"

"AB... "

"ဟယ်! Spare မရှိတဲ့သွေးမှ လိုရတယ်လို့"

Reception မှာ Phone သံတွေ တဂွမ်ဂွမ်ဆူညံကုန်လေ၏။ ဒီ နေ့က ကိုယ့်ရက်မဟုတ်ပါဘဲ အစားထိုးဆင်းပေးတာမို့ Operation ခန်းဝင်ရန် မလိုပါလေ။ လုပ်ဖော်ကိုင်ဖက်တွေ အလုပ်များနေကြတာမို့ သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိတော့သည်။ O တွေ၊ A တွေ၊ B တွေက ဆေးရုံမှာ သွေးဘဏ်ထဲ သိမ်းထားတာမျိုးရှိတတ်ပေမယ့် ဒီ AB သွေးက ရှားပါးလွန်းတာ မဟုတ်ပါလား။

"အန်တီကြီးအရွယ်ပဲ၊ Uterus (သားအိမ်)ထုတ်ရုံမှာ၊ ဒုက္ခပါပဲ"

"မြို့း . . ."

"ဟင်! ခြော်. . . ဘာလဲ မိုး"

"သွေးရှာလို့ရလား"

"ခုထိမရသေးဘူး မိုးရဲ့၊ ရှာတုန်းပဲ"

"မိုး လှူမယ်လေ"

"ဟယ်. . . ဖြစ်ပါ့မလား"

"မဖြစ်ဘူးထင်တယ်နော်၊ လိုအပ်ရင် နှစ်ပုလင်း သုံးပုလင်းလောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားနိုင်တာ။ Patient က BP တအားကျနေလို့”

“ဒီနေ့ မိုး OFF ရက်မဟုတ်လား။ နားရမှာကို”

“ရပါတယ် ပြီးရယ်၊ တကယ်လိုနေတာ တစ်ပုလင်းလောက် အချင် သွင်းထားမှပေါ့”

တစ်ယောက်တစ်ပေါက် ပြောနေရင်း လောလောဆယ် တကယ်လည်းလိုနေတာမို့ မိုးကို သွေးဖောက်ရန်ပြင်ကြရတော့၏။ ကုတင်ထက်လှဲကာ သွေးထုတ်ယူနေစဉ် သွေးလှူရှင်နှစ်ဦး ရပ်ပြီဟူသည့်သတင်းကို ဝမ်းသာဖွယ်ကြားရလေသည်။ အခုတစ်ပုလင်းသွင်းပြီး ခွဲခန်းထဲဝင်ရမှာမို့ အလုပ်တွေ ရှုပ်ကုန်ကြတာပင်။

လက်ဖျံမှာ စိုက်ထားသည့်အပ်ကို ဆွဲနှုတ်စဉ် မျက်နှာရှုံ့သွားရပါ၏။ အားနည်းနေသည့်လူမမာတွေဆို အဘယ်မျှ နာကျင်ရမလဲဟု ကိုယ်ချင်းစာစိတ်ဖြစ်မိလေသည်။ အပ်ပေါက်ရာကို ဂွမ်းပိတ်ကာ Tape ဖြင့် ကပ်ထားလိုက်ပါ၏။ တအောင့်နားရမည်မှန်း သိပေမယ့် အနားမနေတတ်တာမို့ ကုတင်မှဆင်းလိုက်မိပါသည်။

Corridor မှ ခပ်ဖြည်းဖြည်းလျှောက်ခဲ့စဉ် ဓာတ်လှေကားစီ တွန်းပို့သွားသည့်လူနာကို လှမ်းမြင်လိုက်ရလေ၏။ ထရော်လီလာတာကို ဘေးသို့ကပ်ရှောင်လိုက်ပြီး လူနာကို ဖျတ်ခနဲကြည့်လိုက်မိပါသည်။

ဘုရားရေ! ရင်ဘတ်ထဲ ဒိန်းခနဲမြည်ကာ ခြေထောက်က ကွေးခနဲ ယိုင်သွားရတော့၏။

❀ ❀ ❀



## အခန်း ( ၄ )

“ဘယ်လိုဖြစ်လာတာလဲ”

တစ်ကိုယ်လုံး မိုးရေတို့ စိုရွှဲကာ ရောက်လာသည်မို့ မျိုးက အံ့သြသွားလေ၏။ ထီးပါပါလျက် ထီးမဆောင်းဘဲ အိမ်ပြန်လာသည့်သူမကို အံ့သြပေတော့မပေါ့။ ဒီသူငယ်ချင်းက မိုးရွာတာကို နှစ်သက်လွန်းအားကြီးမှန်း သိထားတာပါလေ။ အခန်းထဲဝင်ကာ ခြင်းတောင်းကိုချထားပြီး ရေလဲလို့ခြည်နှင့်တဘက်ကို ယူလိုက်ပါသည်။

“ရေချိုးဦးမလို့လား”

“အင်း”

“မြန်မြန်လည်းလုပ်ဦးနော်”

မျိုး သတိပေးတာကို ခေါင်းသာ ညိတ်ပြလိုက်ပြီး၊ အောက်ထပ် ရေချိုးခန်းဆီ ခပ်သွက်သွက်လှမ်းလာခဲ့ပါ၏။ ခေါင်းထက်မှ ရေလောင်းချတာ မျက်ရည်တို့က တပေါက်ပေါက်ကျလာလေတော့သည်။ ဘယ်တော့မှ မေ့လို့မရခဲ့သည့်မျက်နှာတစ်ခုကို ရုတ်တရက်တွေ့လာရတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ ကြာခဲ့ပါပြီ။ ဒါပေမဲ့ မနေ့တစ်နေ့ကလို မှတ်မှတ်ရရ ရှိနေဆဲပါလေ။

"နှုတ်ခမ်းပဲ့ချင်း မီးမှုတ်လို့ မီးတောက်မျိုးမရနိုင်တာ သမီးလည်း သိမှာပါ။ အန်တီ့သားရဲ့လက်ရှိလုပ်နေတဲ့ အလုပ်အကိုင်အနေအထားက သားဘဝထက် မြင့်မားတဲ့နေရာကို ရနိုင်တယ်လေ။ လူဆိုတာ အမြင့်ကိုပဲ မျှော်ကြည့်တတ်တာ သဘာဝပါ။ အန်တီတို့သဘောကတော့ ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာခန်းမအလယ်မှာ နှစ်ဖက်မိဘအစုံအလင်နဲ့ သားကို မင်္ဂလာဆောင်ပေးချင်တာလေ"

ရင်ထဲ နင့်ခနဲဖြစ်သွားရပါသည်။ စကားတတ်လွန်းတဲ့ အမျိုးသမီးကြီးပါပဲ။ နှစ်ဖက်မိဘအစုံအလင်ဟူသည့်စကားအဓိပ္ပာယ်က မိုးရင်ကို ဆူးတစ်ချောင်းစိုက်လိုက်သည့်နှယ် နာကျင်သွားစေတာပါလေ။ မိစုံဖစုံမရှိတဲ့ မုဆိုးမသမီးရဲ့ဘဝက မျက်နှာငယ်ဖြစ်ရတယ်လို့။ ကိုယ်တိုင်လည်း ဒီဘဝမှာ ဆင်းရဲတဲ့လူတန်းစားမို့ သိပ်မကွာဟတဲ့သူ့ကိုသာ ဘဝရဲ့လက်တွဲဖော်အဖြစ် ရွေးချယ်ဖြစ်ခဲ့တာပါလေ။

မိုးနဲ့မြေတမျှ မကွာခြားတာတောင်မှ ဤသို့အပြောခံရသတဲ့လား။ တကယ်ဆို အမြင့်မှန်းတတ်ကြတာမျိုးက မိန်းမသားတွေရဲ့ လောဘစိတ်မှာပဲရှိကြတာပါ။ ကိုယ့်ဘဝကို ကိုယ်တိုင်ထူမတ်ဖို့က ဖွဲ၊ လုံ့လ၊ ဝီရိယ၊ ခွန်အား စိုက်ထုတ်ရမှာမှန်း မိုးလည်းသိပါ၏။ သို့သော် နှလုံးသားကို ပိုင်စိုးနိုင်တဲ့ ချစ်ဦးသူရဲ့ကမ်းပေးတဲ့လက်ကိုမှ ဆုပ်ကိုင်မိခဲ့တာ အမှန်ပါလေ။

"သားကို မေတ္တာစစ်နဲ့ချစ်ရိုးမှန်ရင် သမီးဘက်က အနစ်နာခံ စွန့်လွှတ်ပေးနိုင်ရမယ်မှန်း သမီးသိမှာပါ။ သမီးလည်း သချ်ာကျောင်းသူ





ပဲဟာ။ ကိန်းဂဏန်းတွေရဲ့တန်းဖိုးကို ကောင်းကောင်းကြီးတွက်တတ်တယ် မဟုတ်လား။ တစ်ကို တစ်နဲ့ပေါင်းမှသာ ပိုတန်ဖိုးရှိမှာလေ။ တစ်ကို သုညနဲ့ပေါင်းရင် ဘာများထူးခြားမှာလဲ. . . မဟုတ်ဘူးလား"

"ဒီတော့ အန်တီ့သားကို သမီးဘက်ကပဲ အလိမ္မာနည်းနဲ့ လမ်းခွဲစေချင်တယ်။ ဒီကိစ္စကို အန်တီ့ကြောင့် ပျက်ရပါတယ်ဆိုပြီး သားကိုမသိစေချင်တာ သမီးသိမှာပါနော်။ သမီးက မိခင်ရဲ့အဆုံးအမနဲ့ ကြီးပြင်းလာတဲ့ ရှာမီးအလိမ္မာလေးမှန်း အန်တီနားလည်ပါတယ်ကွယ်"

ရှိုက်သံက အတော်ကျယ်သွားရပါ၏။ မိုးသံနှင့် အဆောင်သူတွေ အိပ်မောကျနေလို့ တော်ပါသေးရဲ့။ အဆောင်မှာ နောက်ဆုံးပြန်ရောက်တတ်တာ သူမတစ်ဦးတည်းသာ ရှိတာပါလေ။ ဒီသမီးလေး မျက်နှာမသာမယာဖြစ်နေတာ၊ ကျိတ်ခံစားနေရတာ၊ ဖွင့်မပြောနိုင်ဘဲ ရင်ထဲဆို့နင့်ကြေကွဲနေတာတွေကို သိနေတဲ့မေမေက ဒေါကိုမှဖွင့်မမေးဘဲ နားလည်ပြီး ငြိမ်ခဲ့တာ အမှန်ပါပဲ။

အမေတစ်ခု သမီးတစ်ခုဘဝနဲ့ ရပ်တည်နေတာမို့ ဒီသမီးရဲ့ဝေဒနာကို မသိဘဲနေပါ့မလား။ ဖွင့်မမေးပေမယ့် သိနေသလိုပါပဲ။ ဒီလိုပဲ စိတ်နဲ့ကိုယ်မကပ်သည့်နှယ် ဖြစ်နေတဲ့သမီးကို မျက်ကွယ်ပြုပြီး မိုးဘဝထဲက ရုတ်တရက် မေမေပျောက်ကွယ်သွားရတာပါလေ။ အားငယ်ဝမ်းနည်းနေတဲ့ချစ်သူလေးကို လာရောက်နှစ်သိမ့်ပေးတဲ့ 'ကို့' မျက်နှာကို နှိုင်းခြားတွေက်ခင်လေး မြင်ခွင့်ရခဲ့တာပါ။

လမ်းခွဲစကားမပြောကြပါဘဲ ဒီလိုအနေဝေးပြီး သွေးအေးသွားတတ်ပါသလား။ ချိုတ်ဆိုတာ မီးနဲ့ဝေးနေရင် မာတဲ့အရာလို့ဆိုပေမယ့် သူမနှလုံးသားက မမာနိုင်တာကို သူမကိုယ်တိုင်ပဲ သိနေတာပါလေ။ ဒီလိုပဲ အပြန်

www.burmeseclassic.com



အလုပ် စာရေး၊ Phone ဆက်နေပါလျက်၊ အခုတော့ အဆက်အသွယ် ပြတ်တောက်ခဲ့ရတာမျိုးပါ။

"မိဘမျက်ရည်နဲ့ တည်ဆောက်တဲ့ အိမ်ထောင်မျိုးဟာ ဘယ်တော့မှ မအေးချမ်းဘူးဆိုတာကို သမီးမမေ့ပါနဲ့"

မေမေ့ရဲ့နောက်ဆုံးထွက်သက် လေသံပျော့ပျော့စကားက သူမရဲ့ နှလုံးသားကို တစ်စစီ ချေမွခဲ့သလိုပါလေ။ တစ်ဖက်က သဘောမတူမှန်း သိတာကို ပြောသွားတာကိုး။ အချစ်ကိုအချစ်လို့ပဲ ရိုးရိုးရှင်းရှင်း ဘာသာ ပြန်လို့မရဘူးလားဟင်။ ဘဝနဲ့အချစ်က သက်ဆိုင်မှုမရှိမှန်း ထိုစဉ်က သူမ ကောင်းကောင်းကြီးသိနားလည်ခဲ့ရတာပါလေ။

"ဒုန်း! ဒုန်း! . . ."

"မိုး . . . ကြာနေပြီနော်"

"ပြီးပါပြီ"

Toilet လာတက်ရင်း ရေချိုးခန်းတံခါးကိုထုကာ သတိပေးလိုက်သည့်မျိုးကို အသံပြန်ပြုလိုက်ရပါ၏။ ရေချိုးရင် မကြာတတ်တဲ့မိုးကို ယခုလိုလိုက်သတိပေးတာမျိုး တစ်ကြိမ်တစ်ခါမှ မရှိခဲ့ဖူးပါချေ။ ဒီနေ့တော့ တစ်ခုခုထူးခြားနေပြီမှန်း ရိပ်မိနေမှာပါလေ။

ရေချိုးခန်းထဲမှ တဘက်ခြုံကာ ထွက်လိုက်ရပါ၏။ ခေါင်းပတ်ဖို့ကို Towel အသေးလေးယူခဲ့တာမို့ တော်ပါသေးရဲ့။ အလုပ်အကြွေးမထားတတ်သူမို့ Uniform နှစ်စုံစလုံးကို ရေချိုးရင်း တစ်ခါတည်းလျှော်ကာ အဝတ်လှန်းသည့်နေရာမှာ အင်္ကျီကို ချိတ်ဖြင့်ချိတ်ကာ လုံချည်တို့ကိုလှန်း ထားခဲ့ပါ၏။

အခန်းတံခါးကိုဖွင့်ဝင်လိုက်စဉ် မျိုးက LapTop ဖြင့်အလုပ်လုပ်





နေရင်းမှ တစ်ချက်မော့ကြည့်လေသည်။ မိုးအေးနေတာမို့ သူငယ်ချင်းဖြစ်သူက အနွေးထည်လေးဝတ်ကာ ကုတင်ထက် စောင်ခြုံပြီး အလုပ်လုပ်နေတာပါလေ။ ဝတ်မည့်အဝတ်ကို ဗီရိုထဲမှအရင်ထုတ်ကာ အဝတ်လဲလိုက်ပါ၏။ ပြီးမှ ရေချိုးအဝတ်လျှော်ထားသည့် ရေစိုဆံပင်တို့ကို ဖြည်ချလိုက်သည်။ သူမက ဆံပင်ကို Dyrer မှုတ်တာကို မကြိုက်တာမို့ ခေါင်းခြောက်အောင် သုတ်တာကို အချိန်ပေးရတာပါလေ။

"မိုးချုပ်မှ ခေါင်းလျှော်ရလား"

"မိုးရေစိုကုန်လို့ပါ"

"ဒီနေ့ ဘာများဖြစ်လာသလဲ"

မျိုးကိုကျောပေးကာ ဗီရိုမှန်ကြည့်ရင်း ဆံပင်ကိုသာ အာရုံစိုက်ပြီး သုတ်နေမိ၏။ ထင်ထားသည့်အတိုင်း မေးကိုမေးပြီလေ။ ဟန်မဆောင်တတ်သည့်သူမအကျင့်ကို ဒီသူငယ်ချင်းလေးက အကုန်အစင်သိထားပြီးသားကိုး။ ဆံပင်သိပ်မခြောက်သေးတာမို့ နောက်ထပ် Towel အသစ်တစ်ထည် ဗီရိုထဲမှယူကာ ဗီရိုကိုပြန်ပိတ်လိုက်ပါ၏။

"ဒီနေ့ မိုးတို့ဆေးရုံကို ဒုဆေးရုံအုပ် ရောက်တယ်"

"အင်း"

စကားဆက်ဖြေစေချင်သလိုမို့ မျိုးကိုလှည့်ကြည့်လိုက်ပါ၏။ မျိုးပပ Computer ဖြင့်အလုပ်လုပ်တာပြီးပြီမို့ LabTop ကို Shut down ချကာ ပိတ်လိုက်လေသည်။ သူမပြောတာကို အမြဲစိတ်ဝင်တစား နားထောင်တတ်တာ မဟုတ်ပါလား။

"တော်တော်မှချောရဲ့လား"

စနောက်ချင်သလိုကြည့်လိုက်ပေမယ့် သူမမျက်နှာမှာ အပြုံးယဲ့



www.burmeseclassic.com

www.burmeseclassic.com



မျှတောင် ရှိမနေတာမို့ ပါးစပ်အမြန်ပိတ်လိုက်လေသည်။ ဆံပင်တွေကို ဘီးကျဲဖြင့် အသာဖွဖွဖြီးရင်း မျက်နှာချင်းဆိုင်ကုတင်ထက် လာထိုင်လိုက်ပါ၏။ မျိုးက ဖက်လုံးကိုယူကာ ပေါင်ပေါ်တင်ထားလိုက်လေသည်။

"ချောမချောတော့ မသိဘူး။ မိုးပဲ အကောခံလိုက်ရတယ်"

"ဘယ်လို"

"ဒီနေ့မှဖြစ်ချင်တော့ မိုးက Special room တွေကို နောက်မှဝင်မိတာလေ။ နော်အဲလာ Duty ကို အရင်ဝင်လိုက်မိတာကိုး"

သက်မကို ခပ်ရှည်ရှည်ချလိုက်တာမို့ သူမ အဘယ်မျှ ရင်မောနေရမှန်း မျိုးလည်းသိမှာပါလေ။ မေမေနဲ့အတူနေခဲ့တဲ့အိမ်လေးကို ရောင်းခဲ့ပြီး ရှိတဲ့ငွေကို ဘဏ်ထဲအပ်ထားတာ ကြာခဲ့ပါပြီ။ မိန်းကလေးတစ်ယောက်တည်းနေရင် မလုံခြုံမှန်းသိတာမို့ ကျောင်းအတူတက်ခဲ့တဲ့မိုးကို အဆောင်မှာ အတူတူနေခဲ့တာပါ။

လစဉ်ရသမျှလခကို ခြိုးခြံချွေတာပြီး စုသင့်သလောက် စုနေတာပါပဲ။ အဆင်ပြေတဲ့တစ်နေ့တော့ တိုက်ခန်းလေးတစ်ခန်းလောက် ဝယ်ပြီးနေနိုင်အောင် ကြိုးစားနေတာပါ။ အလုပ်မှာပျော်ရွှင်ရသလို နေ့စဉ်လုပ်နေပေမယ့် အခုလိုစိတ်ဆင်းရဲစရာတို့က တစ်ရက်တည်းမှာ စုပြုံပြီး သူမထံ ရောက်လာလိမ့်မည်ဟု ထင်မှတ်မထားတာလေ။

မိုးရန့်ရဲ့ကံကြမ္မာက ဆိုးကိုဆိုးတာပါပဲလားနော်။

"ဒုဆေးရုံအုပ်ဆိုတော့ အသက်(၄၀)ကျော်လောက်ရှိမလား"

"ဟင့်အင်း. . . ငယ်ပါတယ်၊ (၃၀)တောင် ကျော်ပဲ့မလားမသိဘူး"

"နင်နဲ့ဘယ်လိုဖြစ်ပြီး အဆင်မပြေဖြစ်ရတာလဲမသိဘူး. . . နင့်အကြောင်းကို တစ်ဆေးရုံလုံး သိကြတာကိုများ"





"ဒီလိုပဲ အခန့်မသင့်လို့ထင်တာပါပဲ မျိုးရယ်"

"ခြင်းတောင်းထဲမှာ နို့အေးပုလင်းတွေလို့ ငါ ရေခဲသေတ္တာထဲထည့်ပေးထားတယ်"

"အင်း"

ဆံပင်ဖားလျားဖြင့်မနေတတ်သူမို့ ဆံပင်တို့ကို ဘီးဖြင့်ပတ်သိမ်းလိုက်ပါ၏။ မဖြစ်သေးပါဘူး. . . အိပ်ခါနီး ပြန်ဖြည်ရမည့်အတူတူ ပြန်ဖြည်ချလိုက်ရပါသည်။ မှန်တင်ခုံအံဆွဲထဲမှ ခေါင်းစည်းကြိုးတစ်ခုယူကာ ဖြစ်သလိုစည်းထားလိုက်မိ၏။ ခြင်းတောင်းထဲမှဆေးထုပ်ကို သွားယူလိုက်မှုဖြင့် မျိုးက မျက်မှောင်ကြုတ်သွားလေသည်။

"ဘာလဲ. . . ဆေးတွေလား"

"ဟုတ်တယ်"

"နို့အေးဘူးရော ဆေးရောဆိုတော့ နင် သွေးလှူလာတာများလားမိုး"

"အင်း"

"ဟဲ့! ဒီလောက် နေ့စဉ်ရက်ဆက် အလုပ်ဆင်းနေရတာ ပင်ပန်းနေတာကို ဘာလို့လှူရတာလဲ။ ကျစ်. . . နင်နဲ့တော့ ခက်ပါတယ်"

"အရေးကြီးလူနာ ဖြစ်နေလို့ပါဟယ်"

"လူနာမှန်သမျှ အရေးကြီးတာ ဆန်းသလား။ နင်ဖြစ်တော့ ဘယ်သူက လာလှူမှာမို့လို့လဲ"

ကရုဏာဒေါသောနှင့်ပြောမှန်း သိပါ၏။ ဆရာဝန်တွေ၊ သူနာပြုတွေဆိုတာ ပေးဆပ်တဲ့လူတွေမှန်းသိသိကြီးနဲ့ သူမကိုချစ်ခင် သံယောဇဉ်တွယ်တဲ့သူငယ်ချင်းမို့ စိုးရိမ်စိတ်နဲ့ ပြောတာပါပဲ။ မပြောဘူးလို့ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ထားသော်ငြား မြို့သိပ်ထားခြင်းက ရင်ကို ပိုရှုပ်ထွေးလောင်စေတာ မဟု
ပါလား။ အိပ်ခါနီး Coffee ဖျော်သောက်မိဖြင့်လိုက်သည့် သူငယ်ချင်း
တားလိုက်ရပါ၏။

"မသောက်နဲ့တော့လေ၊ မျက်စိကြောင်ပြီး အိပ်မရဖြစ်နေဦးမယ်

"ဟုတ်သားပဲ၊ မိုးအေးတာမို့ နွေးအောင်သောက်မလားလို့ပါ။
ရိုးရေနွေးပဲ သောက်ပါတော့မယ်"

"မိုး. . . ဒီနေ့သွေးလှူခဲ့တာ သူ့အမေကို"

"ဘာရယ်"

"ဒေါ်ထားထားဆွေ၊ သားအိမ်လာခဲ့တာလေ"

"ဒေါ်ထားထားဆွေ"

"အင်း"

"အဲဒါ မှူးအမေပေါ့၊ ဟုတ်လား"

နှစ်ဦးသား အသံတိတ်သွားရပါ၏။ မှန်ပြတင်းမှတစ်ဆင့် အပြ
ကို ခပ်ငေးငေးကြည့်နေမိသည်။ မိုးတို့က အငြိုးတကြီးဖြင့် ရွာသည့်န
တဝုန်းဝုန်းဖြင့် ရွာနေတာပါပဲလား။ သူမရဲ့ရင်ဘတ်ထဲ နာကျင်တဲ့ဝေဒ
ကို သိနေသလိုပါလေ။ ကြာတော့ ကြာခဲ့ပါပြီ။ သို့သော် မိုးရန့်ရဲ့ရင်
မှာတော့ အစဉ်အမြဲ သစ်လွင်ဆန်းသစ်တဲ့ ရင်ခုန်ခြင်းတွေ ဖြစ်တည်တ
ဆိုတာကို 'ကို'ဆိုတဲ့ 'အိမ့်မှူးကျော်'တစ်ယောက် သိပါလေစကွယ်။



## အခန်း (၅)

ရယ်သံတွေ အတော်ကျယ်သွားပါ၏။ အသင်ပြကောင်းသည့်ဆရာ
မို့ ဒီအချိန်ဆို အတန်းထဲမှာ လူအပြည့်ပါပဲ။ သူမတို့ယူတဲ့ Major က
Science မို့ တစ်ပတ်ခြား နှစ်ရက် ကျောင်းတက်ရပြီး Pratical ပါ
လုပ်ရပါ၏။ ကျန်ကြားရက်တွေမှာ Nurse သင်တန်းတက်နေရတာမို့
သူမကျက်ရသည့်စာတွေက အတော့်ကို များလွန်းတာပါလေ။

"ကဲ! ဒီလောက်ပါပဲ၊ Tutorial လည်း မှန်၊ Class လည်းမှန်ရင်
Pratical အမှတ်ပါ အားလုံးပေါင်းပြီး ဆရာ့တပည့်တွေ ကောင်းကောင်း
အောင်ပါတယ်"

ဆရာ အတန်းထဲမှထွက်သွားစဉ် မတ်တပ်ရပ်၍ နှုတ်ဆက်လိုက်
ကြပါ၏။ ဒါပြီးရင် Minor ဘာသာ English မို့ မတက်ချင်သူတွေက
အတန်းထဲမှ ထွက်ကုန်ကြလေသည်။ Grammar သင်ရတာမို့ သူမတို့
အုပ်စုက မထွက်ဘဲ ဘာသာစုံအတန်းတက်ကြပါ၏။

"မိုး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"နင်သတိထားမိလား"

"ဘာကိုလဲ"

"နင့်ကိုစောင့်ကြည့်နေတဲ့လူ ရှိနေပြီ"

"ဟုတ်လား. . . ဘယ်မှာလဲ"

မျိုး စသည်ထင်လိုက်ပြီး အပြင်ကိုရှာဟန်ဖြင့် လည်ဆန့်စောင်းကြည့်လိုက်စဉ် ပေါင်ကိုဆွဲဆိတ်ခြင်းခံလိုက်ရလေ၏။ ဘေးမှ ဇာဇာပါ တခိခိဖြင့် ကျိတ်ရယ်နေတော့တာပါ။ ဘဝသမားတွေချည်းပဲမို့ အပျော်ချစ်သူရှာဖို့ စိတ်မကူးဘဲ ခပ်အေးအေးနေတတ်ကြသည့်အုပ်စုပါလေ။

"နင်နော်"

"ဘာလဲ မျိုးရယ်၊ ငါရှာကြည့်တာပဲကို"

"ငါပြောတာ နင်မယုံဘူးမဟုတ်လား. . . မိန်းမ။ ငါက စေတနာနဲ့ပြောတာကို အရေးမလုပ်ချင်ဘူး။ တကယ်ပဲ"

မျက်စောင်းခဲလိုက်သည့်မျိုးကြောင့် သူမပြုံးလိုက်မိပါ၏။ အဆောင်နေပြီး သင်တန်းတွေတက်ရသလို အဝေးသင်ပါ တစ်ဖက်တက်နေရတဲ့ ကျောင်းသူတွေမို့ ချစ်သူရှာဖို့ စိတ်မကူးကြဘဲ ပျော်ပျော်သာနေခဲ့ကြတာပါ။ လာရပ်ကြည့်ကြတာမျိုး မကြားတကြားစနောက်ပြီး နောက် တကောက်ကောက်လိုက်တတ်တဲ့သူတွေလည်း ရှိကြပါ၏။

ကိုယ့်ကို ဘာကယ်လည်းမချစ်ပါဘဲ ဒီလိုမျိုး စိတ်အဆာပြေရုံ ပေါ့ပေါ့လေးပြောလာတဲ့ 'ချစ်တယ်' ဆိုတဲ့သကာစကားကို သူမ နည်းနည်းလေးမှ မယုံနိုင်ပါချေ။ ရင်ခုန်တမ်း ကစားတတ်ကြတာက မိဘပိုက်ဆံကိုဖြုန်းတီးပြီး အပျော်ရှာကြတဲ့ သူဌေးသားသမီးမျိုးတွေမှာသာ ရှိတတ်ကြတာပါ။





ဒီလိုကျောင်းသားမျိုးက Day တက်တဲ့လူတွေကြားမှာပဲ ရှိတာလေ။

အခုလို Science သမားတွေဖြစ်တဲ့ သူမတို့ရဲ့ တစ်ပတ်ခြား Class တက်၊ Tutorial ဖြေ၊ Pratical လုပ်နဲ့ အသည်းအသန်လှုပ်ရှားနေကြရတဲ့ အဝေးသင်ကျောင်းသားကျောင်းသူတွေကြားမှာ ဖြစ်နိုင်ပါ့မလား။ လျှာအယားပြေရုံပြောတာကို ရင်ခုန်မိရအောင် ဦးနှောက်မရှိတဲ့လူမှမဟုတ်တာဘဲ။

"ဟယ်! အဟုတ်ပဲတော့်"

ဇာဇာက အသည်းယားသွားရတယ်ထင့်။ လွတ်ခနဲ ရေရွတ်လိုက်သလို သူမလက်မောင်းကိုပါ တဖတ်ဖတ်ရိုက်လိုက်တာမို့ အံ့သြသွားရလေ၏။ ဇာဇာက ဤသို့ယောင်တတ်သည့်သူပါပဲ။ တစ်ခုခုကို အထိတ်တလန့်ဖြစ်တာနဲ့ နီးစပ်ရာလူကို တဖျတ်ဖျတ်ရိုက်တော့တာလေ။

"အား. . . နာလိုက်တာ ဇာရယ်၊ ဘယ်လိုဖြစ်နေတာလဲ"

"မိုးကိုစိုက်ကြည့်နေတာ တကယ်ဟဲ့"

"ရှိုးမနေနဲ့၊ ဟိုတစ်ပတ်က အိမ်စာပေးတဲ့ Gremma တွေ လုပ်လာရဲ့လား"

"လုပ်လာပါတယ်ဟဲ့၊ ဆရာမက စစ်ပေးမှာမှ မဟုတ်တာကို။ အထက်တန်းမှမဟုတ်တာ"

"ဘာဖြစ်လဲ. . . Teacher နားချိန်ကိုမေးပြီး သွားပြလည်းဖြစ်တာပဲဟာ"

"ဟယ်! ပြုံးတယ်တော့်"

"ခေ့ာ်. . . ဘယ်လိုဖြစ်နေကြတာလဲ"

နှစ်ယောက်ကြားမှာ ထိုင်နေရတာမို့ ဒင်းတို့ ပွစိပွစိရေရွတ်သံမျ



www.burmeseclassic.com

www.burmeseclassic.com



ကြားနေရတာပါ။ ဟိုတက်ခြမ်းကိုလှည့်ကြည့်လိုက်၊ တခွိခွိကျိတ်ရယ်လိုက် လုပ်နေတာမို့ သူမ စိတ်တိုလာရတော့၏။ ဒီနှစ်ယောက် ဘယ်လိုဖြစ်နေပါလိမ့်နော်။

"တကယ်ပြောတာ မိုးရဲ့၊ ဟိုတက်ခြမ်း ဒုတိယခုံထောင့်က ကောင်လေး"

"မကြည့်နဲ့နော်. . . မကြည့်လိုက်နဲ့ နင်မကြည့်လို့ သူငေးရဲ့တာဟ"

"ငါရှုံးတော့မှာပဲ"

ရယ်လိုက်မိကြ၏။ တစ်ယောက်တစ်မျိုးပြောနေတာမို့ ကြားလူက ဘာလုပ်ရမှန်းမသိဖြစ်ရတာလေ။ တစ်ယောက်လက်ကို တစ်ယောက်လှမ်းရိုက်နေတာမို့ သူမရှေ့မှာ ရှုပ်ယှက်ခတ်နေတာပါ။ ပြဿနာပဲ. . . ဒီနှစ်ယောက်ကို ဘယ်လိုထိန်းရပါ့။

"ချောတယ်ဟ"

ပြိုင်တူပြောလိုက်မိတာမို့ ရယ်ကြပြန်လေ၏။ ရှူးပါ့နော်၊ ဟိုက ဘယ်သူ့ကိုငေးလို့ငေးနေမှန်းမသိဘဲ သူမကိုကြည့်တာပါဟု အသေအချာ စွဲမှတ်ကာ သဘောကျနေတော့တာလေ။ ကလေးတွေလည်း မဟုတ်ပါဘဲ ပျော်နေကြတော့တာပါလား။

"မိုး"

"ပြော"

"နင်ပြန်ကြိုက်မှာလား"

"ဘာကြီးလဲ"

"အဲဒီကောင်လေးကိုလေ"

"သေလိုက်"





"အဟုတ်ပြောတာဟဲ့၊ ငါတော့ သဘောတူတယ်။ နင်နဲ့ဆို စိန်နဲ့မြပဲ"

"ရွှေနဲ့မြ လုပ်စမ်းပါဟယ်"

"စိန်နဲ့မှ ပိုလိုက်ဖက်တာဟဲ့။ မရဘူး. . . စိန်နဲ့မြပဲ"

ကျိတ်ရယ်ကြပြန်၏။ မှန်ဆီကြော်က ဘယ်နေမှန်းမသိ၊ စိတ်ကူးကယဉ်တတ်ကြပါ့။ သူမက မျိုးနှင့်ဇာဇာပြောတာကို စိတ်မဝင်စားဘဲ Copy စာအုပ်မှာ ဘောပင်ဖြင့် ဂရစိုက်ပြီး တားနေမိ၏။ ဒီနှစ်ယောက်ကြားထိုင်ရတာ စိတ်ကျဉ်းကျပ်ရပါလားနော်။

"မိုး"

'ဟယ်. . . ဘယ်လိုဖြစ်နေကြတာလဲ၊ စိတ်ညစ်လာပြီနော်"

"Sorry!... Sorry!... ကောင်လေးက ခပ်မိမိလေးမို့ပါဟယ်"

"နင့်လူကြီးကို ပြန်တိုင်လိုက်ရမလား"

"အဲလိုမလုပ်နဲ့လေ၊ သူက သပ်သပ်ပဲကို"

ဇာဇာက ချစ်သူရှိပြီးသားမို့ ဖက်ပုသွားပါ၏။ အပြင်မှာ လာလာရပ်ကြတဲ့လူတွေကိုပဲ သတိထားမိသလိုဖြစ်တာ အခုလို တစ်တန်းတည်းတက်တဲ့လူတွေထဲမှာ ရှိရတယ်လို့၊ စာကိုပဲ အပြေးအလွှားသင်နေရတဲ့ကြားက ဘယ်လိုဖြစ်ပြီး ဖာတ်လမ်းရှာချင်ရတာပါလိမ့်။

"Teacher လည်ချောင်းနာနေလို့ စာမရှင်းနိုင်ဘူး"

ဆရာမ ဝင်လာတာမို့ အားလုံးထရပ်၍ ကြိုလိုက်ကြပါ၏။ နောက်နေ့မှ စာရှင်းပြမည်ဆိုကာ တစ်ယောက်ယောက်ကို စာထွက်ရေးပေးခိုင်းလေသည်။ နေမကောင်းပုံဖြင့် လည်ပင်းမှာ မာဖလာလှလှလေး ချည်ထားသည့်ဆရာမသည် တစ်မျိုးလေး ကျက်သရေရှိနေပြန်တာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့! အဲဒီတစ်ယောက်ပဲ"

"Teacher ဘာဖြစ်တာလဲဟင်"

"Tonsil သမီးရဲ့၊ ဆေးခန်းပြတာလည်း မသက်သာဘူး"

"အာသီးရောင်တာ ကုလို့လွယ်ပါတယ် Teacher ရဲ့၊ နွားနို့ဖြစ်ဖြစ် ဆိတ်နို့ဖြစ်ဖြစ် အစိမ်းသောက်ရတယ်"

"ညီမှာပေါ့"

"အဲဒီလိုမှမဟုတ်ရင် Teacher အိမ်မှာ သဘောသပင်စိုက်သလား"

"အင်း. . . ရှိတယ်"

"အဲဒါဆို အသီးကင်းလေးချူပြီး. . . ရေမဆေးဘဲ စားလိုက်ပါ Teacher... ခဏနဲ့ ပျောက်သွားပါ့မယ်"

"ဟုတ်လား။ အဲဒါဆိုလွယ်တာပေါ့၊ လုပ်ကြည့်လိုက်မယ်လေ။ Thanks... သမီးရယ်"

မျိုးပြောလိုက်တာကို မကြားဘဲ၊ Teacher နှင့်စကားပြောကာ borad ပေါ်မှစာတို့ကို လိုက်ကူးနေမိ၏။ လက်ရေးလေးတွေက သေသေသပ်သပ်နှင့်လှပနေတာပါ။ လက်ရေးဆက်ရေးတာတောင် (n) နှင့် (r) ကို ပီပီသသခွဲလို့ရပါ၏။ ယောကျ်ားလေးဖြစ်ပြီး ဒီလောက်တောင် လက်ရေးလှရတယ်လို့၊ မနာလိုလိုက်တာနော်။

"မိုးတို့ အိမ်စာတွေလုပ်ခဲ့ပါတယ် Teacher"

"ဒါဆိုပေးလိုက်လေ၊ Teacher နားနေခန်းမှာ စစ်ပေးမယ်၊ ဟုတ်ပြီလား။ စာလုပ်လာသူတွေ စုပြီးထပ်လိုက်လေ"

"ဟုတ်ကဲ့ပါ Teacher."

နောက်တန်းတွေကိုပါ သတင်းလှည့်ပေးလိုက်ကြပါ၏။ သူမတို့အုပ်စုက Notes နှင့် Exercise ကို သပ်သပ်စီထားတာမို့ ပြဿနာမရှိပါချေ။ စာစာတို့နှုတ်မှ 'လက်ကိုဖြတ်ယူချင်တယ်' ဟု တီးတိုးရေရွတ်သံကြောင့် ဟိုကောင်လေး လက်ရေးလှတာကို မနာလိုကြမှန်း သိလိုက်ရလေသည်။

စာအုပ်ထပ်ရတာထက် လော့လောဆယ် စာအမြန်လိုက်ကူးတာက ပိုအရေးကြီးတာမဟုတ်လား။ သူက လက်ရေးလည်းလှသလို ရေးတာလည်း အတော့်ကိုမြန်လွန်းတာပါလေ။ ဘယ်တုန်းကတည်းက လေ့ကျင့်ထားတာပါလိမ့်နော်။ သူမတို့ဆို မျဉ်းကြောင်းမရှိရင် စာကြောင်းက မဖြောင့်တော့ဘဲ ကွေ့ကောက်အောင်ရေးပေမယ့် သူကဖြင့် တန်းနေအောင် ရေးတာမှ ကျွမ်းကျင်လိုက်တာ မပြောပါနဲ့တော့။

"သမီးနာမည် ဘယ်သူ"

"မိုးရန့်ပါ Teacher"

"ဒါဆို သမီးစာအုပ် သူ့ကိုငှားပေးလိုက်နော်၊ Teacher က Class ဝင်စရာရှိသေးလို့ပါ"

"ရှင်! ဟုတ်ကဲ့ပါ Teacher"

သရာမ အတန်းထဲမှထွက်စဉ် စာအုပ်တွေတစ်ထပ်ကြီးမို့ စောစောက Stage ပေါ်စာတက်ရေးသည့် ကျောင်းသားပင် နားနေခန်းသို့ လိုက်ပို့ပေးလေသည်။ ထမင်းစားချိန်နားပြီးရင် Physics ချိန်ဖြစ်ပြီး လက်တွေ့ခန်းဝင်ရတော့မှာလေ။ အတန်းဆင်းပြီမို့ ကျောင်းသူကျောင်းသားတွေ အခန်းထဲမှထွက်ကုန်ကြပြီ။ ထမင်းချိုင့်ယူသည့်သူမတို့အုပ်စုပင် အခန်းထဲ ကျန်ရစ်ခဲ့ရပါ၏။

"ရုပ်နဲ့လက်ရေးနဲ့ တစ်ထပ်တည်းပဲ"

"ဘယ်သူလဲ"







www.burmeseclassic.com

www.burmeseclassic.com



"ခုနက တစ်ယောက်ကိုပြောတာလေ"

"သြော်"

"ဘာသြော်လဲ၊ အဲဒါ နင့်ကိုငေးတဲ့တစ်ယောက်ပဲဟဲ့"

"ဟုတ်လို့လားဟယ်၊ ပေါက်ကရတွေ"

တကယ်ပြောလို့ ပြောမှန်းကိုမသိဘူး၊ နင်ဟာလေ၊ အသည်းကိုယားအောင်လုပ်တယ်"

"နေရင်းထိုင်ရင်း အမူက ပတ်ချင်ပြန်ပြီ"

ထမင်းချိုင့်တွေ ဖွင့်ခုနပြီမို့ ထမင်းစားရန်ပြင်လိုက်ပါသည်။ သူမက ထမင်းစားလျှင် ရေသောက်တတ်လေ့ကျင့်ရှိတာမို့ ရေသန့်ဘူးဝယ်ရန် ထရပ်လိုက်ပါ၏။ အစွန်ဆုံးမှာထိုင်တာမို့ Corridor ထောင့်ချိုးမှာ ရေဘူးရောင်းသည့်နေရာကို သွားရန်လှမ်းတာကိုး။

"မိုးရန့်ဆိုတာ"

"အမယ်လေး!"

ဖြုန်းခနဲရောက်လာသည့် လူငယ်လေးတစ်ယောက်ကြောင့် လန့်သွားရပါ၏။ သူမကို စူးခနဲစိုက်ကြည့်လိုက်သည့်မျက်ဝန်းညိုတို့ကို ငေး၍ကြည့်နေမိလေသည်။ ယောကျာ်းလေးဖြစ်ပြီး ဒီလိုမျက်ဝန်းစိုစိုလေးတွေရှိနေရတယ်လို့၊ မနာလိုချင်စရာကောင်းလိုက်တာနော်။ တစ်ခုခုပြောလိုက်သလို ပွင့်သွားသည့် မထူမပါးနှုတ်ခမ်းများမှ ဘာတွေပြောလိုက်မှန်းပင် သူမ မမှတ်မိ။ ကျိုတ်ပြုံးလိုက်သည့်အပြုံးကို မြင်လိုက်ရစဉ် သူမမျက်နှာ ရဲခနဲဖြစ်ကာ ပူသွားရလေသည်။ ရှက်စရာကြီးပါပဲလားနော်။

✿✿✿



## အခန်း ( ၆ )

အရိုးစင်းဆုံးဆိုမှ တကယ့်ကို အရိုးရှင်းဆုံးအဖြစ်ပါပဲ။ ဘာမှကိုပြောလိုက်သည့်အချိန်အတိုင်းအတာလေးမှာ သူနှင့်သူမ ရင်းနှီးသွားစရာအကြောင်းမှ မရှိနိုင်တာလေ။ သို့သော် အချစ်ဆိုတာကလည်း ဆန်းကြယ်သား။ တစ်ရက်တာ တွေ့ဆုံခွင့်ရသည့်မျက်နှာ၊ ခဏတာဆုံခွင့်ရသည့်အကြည့်များ တဒင်္ဂမြင်ခွင့်ရသည့်အပြုံးတို့က သူမ၏စိတ်အစဉ်ကို လွှမ်းချုပ်ကိုင်သလိုဖြစ်စေခဲ့တာ အမှန်ပါ။

"ဘာပြောလိုက်တယ်"

"ပန်းထိမ်ဆရာတဲ့"

"ဘာလဲ၊ ငါမှနားမလည်တာ"

"ကျစ်! ဆွဲကြိုးတွေ လက်စွပ်တွေ နားကပ်တွေကို ရွှေနဲ့လုပ်ရတဲ့ ပန်းထိမ်ဆရာတဲ့။ သိပြီလား"

"ဟုတ်လား. . . ဒါဆို ထောမှာပေါ့"

"လာပြန်ပြီ ဒီစကား"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘေးကနေ ဝေဖန်မှုအမျိုးမျိုးလုပ်နေကြသည့် သူငယ်ချင်းနှစ်ဦးကြောင့် သက်မကို ကျိတ်ရိုက်လိုက်မိလေ၏။ အမေတစ်ခုသားတစ်ခုနှင့် အမေတစ်ခု သမီးတစ်ခု ဘဝတူတွေဖြစ်ပေမယ့် လူနှစ်ဦးပေါင်းဖက်ဖို့က ဖြစ်ပါ့မလား။ တူနှစ်ကိုယ်နဲ့ တိုင်းပြည်တစ်ခုတည်ဆောက်နိုင်တာမှ မဟုတ်တာလေ။

ဘဝနှစ်ခုကို တစ်ခုတည်းဖြစ်ဖို့ဆိုတာ နှစ်ဖက်မိဘအပါအဝင် သွေးမျိုးကိုယ့်သွေးမျိုးတို့ကိုကအစ တစ်စုတစ်စည်းတည်းဖြစ်အောင် ပေါင်းပေးကြရမှန်း သူမ သိနေပါ၏။ ယောက်ျားလေးတွေအတွက် အချစ်ဆိုတာ ရင်ခုန်ဖို့သက်သက်ဖြစ်ကောင်းဖြစ်နိုင်သော်ငြား မိုးတို့လိုမိန်းမသားတွေ အတွက်ကဖြင့် အဲဒီအချစ်ဆိုတာရဲ့နောက်မှ ဘဝက အလိုလိုကပ်ပါလာပြီးသားပါလေ။

ဒီလိုတွဲရုံနဲ့ပြီးသွားတာမျိုးမှ မဟုတ်ဘဲ။ နှလုံးသားကို ပုံအပ်မိတာနဲ့ နောက်ဆက်တွဲတွေက ပါလာတော့မှာကိုး။ အောက်ခြေကလူမို့ အမြင့်ကို မျှော်မှန်းကောင်း မျှော်မှန်းမိသော်ငြား ကိုယ့်ခွန်အားနှင့်ဆောင်ရွက်ပြီး အောင်မြင်နိုင်မယ့် မျှော်လင့်ချက်ကလွဲပြီး ဘာကိုမှ မရည်ရွယ်ခဲ့ပါ။ ငါးဆယ်တန်ငွေစက္ကူဆိုတာ ငါးဆယ်နဲ့တန်သည့်မှန်မျိုးကိုပဲ ဝယ်လို့ရမှန်းကလေးတောင် သိနေတာပါလေ။

ဒီတော့ သူမလို အဝေးသင်ကျောင်းသူ သူနာပြုသင်တန်းသူလေးက ကိုယ်နဲ့တူတူတန်တန်အမျိုးသားနှင့်သာ ရေစက်ဆုံစရာသာ ရှိတာပါ။ တိုက်တွေ ကားတွေ ခြံတွေ မြေတွေ ရွှေတွေ ငွေတွေ စိန်တွေ မြတွေ ဆိုပြီး မက်မောရည်ရူးနိုင်တာမှမဟုတ်ဘဲ။ ဘဝကို တူယှဉ်ရုန်းကန်လှုပ်ရှားနိုင်မယ့်လူကိုသာ သူမ ရွေးချယ်သင့်တာအမှန်ပါ။





"ဟဲ့! ဘာငူငိုင်နေတာလဲ"

"ဘာလဲ"

"ဒီမှာ နင့်ချစ်ချစ် မုန့်တွေ လာတင်သွားတာ မမြင်ဘဲ၊ ဘာစဉ်းစားနေတာလဲ မိုးရယ်"

"ဟင်! "

အတွေးတွေ ပျံ့ချင်တိုင်းပျံ့နေတာမို့ အလန့်တကြားဖြစ်သွားရပါသည်။ ဟုတ်ပါရဲ့၊ စားပွဲထက်မှာ Plastic အိတ်ဖြင့် လျှာတင်သွားသည့် မုန့်တွေမှ တစ်ပြုံကြီးပါ။ ထမင်းကိုသာ အားထားစားပြီး မုန့်စားလေ့မရှိတဲ့ သူမအကြောင်းကို တကယ်ပဲ မသိလေရော့သလား။

"ဘယ်တုန်းက လာထားသွားတာလဲ"

"စောစောလေးကပဲ"

"ပြန်ပေးလိုက်လေ၊ ရှုပ်ရှုပ်ယှက်ယှက်"

"ပေးစရာလား။ ဟိုက စားစေချင်လို့ စေတနာနဲ့လာပေးသွားတာကို"

"အေးလေ. . . စေတနာနဲ့ကျွေးရင် သေဆေးတောင် သောက်ရသေးတာ။ စားမှာပဲ"

"မစားပါနဲ့ဆိုနေမှ၊ ဇာ. . . ဟဲ့. . . မျိုး"

ဘယ်သူ့ကိုမှ တားမရပါလေ။ မုန့်တရစပ်စားလေ့ရှိတဲ့ သူငယ်ချင်းတွေကိုး။ စိတ်ရှုပ်စွာဖြင့် သူ့ထံ ဖျတ်ခနဲအကြည့်ရောက်သွားမိစဉ် သူက ဗလာစာအုပ်ကို ထောင်ပြလိုက်လေ၏။ ဘာသဘောပါလဲ၊ ဘာကိုဆိုလို့တာပါလိမ့်နော်။ စိတ်ထဲ ထင့်ခနဲဖြစ်သွားပြီး ရုတ်တရက် သတိရသွားတာ English Note book ကို ဖွင့်ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



စာလုံးအမှားတွေ ပြင်ပေးထားတာကလွဲပြီး ဘာမှထူးခြားခြင်းမတွေ့ ရပါ။ မဟုတ်သေးပါဘူး၊ ဘာမှမရေးဘဲနဲ့တော့ ဒီလို သူပြစရာမရှိတာလေ စာအုပ်အနောက်ဘက်ကိုကြည့်မိစဉ် သူမရင်ထိတ်သွားရပါသည်။ ကြည့် ပါဦး. . . ခဲနက်နက်လေးဖြင့် ရေးထားသည့်စာကြောင်းလေးက ဝိုင်းစက် လှပလွန်းနေတာပါလေ။

> မိုး...
>
> အရိပ်လေးပဲဖြစ်ပါရစေ...
>
> ဖြစ်ခွင့်ပေးပါနော်....
>
> အိမ့်မှူးကျော်

ဘုရားရေ! ဘာသဘောများပါလိမ့်။ လူတကာ ထည့်လဲသုံးတတ် ကြတဲ့ 'အချစ်' ဆိုသည့်စကားလုံးကို မသုံးဘဲ ရေးထားသည့်စာကြောင် တို့က သူမရင်ကို တဒိတ်ဒိတ် အခုန်မြန်လာစေတာပါလေ။ 'အရိပ်လေး တဲ့။ မိုးရဲ့အရိပ်လေးဖြစ်ချင်တယ်တဲ့လား။ ဘာစကားမှ ကပ်မပြောပါဘဲ ခပ်လှမ်းလှမ်းအကွာက ပါလာတတ်သည့်ခြေသံကို သူမ အလွတ်ရနေတာ တာ ဘာကြောင့်များပါလဲ။

တစ်နေ့ကုန်သွားတက်ရတဲ့ သင်တန်းမှာ ညနေစောင်းမှ ဆင်း တာမို့ ကားဂိတ်ကို အပြေးသွားတိုင်း နောက်ပါးမှ ပါလာသည့်ခြေသံ ရပ်ကွက်လေးထဲမှ အိမ်လေးရှိရာဆီ လျှောက်လာတိုင်း တရှပ်ရှပ်ပါလာ တတ်သည့်ခြေသံက သူလေလား။

အလို! ထင်မထားသည့်အဖြစ်က သူမ၏စိတ်အစဉ်ကို ကပြောင်





တပြန်ဖြစ်စေကုန်တာလေ။ ကြည့်စမ်း! သူမသတိမထားမိတဲ့အချိန်ကာလ တစ်ခုမှာ သူမနှင့်အနီးဆုံးအထိ တဖြည်းဖြည်းတိုးကပ်လာသည့် ခြေသံ ရှင်က 'အိမ့်မှူးကျော်' ဆိုသည့် ဒီလူငယ်လေးဖြစ်နေသတဲ့။ အံ့ဩစရာ ဖိပဲ။

"ဟဲ့! . . . အဲဒါ ဘာကိုပြောတာလဲ"

"ဘယ်သိမှာလဲ"

"အတော်အူကြောင်ကြောင်နိုင်တဲ့ Love letter ပဲ။ တကယ်ဆို I love you. Do you love me? ဆိုပြီးရေးရင် ပြီးတာပဲကို။ ပြီးတော့ လည်း မိုးရဲ့စာအုပ်မှာ ရေးရတယ်လို့။ အတော်ကပ်စေးနဲတဲ့ကောင်လေး ပဲ"

"အဲဒါ ဘာမှမဟုတ်ဘူး ဇာရဲ့၊ သူ့ကိုယ်သူ မိုးကိုအပိုင်ပဲလို့တွက် တဲ့သဘောနဲ့ ရေးလိုက်တာ။ ဒါပဲ. . . ငါသိတာပေါ့"

ထင်မြင်ချက်တွေပေးနေသည့် မျိုးနှင့်ဇာကြောင့် သူမ ပြုံးရုံသာ ပြုံးလိုက်မိပါ၏။ ဒီလောက်သိမ်မွေ့နက်နဲတဲ့စကားလုံးမျိုး သူသုံးတတ်တာ အံ့ဩစရာပါလေ။ ချစ်တယ်ဆိုတာထက် အဘယ်မျှလေးနက်သလဲဆိုတာ ကို ကာယကံရှင်ကလွဲပြီး မည်သူမျှ နားမလည်နိုင်ပါချေ။

ဒီခေတ်ကြီးမှာ စာလိုက်ပေးတဲ့ရည်းစားစာမျိုးမှ မရှိတော့တာဘဲ။ Phone ကိုင်နိုင်သူတွေက အချင်းချင်း Message ပို့ပြီးပြောတာ၊ Internet သုံးသည့်သူတွေက Chatting ထိုင်ပြီး Peace ဖြစ်နေကြတာ မဟုတ်လား။ အခုတော့ဖြင့် မရိုးသောချဉ်းကပ်နည်းမျိုးဖြင့် သူသုံးတာ ပါးနပ်တာပါလေ။

"ဘာပြန်ပေးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

"နှင့်ပြန်စာလေ"

"ပေးစရာလား . . . ကြံကြံဖန်ဖန်"

"ဟင် . . . နှင်မကြိုက်ဘူးလား"

"ဆိတ်ဆိတ်ငြိမ်ခြင်းက ဝန်ခံခြင်းမည်၏တဲ့နော်"

"လူကိုချောင်ပိတ်မေးနေပြန်ပါပြီ၊ နှင်တို့နှစ်ယောက်က စုံထောက်တွေမို့လို့လား"

"သိချင်လို့ပါဟဲ့"

"အေးလေ"

သူမ မသိမသာပြုံးလိုက်မိပါသည်။ စာကြိုးစားရမယ့်အရွယ်မှာ စာကိုသာ ဂရုစိုက်ချင်တာပါ။ ကျောင်းစာတစ်ဖက် သင်တန်းက တစ်ဖက်နှင့် အချိန်မအားလပ်တဲ့သူမကို ဒီကိစ္စက နှောင့်ယှက်သလိုဖြစ်နေရင်တော့ အခက်အခဲဖြစ်လာစေမှာလေ။ အထူးသဖြင့် သူမကိုပြုစုမျိုးထောင်ပေးနေသည့်မေမေ့ကို ကျေးဇူးဆပ်ရဦးမှာမဟုတ်ပါလား။

"မစဉ်းစားချင်ပါဘူး"

"ဘာလို့"

"ဟယ် . . . နှင့်ဟာကလည်း ဟိုမှာ Half Feel ကြီးဖြစ်ပြီး ငုတ်တုပ်မေ့တော့မှာပဲ။ ခမျာ . . . မနည်းကြိုးစားနေရတာကို"

"အေးလေ"

"အဲဒီလောက် သနားနေရင်လည်း နှင်တို့ပဲ ပြန်ကြိုက်လိုက်ပါလား"

"ငါ့ကိုမကြိုက်လို့ပေါ့ဟဲ့။ ငါ့ကိုကြိုက်ရင် Yes! ဆိုပြီး ခေါင်းညိတ်လိုက်မှာပဲ"





"ပေါ်ပါ့ဟယ်"

ရယ်လိုက်ကြပေမယ့် ရင်ထဲ မပေါ့ပါးပါလေ။ အချိန်မအားလပ်တဲ့ကြားက ဒီကိစ္စနဲ့ ခေါင်းမရှုပ်ချင်ပါ။ သူငယ်ချင်းတွေကလည်း အပြောင်အပျက်သဘောမျိုးပြောတာ မဟုတ်မှန်း သူမသိနေပါ၏။ ဇာဇာဆို ကျောင်းပြီးတာနဲ့ ကိုဇော်မင်းနှင့်လက်ထပ်တော့မှာပါ။ အိမ်ကလည်း သဘောတူထားပြီးသားမို့ ဇာဇာတို့လမ်းခရီးက အဖြောင့်ဖြူးကြီးပါလေ။

"မိဇာ"

"အင်း"

"နှင့်လူကြီးကိုအဖြေပေးတုန်းက ဘယ်လိုပေးခဲ့တာလဲ"

"အင်း . . . ငါ့အဖြစ်က လူကြားထဲ ချပြစရာသိပ်မရှိပေါင်။ ဒီလိုပဲ အိမ်ကိုဝင်ထွက်နေကျဆိုတော့ ရင်ခုန်ချိန်တောင် ဘယ်ပြေးကုန်လဲမသိ။ သူက အမေ့ကို အမေလို့ပဲခေါ်မယ်နော်ဆိုတော့ အမေက အေးလို့ပြန်ထည့်ပြောလိုက်ရော အဲဒီလိုဖြစ်သွားတာပဲ"

"မိန်းမကိုက"

ဇာဇာက တဟားဟားရယ်လိုက်တာမို့ မျိုးက ဇာဇာ့ကျောကို လှမ်းထုတ်လိုက်လေ၏။ ဒါလည်း တစ်မျိုးပါလား။ အနေနီးတော့လည်း တစ်မျိုးကောင်းသွားတာပါလေ။ သူမမှာဖြင့် သူ့ကို စကားသုံးလေးငါးခွန်းထက် ပိုမပြောဘဲ အစိမ်းသက်သက်ကြီးဖြစ်နေမိတာ အမှန်ပါပဲ။

မြို့ထဲမှာ သင်တန်းသွားတက်တိုင်း Platform ပေါ်မှာ သွားလာနေကြသည့်စုံတွဲလေးတွေများစွာကို မြင်နေကျပါ။ ကားမှတ်တိုင်မှာ၊ ရုပ်ရှင်ရုံရှေ့မှာ၊ မုန့်ဆိုင် Coffee ဆိုင်မှာ ယှဉ်ထိုင်တတ်တာ၊ မျက်နှာချင်းဆိုင်ထိုင်နေတတ်ကြတာလည်း ဒုနဲ့ဒေးပါလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ အပျော်တွဲကြတာပဲလား။ ဘဝလက်တွဲဖော်လို့ ရာသက်ပန် ရည်စူးပြီးမှ တွဲကြတာမျိုးလား။ သူမ မသိပါချေ။ ကိုယ်ချစ်မိတဲ့လူကို တစ်ဦးတည်းသော သက်ဆိုင်သူအဖြစ် ရွေးချယ်ချင်တာ၊ အဲဒီလူကိုသာ ပဲ သစ္စာအပ်နှင်းပေါင်းသင်းသွားဖို့ ဆန္ဒရှိတာလေ။ မိန်းမကောင်းပန်းပန် တစ်ပွင့်တန်ဆိုသလို မျက်နှာများဖို့ကို စိတ်တောင်မှ မကူးရဲခဲ့ပါချေ။

"ဘယ်လိုစိတ်ကူးထားလဲ"

"နောက်မှပေါ့ပါ့ဟယ်"

"နောက်မှ၊ ဘယ်အချိန်လဲ။ ကျောင်းလည်းပြီးရော အားလုံးကျော နိုင်း တာ့တာပြသွားမှာကို။ ဘာနောက်မှလဲ"

"အေးလေ"

"သူနဲ့က ဒီမှာပဲတွေ့တာမှ မဟုတ်တာကို"

"ဘာ! "

လွှတ်ခနဲပြောမိသွားသည့်စကားလုံးတို့ကို ပြန်ထိန်းချိန် မရလိုက် ပါ။ ဒါကြောင့်မို့ ဘာကိုမှဖုံးထားလို့မရဘူးပြောတတ်ကြတာကိုး။ မျိုးနဲ့ ဇာဇာ၏ အစ်အောက်မေးမှုနောက်မှာဖြင့် သူမနောက်မှ အရိပ်သဖွယ် ပါလာတတ်သည့် သူ့အကြောင်းကို သိကုန်တော့တာပါလေ။

"မိုးရန့်မှာ လျှို့ဝှက်ချက်တွေနဲ့ကိုး"

ဤမှတ်ချက်က မှန်ကန်ခဲ့ပါသလား၊ အချိန်အကြာကြီးဆွဲထားတာ မျိုးဖြင့် မရက်စက်ချင်တာမို့ Second Year တက်စဉ်မှာ သူ့ကိုခေါင်း ညိတ်ခဲ့ဖြစ်တာပါ။ အဲဒီနှစ်မှာပဲ ဇာဇာတို့စေ့စပ်ပွဲဖြစ်မြောက်ခဲ့ပြီး သူနှင့် သူမ တရားဝင်တွဲဖြစ်ခဲ့တာပင်။

အချစ်မှာ ဘာသာစကားမရှိ၊ အနက်အဓိပ္ပာယ်မရှိ၊ အချစ်သည်





အချစ်ပင်ဖြစ်ပါ၏။

သို့သော် ထိုအချစ်၏စာမျက်နှာအနောက်မှာကား အဓိပ္ပာယ်အများ ကြီးသက်ရောက်နေသည့် အဖြစ်အပျက်အများကြီးရှိနေတာကိုဖြင့် နောက် ကျမှ သူမ ထိပ်တိုက်ဆုံခွင့်ရခဲ့ပါသည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၇ )

သင်တန်းလှေကားထစ်တို့ကို ခပ်သွက်သွက်ဆင်းလာခဲ့ပါ၏။ သူမ သိပ်နှစ်ခြိုက်သည့် မိုးစက်မိုးမှုန်တို့က အပြင်မှာ တဖွဲဖွဲရွာနေလေပြီ။ ဒီ တစ်နှစ်တက်ပြီးရင် ကျောင်းလည်းပြီး ဘွဲ့ရကာ၊ အလုပ်လည်းဝင်ရှာရမှာ ပါ။ မျိုးကတော့ ကုမ္ပဏီဝင်ခွင့်ရနေပြီး ဇာဇာကတော့ ဈေးထဲမှာ အထည် ဆိုင်ဖွင့်ဖို့ ရည်ရွယ်ထားလေသည်။

ကိုယ်စီရည်မှန်းချက်ပြည့်အောင် လျှောက်နေကြရဦးမှာပါပဲ။ သူမ ကရော မနည်းကြိုးအားတင်းထားရတာပါလေ။ မေမေကတော့ သူ့ကိုမြင် ဖူးပြီးပြီမို့ ဖော်ရွေစွာ လက်သင့်ခံပေးလေသည်။ တစ်ဖက်က အေးချမ်း ပြီမို့ သူ့ဘက်ကိုသာ ညှိဖို့လိုအပ်တာပါ။

"ဟော!"

လှေကားရင်းမှာ ရပ်စောင့်ရင်း မော့ကြည့်လိုက်သည့်သူ့အပြုံးက မောနေသည့်ရင်ကို အတော်အတန်ငြိမ်းအေးစေပါ၏။ သူမတို့ချစ်သူနှစ် ဦးက သူများတွေလို အပြင်လျှောက်လည်ပြီး ရုပ်ရှင်ကြည့်ကာ အချိန် မဖြုန်းအားကြပါချေ။ စကားပြောစရာများရင် ပိတ်ရက်မှာ သူမအိမ်ကို သူရောက်လာကာ ပြောဖြစ်သလို၊ များသောအားဖြင့် ဒီလိုအိမ်ပြန်လမ်း မှာ လက်ချင်းဆုပ်ကိုင်လျှောက် စကားတိုးတိုးပြောဖြစ်တာပါလေ။

"စောင့်နေတာ ကြာပြီလား"

"သိပ်မကြာသေးပါဘူး မိုးရဲ့၊ ဆယ့်ငါးမိနစ်လောက်ပါပဲ"

"မိုးရွာနေပြီ"

"ကိုယ် ထီးမိုးပေးမယ်လေ"

ခြင်းတောင်းထဲ ထည့်လာသည့်ခေါက်ထီးဝါလေးကို သူ့ထံ လှမ်း ပေးလိုက်ပါ၏။ သူက ထီးခေါက်ထားတာကို ဖြည်လိုက်ကာ ဖွင့်လိုက်လေ သည်။ ထီးအောက်ထဲ ငုံ့ဝင်လိုက်စဉ် ခလုတ်တိုက်မိလိုက်တာမို့ ရှေ့ကို ငိုက်သွားရပါ၏။ သူက သူမလက်ကိုထိန်းကာ ထီးမိုးပေးလိုက်လေသည်။

"ဥုဖ်! ဥုဖ်!"

"ဘာကိုလဲ"

"ခုန ခလုတ်တိုက်လို့လေ၊ မနာဘူးလား"

လက်မောင်းထက် မိုးစက်တွေစင်စဉ် သူက သူမပခုံးကို အသာ ထွေးဖက်လိုက်လေ၏။ Platform ပေါ်မှာ လူတွေ ဥဒဟိုသွားလာနေတာ မို့ လူမြင်မသင့်လျော်သည့် အပြုအမူမျိုးမဖြစ်အောင် သူမ အမြဲဂရုစိုက် လေ့ရှိပါသည်။ ထို့ကြောင့် သူ့လက်ကို ဖျတ်ခနဲဆွဲဖယ်ချလိုက်မိ၏။

"ဩော်. . . မိုးစိုကုန်မှာစိုးလို့ပါ မိုးရယ်၊ အဖြစ်သည်းရန်ကော"

"မိုးက မိုးစိုမှာမကြောက်ပါဘူး 'ကို'ရယ်"

"ဒါဖြင့် ကိုယ့်ကိုကြောက်တယ်ပေါ့"

"မကြောက်ပါဘူး။ ဘာကိစ္စကြောက်ရမှာလဲ"





www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား"

"ကိုနော်. . . လူတွေနဲ့"

"လူတွေက ဘာဖြစ်လို့လဲ"

မျက်စောင်းသာ ခဲလိုက်မိ၏။ သူက သဘောကျစွာ ခပ်အုပ်အုပ် ရယ်မောလိုက်လေသည်။ အနီးဝန်းကျင်မှမျက်လုံးတို့က သူမတို့နှစ်ဦးထံ ရောက်လာကြစဉ် မျက်လွှာကိုအသာချလိုက်မိ၏။ ခုချိန်အထိ ဒီလိုအတူ လျှောက်တာကို ကျင့်သားမရသေးပါချေ။ လူတွေအမြင်မှာ သိပ်လိုက်ဖက် လွန်းသည့်စုံတွဲလေးဟု မှတ်ချက်ပေးကြမည်မှန်း သူမတို့သိထားကြတာပါ။ တီးတိုးပြောတတ်ကြတာကို ကြားဖူးတာကိုး။

"ချစ်သူသက်တမ်းပဲ ဒီလောက်ကြာနေပြီ၊ မိုးက ခုထိ ရှက်တတ် နေတုန်းပဲ"

"ကိုနော်. . . အဲဒါ ဘာစကားလဲ"

"ဘာမှမဟုတ်ပါဘူး။ မိုးအရမ်းသည်းလာပြီ မိုးရဲ့ တစ်ဆိုင်ဆိုင် ခဏဝင်ရအောင်။ နည်းနည်းစဲတော့မှ ပြန်ကြတာပေါ့"

"မေမေမျှော်နေမှာ"

"စိတ်ချပါ၊ မိုးကို ကိုယ် ခိုးမပြေးမှန်း ယောက္ခမကြီးသိထားပြီး သား"

"ကြည့်! . . ."

ကားဂိတ်နှင့်နီးသည့် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လိုက်ကြပါ၏။ လေကွယ်သည့်စားပွဲကိုရှာကာ သူထိုင်စေလေသည်။ ကျောင်းတက်ကတည်း က သူမ အချိုမကြိုက်မှန်း သူသိခဲ့တာပါ။ ဒါကြောင့်လည်း နောက်ပိုင်း မုန့်ဝယ်ကျွေးသည့်အခါတိုင်း သကြားလုံး၊ ချောကလက်မျိုးမဝယ်တော့ဘဲ





အာလူးကြော်၊ ငါးမုန့်ကြော်တို့ကိုသာ ရွေးဝယ်ပေးတာပါလေ။

"ပေါင်မုန့်နှစ်ခွက်ပေးပါ ညီ၊ Plane bread တစ်ပွဲချပေးပါ။ ရေ နွေးပူပူလေးပါနော်"

ဘယ်လောက်တိကျလိုက်ပါသလဲ။ ရွှေဆိုင်မှာလည်း သက်တမ်း ကြာနေပြီဖြစ်တဲ့ဝန်ထမ်းမို့ လခကောင်းကောင်းရမှန်း သူမ သိနေပါ၏။ ဘဏ်ထဲမှာ လစဉ်ငွေစုနေတာကို သူကိုယ်တိုင် သူမကိုပြောပြထားတာ ပါ။ နှစ်ကိုယ်တူနီးစပ်ဖို့ထက် အလုပ်ကိုကြိုးစားလုပ်ပြီး ဝင်ငွေစုဆောင်း ဖို့ကိုသာ နှစ်ဦးသား စိတ်တူကိုယ်တူ တိုင်ပင်ထားကြပါသည်။

"ကျောင်းပြီးရင် ဒီ Nurse အလုပ်ကို လုပ်မှဖြစ်မှာလား"

"ဘာဖြစ်လို့လဲ၊ မိုးဝါသနာပါတာကို 'ကို့'ကိုပြောထားပြီးသားလေ"

"ကိုယ်က မိုးပင်ပန်းမှာစိုးရိမ်လို့ပါ"

"အလုပ်ဆိုမှတော့ မပင်ပန်းတဲ့အလုပ်ရယ်လို့ ဘယ်မှာရှိပါ့မလဲ။ အနည်းနဲ့အများတော့ ချွေးနဲ့ရင်းရမှာပေါ့ 'ကို'။ မိုးက ခုချိန်ထိ မေမေ့ ကို မိဘကျေးဇူးဆပ်နိုင်သေးတာမဟုတ်ဘူး။ 'ကို'သိရဲ့သားနဲ့"

"ဟင်း. . . ဒါတော့ ဟုတ်ပါတယ်လေ"

သူက ညည်းသလိုနှယ် ခပ်တိုးတိုးရေရွတ်လေ၏။ လက်ဖက်ရည် ခွက်တွေ ရောက်လာပြီမို့ သူက ရေနွေးခွက်တို့ကို ရေကျင်းကာ ဆေး ကြောလိုက်ပြီး ရေနွေးပူပူငှဲ့ပေးလေသည်။ လက်ဖက်ရည်ဇွန်းကို ခပ်ဖြည်း ဖြည်းမွှေနေရင်း ပြောလက်စ စကားက ခဏမျှပြတ်နေပါ၏။

"ကို့မေမေ သိနေပြီလား"

"ဟင်. . . ဘာပြောလိုက်တာလဲ"

"မိုးတို့ကိစ္စကို ကို့မေမေ သိနေပြီလားလို့မေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . တိတိကျကျတော့ မဟုတ်ဘူးပေါ့။ ရိပ်မိနေပုံတော့ ရပါတယ်"

"ဘာပြောသေးလဲ"

"ဟင့်အင်း. . . ဘာဆိုဘာမှ မမေးသေးဘူး။ ဒီလိုပဲ"

သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိ၏။ အမေတစ်ခုသားတစ်ခုနဲ့ တစ်ဦးတည်းသောသားနဲ့ ပေါင်းဖက်ဖို့ဆိုတာကို အတော်လေး ရင်ဆိုင်ရရမှာပါလေ။ အမေဆိုတာ သမီးကိုနမျှောတာထက် အရွယ်မလွန်ခင် အိမ်ထောင်ချပေးဖို့က Plan ရှိကြတာပါ။ သားတွေကိုမွေးတဲ့မိခင်တွေကဖြင့် ဒီသားကို ရင်ခွင်ထဲထွေးပိုက်ပြီး နမျှောတသရှိကြတာ (100% မှာ 80% ကျော်) ရှိတတ်ကြတာ မဟုတ်လား။

ဒီတော့ 'ကို့'မိခင်လည်း သားဖြစ်သူကို ဤသို့နမျှောတတ်မှာမှန်း သူမ ကြိုသိပြီး ခန့်မှန်းမိပါ၏။ ချွေးမဆိုတာ ယောက္ခမနှင့် အကြောမတည့်တတ်သော်ငြား ယောက္ခထီးနှင့်တော့ ပလဲ့နံပသင့်မြတ်တတ်တာ သဘာဝပါ။ သူမအဖို့ ဘယ်လိုယောက္ခမကိုမဆို မိဘနှင့်မခြား ရှိသေလေးစား ဦးညွှတ်ဖို့ အစဉ်အသင့်ဖြစ်နေတာပါလေ။ အခုတော့ သူမကို မိခင်သာ ရှိတဲ့ 'ကို'နဲ့ချစ်သူဖြစ်ခွင့်ရှိတာက သူမအဖို့ ကံကောင်းတာလား သို့တည်းမဟုတ် ကံမကောင်းတာလားဆိုသည်ကိုဖြင့် ကြိုတင်တွက်ဆလို့ မရသေးပါချေ။

"မိုးတို့ကို သဘောတူပါ့မလားဟင်"

"ရော်. . . စိုးရိမ်တတ်ရန်ကော မိုးရယ်၊ ဘာသဘောမတူစရာရှိမှာလဲ"

"မိုးက မပြည့်စုံတဲ့သူလေ ကိုရယ်"





"လောကမှာ ပြီးပြည့်စုံတဲ့သူရယ်လို့ မရှိပါဘူး မိုးရယ်။ ပြည့်နေတဲ့သူလည်း လျှံချင်သလောက် လောဘက အနည်းအများရှိတတ်ကြတာပါ"

"ဒါပေမဲ့ မိုးမှာက ကွက်လပ်တွေ အများကြီးနဲ့လေ။ ကိုလည်း အစကတည်းက သိရဲ့သားနဲ့"

"အဲဒီကွက်လပ်လေးတွေကို ပြည့်အောင် ကိုယ်ဖြည့်ဆည်းပေးမှာပေါ့ မိုးရယ်။ ကိုယ့်ကိုယုံပါ"

ရင်မှာ ထိုက်သင့်သလောက် အေးချမ်းရပါ၏။ ကံကြမ္မာဆိုတာ အလိုလိုဖြစ်လာတတ်တာမျိုးဟု သိထားပေမယ့် လူကလုပ်လေ့ရှိတဲ့ ကံ တရားအခြေအနေကိုဖြင့် သူမ မသိခဲ့ပါချေ။ ငယ်နုသည့်နှလုံးသားက ချစ်ဦးသူ၏အပြုံးနှင့် နွေးထွေးလုံခြုံမှုတို့ဖြင့် ချမ်းမြေ့ခဲ့တာအမှန်ပါလေ။

"ကို့ကိုယုံဆိုပြီး မိုးကို ပုံမအပ်နိုင်းချင်ပါနဲ့နော်။ အယုံလွယ်တတ်တဲ့မိန်းမတွေထဲမှာ မိုးမပါတာ 'ကို'သိပါတယ်"

"သြော်. . . မိုးရယ်၊ ကိုယ်က အရိပ်နေ အခက်ချိုးတတ်တဲ့ကောင်မျိုးမဟုတ်ရပါဘူး။ ကိုယ့်ချစ်သူကို တင့်တောင်းတင့်တယ်နဲ့ မထားပေးနိုင်သရွေ့ မှဲ့တစ်ပေါက်မစွန်းစေရပါဘူး။ စိတ်ချပါ"

ကျိတ်ပြုံးလိုက်မိ၏။ ကိုယ်ရောနှုတ်ပါ စောင့်စည်းတတ်သည့် လူငယ်လေးမှန်း သိရှိလည်း သူမ ခေါင်းညိတ်လက်ခံခဲ့တာပါ။ တည်ငြိမ်ခြင်းဆိုတာ အရွယ်နှင့်ရောအသက်နှင့်ပါ မဆိုင်မှန်း သိသာတာမဟုတ်ပါလား။ အထူးသဖြင့် သူမခွင့်မပြုပါဘဲ ချစ်သူတို့သဘာဝ ပွေ့ဖက်နမ်းရှိုက်ခြင်းမျိုး သူဘယ်တော့မှ မပြုမူတာကိုက သူမအတွက် ယုံကြည်လေးစားဖွယ်ရာ ဖြစ်ရတာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"မိုးလည်း အလုပ်လုပ်ပြီး ငွေစုမှာပါ"

"မဟုတ်တာ၊ မိုးမေမေကိုပဲ ပြုစုစောင့်ရှောက်ကျွေးမွေးပါ။ ကိုယ်တို့နှစ်ယောက်ရဲ့အနာဂတ်အတွက်က ကိုယ့်တာဝန်ပါ မိုးရဲ့"

"ဒါဖြင့် မောင်တစ်ထမ်း မယ်တစ်ရွက်ဆိုတဲ့စကားပုံကို ဘယ်နားသွားထားရမလဲ"

"တွေ့လား. . . ကိုယ့်ရဲ့မိုးလေးက စကားကိုတတ်တယ်။ ရှာစေဗျာ. . . ရှာစေ၊ ဒါပေမဲ့ ကိုယ်တို့အိမ်ထောင်ပြုရင်တော့ မိုး အလုပ်မလုပ်ရတော့ဘူးနော်။ အဲဒါတော့ ကတိပေး"

သူမငြိမ်နေမိ၏။ လက်တလောကိစ္စကသာ အရေးတကြီးဆုံးဖြတ်သင့်တာ မဟုတ်ပါလား။ နောင်ဖြစ်လာမှာက နောက်ကိစ္စပါလေ။ ချစ်သူကို ဝန်မတိုတတ်သည့်အကျင့်လေးကိုက သူမအတွက် ရင်အေးရတာကိုး။ အလုပ်လုပ်တာထက် လူပင်ပန်းတာကို မဖြစ်စေချင်မှန်း သိသာနေပါ၏။

"ကိုက ဒီအလုပ်ပဲ ဆက်လုပ်နေမှာပဲလား"

"ဟင့်အင်း"

"ဘယ်လို"

"လခစားဘဝနဲ့ ရှေ့ဆက်ရပ်တည်လို့မှမရတာ မိုးရဲ့။ ပါးစပ်ကနှစ်ပေါက်တည်းမှမဟုတ်တာ"

"ဟင်! ဘယ်နှပေါက် ဖြစ်နေလို့လဲ"

"ရော်. . . ဘုစုခရုလေးတွေ ရလာရင် အများကြီးဖြစ်ရောပေါ့ မိုးရဲ့"

"ဟယ်! ကိုနော်. . . ပေါက်ကရတွေ"

သူမမျက်နှာ ရဲသွားစဉ် သူ ခပ်အုပ်အုပ်ရယ်လိုက်လေ၏။ လူမြင်





ကွင်းကြီးမှာမို့ ရိုက်ပုတ်တာမျိုး မလုပ်ဖြစ်ပေမယ့် သူ့လက်ခုံကိုတော့ လှမ်းဆိတ်ဖြစ်ပါသည်။ အလေးအနက်ပြောနေရင်း ရင်ပေါ့အောင် သူ တမင်များ ပြောလေသလား။ အိမ်ထောင်ပြုမှတော့ မျိုးဆက်ဆိုတာတွေက မလွဲမသွေရှိလာမှာ အသေအချာပါလေ။

"ကိုယ် နိုင်ငံခြားထွက်မယ်"

"ဘယ်ကိုလဲ"

"စင်္ကာပူ"

"ကြာမှာလားဟင်"

"အင်း. . . ကြာမှာပေါ့၊ အနည်းဆုံး သုံးနှစ်၊ အများဆုံး ငါးနှစ်လောက်လေ"

သူမမျက်ရည်ဝဲသွားစဉ် သူက သူမ၏အေးစက်စက်လက်အစုံကို လှမ်းအုပ်ကိုင်ထားလိုက်လေ၏။ မသွားရသေးတာတောင်မှ သူမကြိုလွမ်းချင်နေပြီလေ။

"အတူတူနေရဖို့အတွက် ဒီလောက်တော့ ခွဲပြီးခံနိုင်ရည်ရှိအောင် ကြိုးစားရမှာပေါ့ မိုးရယ်။ ကိုယ်တို့နှစ်ယောက်ရဲ့ချစ်ခြင်းတွေက အဲဒီအလွမ်းရက်ရှည်တွေကို ဖြေသာအောင် ပြေလျှော့စေမှာပါ။ ကိုယ်တို့ပြန်ဆုံကြရမှာပဲလေ"

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

ကျောင်းလည်းပြီး အလုပ်လည်း စဆင်းရပြီမို့ လူက အလိုလိုနေ ရင်း ပျော်ရွှင်ကာ၊ တက်ကြွလန်းဆန်းနေပါ၏။ အလုပ်မှာ လူနာတွေကို ရွှင်လန်းစွာ အပြုံးမျက်နှာအပြည့်ဖြင့် စေတနာအပြည့် ပြုစုကုသပေးတာ မို့ သူမရဲ့နာမည်က သူနာပြုတွေကြားမှာ ထင်ပေါ်တော့တာပါ။ Duty ရှိတဲ့နေ့ အချိန်နာရီကျော်အထိ ဆေးရုံမှာရှိသလို OT(Over Time) ဆိုရင်လည်း မညည်းမညူ လုပ်ပေးတတ်ပါသည်။

လုပ်ဖော်ကိုင်ဖက်တွေ နားချင်ရင်ပဲဖြစ်ဖြစ် ဒါမှမဟုတ် မအားလပ် ၍ အလုပ်မဆင်းနိုင်ရင်ဘဲဖြစ်ဖြစ် 'ကူညီပါဦး' ဆိုပြီး အကူအညီတောင်း ကြတိုင်းလည်း 'မိုးရန့်' ဟူသည့်သူနာပြုဆရာမလေးကဖြင့် ခေါင်းကိုဆတ် ခနဲညိတ်ပြကာ ကူညီပေးလေ့ရှိတော့တာပါလေ။ ဒီတော့ အပေါင်းအဖော် များသာမက ဆရာဝန်တွေနှင့် Matron အပါအဝင် ဆေးရုံအုပ်ကြီးအထိ ချစ်စဖွယ် Nurse မလေးအဖြစ် အသိအမှတ်ပြုကြတာပါ။

ဒီတော့ ဒီအလုပ်မှာ နှစ်ခြိုက်စွာလုပ်ကိုင်ရင်း သူမ မပျော်မွေ့ဘဲရှိပါ့





လား။ သူမနှင့်တိုင်ပင်ပြီး ငွေရှာရန်ထွက်သွားပြီဖြစ်သည့် 'ကို' ကို လွမ်း သသဖြစ်နေပေမယ့် တစ်နေ့တာအချိန်ကို အလုပ်ဖြင့်အပြည့်ဖြည့်စွက် ပြီး ဝေဒနာကိုဖြေသာနိုင်အောင် ကျင့်ရတာမဟုတ်ပါလား။

"အ! . . ."

ဆေးရုံလှေကားထစ်ကို ခြေမဖြင့်နိုက်မိတာမို့ အတော်လေး နာကျင် သွားရပါ၏။ ဘယ်လိုများဖြစ်ရတာပါလိမ့်နော်။ နေ့စဉ်အတက်အဆင်းလုပ် နေတဲ့လှေကားထစ်တို့ကို ပြေးတက်ပြေးဆင်းအကျင့်ပင် ဖြစ်နေတာလေ။ ခုတောင်မှ ဘယ်လိုဖြစ်ပြီး ဒီလိုခလုတ်တိုက်မိရပါသလဲ။

"မမိုး"

"ရှင်"

"ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး ကြူကြူရယ်၊ ခလုတ်တိုက်မိလို့ နည်းနည်းနာ သွားတာပါ"

"ကွဲသွားတာများလား"

"မကွဲပါဘူး။ သွေးခြေတော့ နည်းနည်းဥသွားတယ်"

"ဆေးထည့်လေ"

"နေပါစေတော့ ကြူကြူရယ်။ အခုပဲ အိမ်ပြန်ရတော့မှာကို"

Night duty ဝင်ရန်ရောက်လာသည့် ကြူကြူက နွတ်ဆက်ကာ Uniform လဲဖို့ အဝတ်လဲခန်းသို့ဝင်သွားလေ၏။ Duty Change လျှင် ကိုယ့်နေရာဝင်ရမည့် Nurse ကို တိကျသည့်တာဝန်နှင့် လူနာမှတ်တမ်း ဒိုင်ယာရီကို အပြည့်အစုံအပ်ပြီးမှ အိမ်ပြန်ခွင့်ရတာပါ။ ဆေးတိုက်ဆေး ထိုးရမည့်စာရင်းကို သေချာအောင် ထပ်စစ်ဆေးပြီးမှ List အောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ထိုးလိုက်ပါ၏။

"မမိုးပြန်တော့လေ၊ ကြူ... Ready ဖြစ်နေပြီ"

"အင်းပါ၊ ဒီမှာ ဇယားစစ်ကြည့်လိုက်ဦး"

ကြူကြူ့လက်ထဲသို့ File ကိုထည့်ကာ နားနေခန်းသို့လှမ်းလာခဲ့၏။ ဗီရိုအံဆွဲထဲထည့်သိမ်းထားသည့် Note book ကိုယူကာ ထမင်းချိုင့်ထည့်ထားသည့်ခြင်းတောင်းထဲသို့ ထည့်လိုက်ပါသည်။ ခံပင်ထုံးထားတာကိုလည်း သပ်သပ်ရပ်ရပ်ရှိမရှိ စစ်ကိုင်ကြည့်ပြီးမှ ကားတိုးစီးရမှာမို့ လုံခြုံကိုနိုင်အောင် ပြင်ဝတ်လိုက်ပါ၏။

"မိုးပြန်တော့မယ်နော်"

အထက်လူကြီးကို လူကြီးအလျောက်၊ ရွယ်တူကို ရွယ်တူအလျောက် တလေးတစားနှုတ်ဆက်ကာ ဆေးရုံဝင်းထဲမှ ထွက်လာခဲ့ပါ၏။ အစိုးရဆေး ရုံမို့ လူနာကများကာ ဝန်ထမ်းမလောက်မငှဖြစ်နေရပါသည်။ ဒါကြောင့် လည်း သင်တန်းဆင်းပြီးတာနှင့် လုပ်သက်ပင်သေချာမစစ်ပါဘဲ မိုးတို့ Nurse အုပ်စု အလုပ်လွယ်လင့်တကူရခဲ့တာပါ။

ဘာပဲဖြစ်ဖြစ် သူမတို့သားအမိ စားဝတ်နေရေးလုံလောက်ဖို့ ဝင် ငွေကို ဒီထက်မက ရနိုင်မည့် Private ဆေးရုံတစ်ခုခုမှာ ဝင်လုပ်ဖို့ကို အတော်လေးကြိုးစားရဦးမှာပါ။ ဒီလိုနေရာမျိုးက Experience ကောင်း ကောင်းမရှိပါဘဲ မရနိုင်ပါချေ။ ဒါကြောင့် တစ်ထစ်ချင်းကြိုးစားရမှာမဟုတ် ပါလား။ လှေကားတောင်မှ အောက်ခြေက တစ်ဆင့်ပြီးတစ်ဆင့် တက်မှ သာ ထိပ်ဆုံးကိုရောက်တာပါလေ။

"ဘုရား!"

ကားမှတ်တိုင်မှာစောင့်ရင်း အောက်မျက်ခမ်းတစ်ဖက် လှုပ်သွား





တာမို့ နှုတ်မှ ဘုရား'တ'လိုက်မိပါ၏။ ဘာများ မကောင်းဖြစ်မှာများလဲ။ ဒွ! လွဲပါစေ ဖယ်ပါစေ။ မနက်ကထွက်သွားတုန်း မေမေလည်း အကောင်း ကြီးအတိုင်း ကျန်းကျန်းမာမာပါပဲ။ သွေးတိုးရှိတာမို့ အစာကိုချင့်ချိန်စား စေပြီး မနက်တစ်ခါ ညတစ်ခါ သူမ သွေးပေါင်ချိန်တိုင်းပေးလေ့ရှိတာပါ လေ။

သူမအသက်က (၂၁)နှစ်မို့ မေမေ့အသက်က (၄၀)ကျော်ပဲရှိသေး တာပါ။ ဖေဖေက သူမ (၈)တန်းနှစ်ကတည်းက ဆုံးသွားပြီမို့ လောကခံ ကို သားအမိနှစ်ယောက် ကြံ့ကြံ့ခံ ရပ်တည်နေတာပါလေ။ ဒီလိုရုန်းကန် နေဆဲမို့ မေမေ့ကျေးဇူးကို မဆပ်နိုင်သေးပါ။ ဒါကြောင့်မို့ မေမေ့ကို စိတ် ဆင်းရဲအောင် ဆင်ခြင်နေထိုင်ရင်း စိတ်ချမ်းသာအောင် အတတ်နိုင် ဆုံး ဂရုစိုက်နေတာပါလေ။

ဂိတ်မှာရပ်လိုက်သည့် bus ပေါ်တက်လိုက်ပါ၏။ ညနေငါးနာရီ ကျော်မို့ ရုံးပြန်အလုပ်ပြန်သည့် ဝန်ထမ်းတွေများပါသည်။ ကားက အတော် ကျပ်ပေမယ့် အိမ်ပြန်ချင်ဇောက ကြီးနေပြီကိုး။ အတွင်းထိ အရမ်းတိုး မစီးပါဘဲ ဘေးခုံတန်းနား ကပ်ရပ်မိစဉ် ခြေထောက်အနင်းခံရပြန်လေ၏။ ကံများ မကောင်းလိုက်တာနော်။

လမ်းကြားထဲဝင်လာစဉ် မျက်ခွံက ထပ်လှုပ်ပြန်လေသည်။ ကျွစ်! ခက်တော့တာပါပဲ၊ ဘာပြဿနာများ ဖြစ်မှာမို့လို့ ဒီလို Sign မျိုးပြနေတာ ပါလိမ့်။ ဘုရားရေ! ကြီးကြီးမားမားတော့ မဖြစ်လိုက်ပါနဲ့။ ဒီအမေနဲ့ ဒီ သမီးသာရှိတာမို့ ကံကြမ္မာက မျက်နှာသာ ပေးလှည့်ပါနော်။ စိတ်ထဲမှ တိုင်တ်ဖြေကာ ခြေလှမ်းကို သွက်သွက်လှမ်းလိုက်ပါသည်။

မေမေ ဘာမှမဖြစ်ပါစေနှင့်...



www.burmeseclassic.com

www.burmeseclassic.com



"သမီးပြန်လာပြီ"

အိမ်လေးထဲမှ တိုးသဲ့သဲ့ မေမေ့အသံကိုကြားလိုက်ရပါ၏။ စဉ့်အိုး အကွဲလေးထဲမှ ရေခပ်ကာ ခြေထောက်ကိုရေဆေးလိုက်ပါသည်။ လှေကား သုံးထစ်ကိုနင်း၍ အိမ်လေးပေါ်တက်လိုက်စဉ် ဖိနပ်ချွတ်မှာ ရှိနေသည့် ဖိနပ်တစ်စုံကြောင့် ဧည့်သည်ရောက်နေမှန်းသိလိုက်ပါ၏။ ဘယ်သူများပါ လိမ့်။

"ကျွန်မသမီးပါ"

"သြော်"

မေမေ့ဧည့်သည်ပဲထင်၍ ဖော်ရွေစွာဖြင့် လှမ်းပြုံးပြလိုက်မိပါ၏။ အိမ်ပေါက်ဝကို မျက်နှာမူ၍ ဆက်တီထက်ထိုင်နေသည့်အန်တီက ပြန်မပြုံး ပြပါဘဲ ခပ်တည်တည်ကြီးဖြင့် စူးခနဲကြည့်လိုက်တာမို့ ရင်ထိတ်သွားရပါ သည်။ ဘယ်သူများပါလဲ။ သူမအပေါ် နှစ်လိုဖွယ်မရှိသော်ငြား မနှစ်မြို့ ဟန်ဖြင့်ကြည့်သည့်အကြည့်မျိုးကို ဒီတစ်ကြိမ်သာ ကြုံဖူးတာမို့ အံ့သြမိ တာ အမှန်ပါလေ။

"သမီးနဲ့ပြောစရာရှိလို့တဲ့"

"သြော် . . . ဟုတ်ကဲ့"

ဘုရားရေ! သူမကို ဒီလိုအိမ်တိုင်ရာရောက် လာတွေ့တဲ့လူကြီးတွေ က တစ်ယောက်မှမရှိတာကိုး။ ဘယ်သူများပါလိမ့်။ အကြည့်ချင်း ဆုံစဉ် ခဏ၊ ရင်တွင်းမှာ တဒိတ်ဒိတ်တုန်ရင်လာတော့တာပါလေ။ အလို! ဒီမျက် ခုံး ဒီမျက်လုံးတွေက သူမ၏ချစ်သူ 'အိမ့်မှူးကျော်' နှင့် ချွတ်စွတ်ကြီးကို တူလွန်းနေတာပါလား။

"အန်တီက အိမ့်မှူးကျော်ရဲ့အမေ ဒေါ်ထားထားဆွေပါ"





"ရှင်!"

ထင်လိုက်သည့်အတိုင်းပါပဲ။ ရင်ထဲမှာ နွမ်းလျခြင်းတို့နှင့်အတူ အခက်အခဲတစ်ခုနှင့်ရင်ဆိုင်ကြုံတွေ့ရပြီမှန်း အလိုလိုသိလိုက်ရပါသည်။ လောကဓံက သူမအား ကျီစယ်ချေလေပြီ။ ချစ်ခြင်း၏စစ်မှန်မှုဆိုတာဟာ အမြဲဒီလိုပဲ မလွယ်ကူ မချောမွေ့ခြင်းတို့ကိုပဲ ဖန်တီးလေ့ရှိပါသလား။

"ဟုတ်ကဲ့ . . . ပြောပါ အန်တီ"

"သိပ်ရှည်ရှည်ဝေးဝေးပြောစရာမရှိပါဘူး။ သမီးက ပညာတတ်ပဲ ဟာ။ အန်တီ အရိပ်ပြရုံနဲ့ သိနိုင်လိမ့်မယ်လို့ထင်ပါတယ်"

"အန်တီ ဘာကိုများ ဆိုလိုချင်တာပါလဲ"

"အန်တီ့သားနဲ့ သမီးတို့ကိစ္စကို အန်တီသိပြီးသားပါ။ ဒီတော့ ရှင်းရှင်းပဲပြောချင်ပါတယ်"

"ရှင်"

"နှုတ်ခမ်းပုံချင်း မီးမှုတ်လို့ မီးတောက်မျိုးမရနိုင်တာ သမီးလည်း သိမှာပါ။ အန်တီ့သားရဲ့လက်ရှိလုပ်နေတဲ့အလုပ်အကိုင် အနေအထားက သားဘဝထက် မြင့်မားတဲ့နေရာကို ရနိုင်တယ်လေ။ လူဆိုတာ အမြင့်ကို ပဲ မျှော်တတ်တာ သဘာဝပါ။ အန်တီတို့သဘောကတော့ ကြီးကျယ်ခမ်း နားတဲ့မင်္ဂလာခန်းမအလယ်မှာ နှစ်ဖက်မိဘအစုံအလင်နဲ့ သားကို မင်္ဂလာ ဆောင်ပေးချင်တာလေ"

ရင်ထဲနင့်ခနဲဖြစ်သွားရပါသည်။ စကားတတ်လွန်းတဲ့အမျိုးသမီး ကြီးပါပဲ။ နှစ်ဖက်မိဘအစုံအလင်ဟူသည့် စကားအဓိပ္ပာယ်က မိုးရင်ကို ဆူးတစ်ချောင်း စိုက်လိုက်သည့်နှယ် နာကျင်သွားစေတာပါလေ။ မိစုံဖစုံ မရှိတဲ့ မုဆိုးမသမီးရဲ့ဘဝက မျက်နှာမွဲဖြစ်ရတယ်လို့။ ကိုယ်တိုင်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီဘဝမှာ ဆင်းရဲတဲ့လူတန်းစားမို့ သိပ်မကျွာဟတဲ့သူ့ကိုသာ ဘဝရဲ့လက်တွဲဖော်အဖြစ် ရွေးချယ်ဖြစ်ခဲ့တာပါလေ။

မိုးနဲ့မြေတမျှ မကွာခြားတာတောင်မှ ဤသို့အပြောခံရသတဲ့လား။ တကယ်ဆို အမြင့်မှန်းတတ်ကြတာမျိုးက မိန်းမသားတွေရဲ့လောဘစိတ်မှာပဲရှိကြတာပါ။ ကိုယ့်ဘဝကို ကိုယ်တိုင်ထူမတ်ဖို့က ဖွဲ၊ လုံ့လ၊ ဝီရိယ၊ ခွန်အားစိုက်ထုတ်ရမှာမှန်း မိုးလည်းသိပါ၏။ သို့သော် နှလုံးသားကိုပိုင်စိုးနိုင်တဲ့ ချစ်ဦးသူရဲ့ကမ်းပေးတဲ့လက်ကိုမှ ဆုပ်ကိုင်မိခဲ့တာ အမှန်ပါလေ။

"သားကို မေတ္တာစစ်နဲ့ချစ်ရိုးမှန်ရင် သမီးဘက်က အနစ်နာခံစွန့်လွှတ်ပေးနိုင်ရမယ်မှန်း သမီးသိမှာပါ။ သမီးလည်း သချ်ာကျောင်းသူပဲဟာ။ ကိန်းဂဏန်းတွေရဲ့တန်ဖိုးကို ကောင်းကောင်းကြီးတွက်တတ်တယ်မဟုတ်လား။ တစ်ကိုတစ်နဲ့ပေါင်းမှသာ ပိုတန်ဖိုးရှိမှာလေ။ တစ်ကို သုညနဲ့ပေါင်းရင် ဘာများထူးခြားမှာလဲ။ မဟုတ်ဘူးလား"

"ကျွန်မ. . . ကျွန်မသိထားတာ ကို့မှာလည်း ကျွန်မလို အဖေမရှိဘူးဆိုတာပါ"

"မရှိဘူးဆိုတာ သေသွားတာမှမဟုတ်တဲ့။ သားဖေဖေဦးကျော်သက်က အခုထိသက်ရှိထင်ရှားရှိနေဆဲပါ။ အခု သားထွက်ဖြစ်တာ သူ့ဖေဖေရဲ့အထောက်အပံ့နဲ့သွားဖြစ်တာပါ"

". . ."

"ဒီတော့ အန်တီ့သားကို သမီးဘက်ကပဲ အလိမ္မာနည်းနဲ့ လမ်းခွဲစေချင်တယ်။ ဒီကိစ္စကို အန်တီ့ကြောင့်ပျက်ရပါတယ်ဆိုပြီး သားကိုမသိစေချင်တာ သမီးသိမှာပါနော်။ သမီးက မိခင်ရဲ့အဆုံးအမနဲ့ကြီးပြင်းလာတဲ့သမီးအလိမ္မာလေးမှန်း အန်တီနားလည်ပါတယ်ကွယ်။ အစ်မကြီးကို





သည်း အားနာပါတယ်၊ တကယ်ဆို အပြင်မှာတွေ့ပြီး ပြောမလို့ပဲ။ သူစိမ်းတွေရှေ့မှာ ရှက်စရာဖြစ်မှာမို့လို့ အခုလို ရှေ့မျက်နှာနောက်ထားပြီး အားနာနာနဲ့ပဲ လာပြောရတာပါ။ ကျွန်မကိုခွင့်ပြုပါဦး"

စကားအဖွင့်အပိတ် အနှုတ်အသိမ်းက ပိရိသေသပ်လွန်းလှလေ၏။ နှုတ်က အားနာစကားပြောသော်ငြား စိတ်ထဲကမှ မပါတာလေ။ 'မြေနိမ့်ရာလှံစိုက်' 'မရှိနိုးနိုး၊ မလှစုန်းရိုး'ဆိုသည့်စကားပုံတို့က သူမဘဝနှင့်မှ အံဝင်ခွင်ကျဖြစ်လာရတယ်လို့။

တကယ်ပါ 'ကို'။ 'ကို့'မေမေ ဒီလိုမျိုးစကားတွေနဲ့ မိုးရဲ့သိက္ခာကို ချေမွခဲ့ပေမယ့် ကျိတ်မှိတ်ခံနိုင်ခဲ့ပါတယ်။ အလွမ်းတွေ အသချေ်နဲ့ စာစီထားတဲ့ ကို့လက်ရေးတွေက အဝေးကနေ မိုးကို ဝေဒနာဖြေသာစေခဲ့တာလေ။ အနေဝေးရင် သွေးအေးသွားတတ်တယ်ဆိုတာကို မယုံကြည်ဘဲ ကို့တစ်ယောက်တည်းကိုသာ တစိုက်မတ်မတ် မြတ်နိုးခဲ့ရတာပါ။

ဒါပေမဲ့ကွယ်. . . တကယ်တမ်း မိုးတို့နှစ်ဦးကို ဝင်ရိုးစွန်းတစ်ဖက်စီကို ပို့ဖြစ်ခဲ့တဲ့အရာက ကံကြမ္မာမဟုတ်တာကိုတော့ 'မိုးရန်'ဆိုတဲ့ သူမကိုယ်တိုင် သိနေခဲ့တာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



အချစ်က ပြန်ရောက်လာဦးမှာပါ...

အချစ်ဆိုတာ ရာသီဥတုလိုပါပဲ...

ပြန်မရောက်လာဘူးလို့ ထင်နေပေမယ့်

စိုစွတ်စွတ်မိုးနဲ့ အေးစက်စက်ဆောင်းရာသီကနေ

နွေဦးရာသီလေးလိုမျိုး နွေးနွေးထွေးထွေးနဲ့ နောက်ထပ်

တစ်ကြိမ် ပြန်ရောက်လာတတ်ပါတယ်....










www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၉ )

"နောက်ကျနေပြီ"

"ငါပြောသားပဲ၊ ငါချက်ပါ့မယ်ဆိုတာကို"

Sunday မို့ မျိုး OFF ရက်ပါ။ အဝတ်လျှော်ရက် တိုက်တတ်တာမို့ ညကတည်းက လျှော်ထားသည့်အဝတ်ဇလုံထဲမှ အဝတ်တို့ကို အဆောင်နောက်ရှိ ကြိုးတန်းမှာ Hunger ဖြင့် တစ်ထည်ချင်း လှန်းနေလေ၏။ နေသာရင်တော့ နေ့တစ်ပိုင်းနှင့်ခြောက်နိုင်ပေမည်။ မီးဖိုခန်းမှာ ချက်ပြုတ်ပြီးသည်နှင့် ဟင်းတွေကို ခပ်တန်ခပ်၊ သိမ်းတန်သိမ်းကာ ထမင်းချိုင့်ကို အမြန်လုပ်လိုက်ရပါသည်။

ရေကိုမြန်မြန်သွက်သွက်ချိုးကာ ခါတိုင်းလို ကျစ်ဆံမြီးကျစ်ချိန်မရတော့တာမို့ ဆံထုံးပုံ့ပုံ့လေးကိုသာ အမြန်ဆုံးနည်းဖြင့် ထုံးလိုက်ရပါသည်။ နေ့စဉ် စောရောက်လေ့ရှိပါလျက် ညက သွေးလှူခဲ့တာကြောင့် စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်ပြီး အိပ်မပျော်ခဲ့တာပါ။ ကြိုးစားကျိတ်မှိတ်အိပ်တော့ နိုးချိန်ပုံမှန်ထက် နောက်ကျပြီးမှ နိုးတော့တာပါပဲ။

"မိုး. . . သွားပြီ"





"အေးအေး"

အဆောင်လေ့ကားထစ်တို့ကို ခပ်သွက်သွက်နင်း၍ ဆင်းလာခဲ့ပါသည်။ လမ်းထိပ်ကိုအမြန်ဆုံးနှုန်းဖြင့်လျှောက်ရင်း လက်မှနာရီကို တစ်ချက်ကြည့်လိုက်မိပါသည်။ လိုင်းကားစီးလျှင် ဘယ်လိုမှမမီနိုင်တော့တာမို့ ငွေကုန်ခံပြီး Taxi စီးရတော့မှာပါပဲ။ အလျှဉ်လိုလျှင် အနေးတွေ့တတ်တဲ့သာဓကရှိတာမို့ သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိတော့သည်။

Taxi တွေကို လက်ပြတားနေပေမယ့် Personger ပါလာတာမို့ ရပ်မပေးပါချေ။ သေတော့မှာပဲ။ သူမကိုအမြင်မကြည်လင်သည့် ဒုခေးရုံအုပ်ရောက်လာတော့မှပဲ အခုလို ကမောက်ကမကိစ္စတွေ တစ်ခုပြီးတစ်ခုရှိလာရတယ်လို့။ ခက်ပါရဲ့ မိုးရန့်ရယ်။ Bus လည်း(မီးပွိုင့်မိ၍ထင့်) ရောက်မလာပါချေ။ Taxi တွေ ကိုယ်ပိုင်ကားတွေက ဖြတ်လမ်းတွေ လမ်းတိုတွေကို ရှာမောင်းတတ်တာမို့ မကြာဘဲ စိတ်ကြိုက်မောင်းလို့ရနိုင်လေသည်။

"တီ!"

သူမရပ်နေသည့်ရှေ့နား အကျော်လေးမှာ ကိုယ်ပိုင်ကားတစ်စီးရပ်သွားလေ၏။ ကားဟွန်းတီးလိုက်သော်ငြား သူမ လှည့်မကြည့်မိပါချေ။ စိတ်စောလွန်းနေသဖြင့် လည်ဆန့်ကာ Taxi အလာကိုသာ မျှော်နေမိပါသည်။ ဒီနေ့မှပဲ လာခဲလိုက်တာနော်။

"မမိုးရန့်"

"အမေ့!"

ဘေးနားလာရပ်လိုက်သည့် လူရိပ်ကြောင့် ရင်ထိတ်ကာ လှည့်ကြည့်လိုက်မိ၏။ အလို! ဒေါက်တာသန့်ဇင်လင်းပါလား။ ဘယ်လိုဖြစ်ပြီး သူမကိုလှမ်းမြင်လိုက်တာပါလိမ့်။ အနားလာကပ်ခေါ်မှပင် သိလိုက်ရတာမို့ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကိုယ်ပင် အပြစ်တင်လိုက်မိပါ၏။

"မင်္ဂလာပါ ဒေါက်တာ"

"ကျွန်တော်လှမ်းခေါ်နေတာ မကြားဘူးထင်တယ်"

"ဪ. . . ဟုတ်ကဲ့"

"ဆေးရုံသွားမှာပဲဟာ၊ ကျွန်တော့်ကားနဲ့ လမ်းကြုံလိုက်ခဲ့ပါလား"

"အို. . . မဟုတ်တာ"

"တကူးတကကြီးမှမဟုတ်တာ မမိုးရန့်ရယ်၊ Duty ချိန်လည်းနီး နေပြီကို"

"အားနာလို့ပါ ဒေါက်တာ"

"ဘာများအားနာစရာလိုလို့လဲ၊ တစ်နေရာတည်း အလုပ်လုပ်ကြ တာပဲကို"

"မဟုတ်ပါဘူး။ မဖြစ်လို့ပါ"

"ဘာကိုမဖြစ်တာလဲဟင်"

ပြဿနာပါပဲ။ ဆရာဝန်နဲ့သူနာပြုဆိုတာ ရာထူးအဆင့်ကွာခြားကြ သလို လူကုံထံနဲ့ သာမန်လူတန်းစားဆိုပြီး ပိုင်းခြားကြည့်ရင်လည်း ရတ မို့ ရှောင်ချင်တာပါ။ ဒီဆရာဝန်လေးက တောင်းတောင်းပန်ပန်ဖြင့် ခေ နေတာက ကိစ္စမရှိ၊ အလုပ်မှာတွေ့ကုန်ရင် ဆေးရုံအုပ်ကြီးနားထဲ သတင် ရောက်ပြီး သူမ ခေါ်အဆူခံရတော့မှာလေ။ ဒီလောက်ငြင်းနေပါလျက်နှ ဒီ 'အလိုက်မသိမောင်ဘဦး'ကလည်း တစ်မှောင့်ပါပဲလား။

"မသင့်တော်လို့ပါ ဒေါက်တာ"

"ဒော်. . . ခက်တော့တာပဲ၊ မမိုးရန့်ပြောတာ ကျွန်တော် ဘာတ ခုမှကို နားမလည်ဘူး"





"ဒေါက်တာက ဆရာဝန်လေ"

"ဟုတ်တယ်လေ"

"ကျွန်မက သူနာပြု"

"မှန်တယ်လေ"

"အဲဒီတော့ ကိုယ့်အဆင့်ကိုယ်သိရတယ်ရှင့်. . . ဟော"

"ဘယ်သွားဦးမလို့လဲ"

Taxi တစ်စီးလှမ်းမြင်လိုက်တာမို့ ခြေလှမ်းရွှေ့လိုက်မိစဉ် ဆရာဝန် လေးက သူမခြင်းတောင်းကိုလှမ်းဆွဲထားလေ၏။ ပြဿနာပဲ၊ ဘယ်လိုဖြစ် ပြီး ကားဂိတ်အနီးမှာ ဆွဲလားရမ်းလားတွေ ဖြစ်ရတာပါလိမ့်နော်။ သူ ကူညီချင်တာက ကိစ္စမရှိ၊ သူမက Uniform ဝတ်လာတာမို့ လူမြင်ကွင်း မှာ ထင်းခနဲမြင်သာနေတာမဟုတ်ပါလား။

"အို! ဘာလုပ်တာလဲ"

"ကျွန်တော်ပြောကတည်းက ကားပေါ်တက်ရင် အခုဆို ဆေးရုံ ကို ရောက်လောက်ပြီ။ မမိုးရန့်က အတင်းကို ငြင်းနေတာကိုး"

"ကျွန်မက ကိုယ့်အဆင့်ကိုယ်မသိရင် ပြဿနာဖြစ်မှာရှင့်"

"ပြဿနာဖြစ်ရင် မမိုးရန့်ရှေ့ကနေ မားမားရပ်ပြီး ကျွန်တော်ရှင်း ပေးပါ့မယ်။ စိတ်ချပါ"

ကဲ! ပြောကိုမပြောချင်တော့ပါဘူး။ ဖွတ်အတင်းကူညီပေးချင်နေ သည့် ဆရာဝန်လေးကြောင့် သက်မကိုရှိုက်လိုက်ရပြန်လေ၏။ ရင်ဘတ် ကိုပုတ်ပြီးပြောနေပုံက ဆယ်ကျော်သက်လူငယ်ဟန် မပျောက်သေးသလို ပါပဲ။ ကားကြုံခေါ်နေသည့်လူက တောင်းပန်နေတာမို့ ပိုပြီးအားနာစရာ ကောင်းနေသေးတာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ခဲ့ပါဗျာ"

"အင်းလေ၊ ဒါပေမဲ့ ဆေးရုံရှေ့ဝင်းပြင်မှာပဲ ရပ်ပေးနော်"

"ဘာဖြစ်ရပြန်တာလဲ"

"အဲဒီမှာ ဆင်းမှဖြစ်မှာမို့ပါ"

"ဟုတ်ပြီလေ၊ ရပါတယ်"

ကားရှေ့ခန်းတံခါးပင် ဖွင့်ပေးလိုက်တာမို့ ရယ်ချင်သွားရပါ၏။ မျိုးသာမြင်ရင် လှောင်လိုက်မယ့်ဖြစ်ခြင်း။ မိုးတို့ကောင်းစားနေပုံက ဒါမျိုးဆိုပြီးတော့လေ။ ကားသစ်လေး၏ရနံ့က တစ်မျိုးလေးဖြစ်ပြီး စက်သံက ညက်ညောနေတာပါ။ ငြိမ့်ငြိမ့်လေးထိုင်စီးရတာကိုက ဖိမ်ကျလိုက်တာမပြောပါနဲ့။ လူချမ်းသာတို့ရဲ့စည်းစိမ်က ဒါမျိုးကိုပြောကြတာကိုး။

"မမိုးရနံ့က အတော်လေး မာနကြီးတယ်နော်"

"ရှင်. . ."

"တခြား Nurse တွေဆို ဒီလိုမဟုတ်လို့ပါ"

"ဒေါက်တာ သတင်းမှားကြားမိတယ်ထင်တာပဲ၊ ကျွန်မက ကိုယ်ပြုစုကုသရမယ့်လူနာတွေအားလုံးအပေါ်မှာ စေတနာ ကရုဏာ မေတ္တာအပြည့်နဲ့ ထားတတ်တဲ့သူနာပြုတစ်ယောက်ပါ"

"မှန်ပါတယ်၊ လူနာကိုကြည့်တဲ့အပြုံးမျိုးနဲ့မျက်လုံးမျိုးကို ကျွန်တော်တို့လို ဆရာဝန်တွေကို ဘာကြောင့် တူညီတဲ့အကြည့်မျိုးနဲ့ မကြည့်တာလဲ။ ကျွန်တော်စဉ်းစားမရလို့ပါ"

ရော်. . . စစ်စစ်ပေါက်ပေါက်ကို မေးနေတာပါလား။ ကိုယ့်ထက်ရာထူးကြီးတဲ့ဆရာဝန်တွေ၊ ပါရဂူတွေကို မျက်နှာချိုသွေးမိရင် ကိုယ်ရာထူးတိုးချင်လို့၊ လစာနှုန်းထားပိုရချင်လို့ဆိုပြီး မဟုတ်မမှန်သတင်းက ထွက်





တတ်တာမဟုတ်ပါလား။ လူဆိုတာ အနေမှန်တာတောင်မှ မျက်မှန်စိမ်းတပ်ကြည့်ပြီး အမြင်ခံရတာ သဘာဝပါလေ။

"ကျွန်မ ပုံမှန်ပဲနေတတ်လို့ပါ၊ မာနကြီးတယ်ရယ်လို့လည်း မဟုတ်ရပါဘူး ဒေါက်တာ။ လူဆိုတာ အနေမှန်မှလေ"

"ကျွန်တော်တို့ကို လူဆိုးတွေလို့များ မြင်နေသလား"

ပြုံးလိုက်မိပါ၏။ အိမ်မှာ အငယ်ဆုံးထင်ပါရဲ့။ အားလုံးက ဝိုင်းအလိုလိုက်ခြင်းခံရသည့်နှယ်ပါ။ ဤဆရာဝန်လေး၏ ပေါ့ပေါ့ပါးပါးပြုံးရယ်ပြောဆိုတတ်သည့်ပုံစံကို မြင်ရုံဖြင့် ခန့်မှန်းနိုင်လေသည်။ လူတကာကိုတော့ အိမ်ကလူကြီးတွေလို မြင်နေလို့ ဘယ်ရပါ့မလဲနော်။ မဟုတ်ဘူးလား။

"လောကမှာ လူ့စိတ်လူ့မနောကို သိရအခက်ခဲဆုံးတဲ့။ သစ်ပင်ဝါးပင်ကောက်တာက မြင်သာထင်ရှားတယ်လေ၊ ဒါပေမဲ့ လူတိုင်းကိုတော့ ကောက်ကျစ်တဲ့အမျိုးအစားနဲ့ ကျွန်မမမြင်တတ်ပါဘူး"

"ကျွန်တော့်ကိုရော"

သူမ တီးတိုးရယ်လိုက်မိပါ၏။ ကားက ဆေးရုံနားနီးနေပြီမို့ စကားတိုဖြတ်ရတော့မှာလေ။ စကားပြောကောင်းတဲ့ ဒီဆရာဝန်လေးကို အတတ်နိုင်ဆုံးရှောင်ရှားပေမယ့် တိုက်ဆိုင်မှုက တစ်ကြိမ်နှစ်ကြိမ်မက ရှိလာတာကိုး။

"အိမ်မှာ ဒေါက်တာ အငယ်ဆုံးမဟုတ်လား"

"ဟောဗျာ! ဘယ်လိုသိတာလဲ၊ ကျွန်တော့်အကြောင်းတွေ စုံစမ်းထားတာလား"

"မဟုတ်ပါဘူး၊ ဒေါက်တာ့ပြောပုံဆိုပုံကို လေ့လာမိပြီး ကောက်ချက်ချတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ! အံ့သြစရာကြီး"

"ရပြီ. . . ဒီနားမှာပဲ ရပ်ပေးပါ ဒေါက်တာ"

ဒေါက်တာသန့်ဇင်လင်းက ဆေးရုံဝင်းအပြင်ဘက်မှာပင် ကားကို ရပ်ပေးလိုက်လေ၏။ မျက်နှာထက်မှာ ပေါ်လွင်နေသည့်အပြုံးက စိတ်ထဲမှာ အဘယ်မျှ ပျော်ရွှင်နေမည်ဆိုတာကို သိသာနိုင်ပါသည်။ သူမကြောင့် တခြားလူတွေ စိတ်ချမ်းသာလျှင် ကျေနပ်စရာပင် မဟုတ်ပါလား။ ကားပေါ်မှဆင်းကာ နှုတ်ဆက်လိုက်ပါ၏။

"ကျေးဇူးအများကြီးတင်ပါတယ်ရှင်"

"ရပါတယ်ဗျာ၊ See you...မမိုး"

ကားလေးက ဝင်းထဲသို့ ချိုးကွေ့ဝင်သွားလေတော့၏။ လက်မှနာရီကိုတစ်ချက်ကြည့်လိုက်ပြီး ခြေလှမ်းကို အမြန်လှမ်းလိုက်ရပါသည်။ ဘဝသမားတွေအတွက် စိတ်အပန်းဖြေဖို့ စိတ်ကူးယဉ်တဲ့အချိန်က ရှားပါးတာလေ။ ဆေးရုံထဲဝင်ကာ Locker ထဲ ခြင်းတောင်းကိုသိမ်းကာ ရင်ထိုးတပ်၊ Nurse Cap ဆောင်းကာ ပြန်ထွက်ခဲ့ပါ၏။

လက်မှတ်ထိုးရန် ရုံးခန်းထဲဝင်လိုက်စဉ် Attended book က ရှိမနေပါ။ ဘုရားရေ! ဆေးရုံအုပ်ကြီး၏အခန်းထဲမှာ ရောက်သွားလေပြီလား။ ဒီစာအုပ်ကို အစောကြီးမှ မသိမ်းတတ်တာလေ။ ဘယ်လိုဖြစ်ပြီး ဒီမနက်မှ စောစောသိမ်းရတာပါလိမ့်။ ဆေးရုံအုပ်ကြီးရုံးခန်းရှိရာဆီ မြန်မြန်လှမ်းလိုက်ရလေ၏။

"ဟော! လာပြီ၊ မြန်မြန်လာ မမိုး။ အထဲမှာ ရေချိုးနေပြီ"

"ဟင်!"

ရုံးခန်းထဲမှ အကူနာစ့်လေးက အပြင်ကို ရုတ်တရက်ထွက်လာပြီး





သူမကိုလက်ယပ်ခေါ်လိုက်လေ၏။ Meeting ချိန်မဟုတ်ပါဘဲ ဘယ်လိုဖြစ်ပြီး ခေါ်ဆိုရပြန်တာပါလိမ့်။ ခုတလော သူမတို့နာ့စ်တွေကို ကလေးတွေလို အော်ငေါက်တတ်တဲ့ဆရာဝန်က ဒုဆေးရုံအုပ်သာ ရှိတာပါလေ။ အခန်းတံခါးကို နှစ်ချက်ခေါက်လိုက်ပြီး ဝင်လိုက်ပါ၏။

ထင်သည့်အတိုင်းပါပဲ။ ဆေးရုံအုပ်ကြီးမရောက်သေးပါဘဲ ဒေါက်တာသီဟကျော်စွာ၏အသံတစ်ခုသာ ခပ်သြသြထွက်နေတာပါလေ။

"အားလုံးသွားနိုင်ပါပြီ၊ ကိုယ့်တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ပါလို့ပဲ ပြောချင်ပါတယ်"

"ဟုတ်ကဲ့"

"နာ့စ့်မိုးရနံ့ နေခဲ့ပါ"

သေစမ်း! သူမရောက်တာနဲ့ Meeting က ပြီးနေပြီ။ အားလုံးကို လုပ်ငန်းခွင်ဝင်ခွင့်ပင် ပြုလိုက်ပေပြီ။ သူက စားပွဲထက်သို့ Attended book ကို အသံမြည်အောင် ပစ်ချကာ စားပွဲထက် လက်ထောက်လျက် သူမကိုစောင့်နေချေပြီ။

ဒုဆေးရုံအုပ်ကိုယ်တိုင် ထိုင်ခုံမှာ မထိုင်တာမို့ စားပွဲရှေ့မှာ သူမခပ်ယို့ယို့ ရပ်လိုက်မိပါသည်။ သူမအတွက် ဒီလသည်လည်း ပြဿဒါးလဝင်ဖြစ်နေလေသလား။ အဆူအငေါက်မလွတ်သည့်ရက်ရယ်လို့ တစ်ရက်မှ မရှိပါလားနော်။ မျက်လွှာကိုအသာချကာ စားပွဲအောက်ခြေရှိ ကော်ဇောကွက်ကိုသာ ကြည့်နေမိပါ၏။ နားပူဖို့ပြင်ထားပေတော့ မိုးရနံ့ရေ။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

"မင်းကိုယ်မင်း ဒီဆေးရုံရဲ့လခစားဝန်ထမ်းဆိုတာ သိရဲ့လား"

"ရှင်!"

"မေ့နေလားလို့မေးတာလေ၊ Duty ချိန်စောဝင်ရတာ မင်းတို့နာ[illegible]

တွေရဲ့အလုပ်ဆိုတာ မသိတာလား။ တမင်မသိယောင်ဆောင်တာလား"

"ကျွန်မ. . ."

"လမ်းမှာ ကားလမ်းကျပ်နေလို့ နောက်ကျတာပါဆိုပြီး အကြောင်[illegible] မပြပါနဲ့။ မင်း ဘာနဲ့လာသလဲဆိုတာ ငါသိတယ် မိုးရန့်"

ဘုရား! ကားကို ဝင်းအပြင်မှာ ရပ်ခဲ့ပြီးမှ ဆင်းလာတာကို ဘယ်[illegible] လိုများ သိလိုက်ပြန်တာပါလိမ့်။ လူကို ဘာဆင်ခြေမှမပေးနိုင်အောင် ချော[illegible] ပိတ်ပြောတတ်သည့်လူရှေ့မှာမှ ထပ်ဖြစ်ရပြန်တယ်လို့။ အောက်နှုတ်ခမ်[illegible] အတွင်းသားကို ကျိတ်ကိုက်ထားလိုက်မိပါ၏။ သည်းမခံပါက ပြဿနာ[illegible] အကြီးကြီးဖြစ်သွားနိုင်တာပါလေ။

"Operation က အရေးကြီးရင်ကြီးသလို [illegible]ချိန်ပြောင်းပြီးလုပ်[illegible]





ရတာ။ မင်းလို experience ရှိတဲ့ဝန်ထမ်းက အကူနာစ့်တွေရဲ့စံပြအဖြစ် နေပြရတာ မဟုတ်ဘူးလား"

"ဟုတ်ကဲ့"

"ဒါဖြင့် သူတို့အတုယူမှားမယ့် လုပ်ရပ်မျိုးကို မင်းဘာကြောင့်လုပ် ရတာလဲ"

"ကျွန်မ. . ."

"List မှာ ဆယ်နာရီအချိန်ခွဲထားတာ မမြင်တာလား၊ မသိတာ လား။ ဒါမှမဟုတ် Theatre ထဲ မဝင်ချင်တာလား"

"မဟုတ်ရပါဘူး"

"မဟုတ်ရင် ဘာကြောင့် အလုပ်လာတာ နောက်ကျရတာလဲ"

လက်နှစ်ဖက်ကို ကျစ်ကျစ်ဆုပ်ထားမိပါ၏။ တစ်ခါလေးပါ၊ တစ် ကြိမ်တစ်ခါလေး ကားကြုံစီးမိတဲ့ပြစ်မှုက ဤမျှအထိ ကြီးသွားစရာမှမရှိ တာလေ။ ဘယ်လိုဖြစ်ပြီး ဒါကိုပဲ အမ်ချမတ်ချ စူးစိုက်မြင်ပြီး အပြစ်တင် ရပါသလဲ။ တကယ်ဆို သူမရောက်လာချိန်က မနက်(၉)နာရီမှာ (၅)မိနစ် လေးသာ စွန်းပြီးနောက်ကျသွားရတာပါ။

"နောက်. . ."

"နောက်ကို မဖြစ်စေရပါဘူးဆိုပြီး ကတိကိုလွယ်လွယ်ပေးချင်ပြန် ပြီလား။ နှုတ်တစ်ရာထက် စာတစ်လုံးက ပိုပြီးတိကျ ပြတ်သားသေချာ တယ်"

အလိုလေး! ဝန်ခံကတိတွေဘာတွေ လက်မှတ်ထိုးရဦးမှာလား။ ရာ ဇဝတ်သားလည်း မဟုတ်ပါဘဲ ဤမျှကြီးလေးသည့် ပြစ်ဒဏ်မျိုးတော့ မပေးသင့်ပါလေ။ ခုဟာပါပဲ၊ ကျောင်းပြေးတဲ့ကျောင်းသူလိုမျိုးအမြင်နဲ့အခု



www.burmeseclassic.com

www.burmeseclassic.com



ခံနေရပြန်ပါပြီ။ လူကို ဘာမှပြန်မပြောနိုင်အောင် နှုတ်ပိတ်ထားစေချင် တယ်ထင်ပါရဲ့။

"ဒီကို စရောက်ကတည်းက ဘယ်ဝန်ထမ်းမှ မင်းလိုစည်းကမ် ဖောက်ဖျက်တာမတွေ့ဘူး။ မင်းရှုပ်ရှည်ကိုမြင်တာနဲ့ ဒီလိုလုပ်တတ်လိမ့် မယ် မထင်စရာ. . ."

"ကျွန်မ. . ."

"ဒေါက်! ဒေါက်!"

"Operation ဝင်ဖို့ ready ဖြစ်ပါပြီ ဒေါက်တာ"

"လာခဲ့မယ်"

"နောက်ကို မင်းနဲ့ အခုလိုမျက်နှာချင်းဆိုင် မပြောပါရစေနဲ့။ သွာ နိုင်ပြီ"

"ဟုတ်ကဲ့"

"ဒေါက်တာ၊ Operation ခန်းမှာ ကူရမှာ ဒီနာ့စ်ပါ"

"တခြားနာ့စ်ပြောင်းပေးပါ ဒေါက်တာ"

"ရှင်. . ."

မျက်နှာပျက်ရပါ၏။ ခွဲစိတ်ခန်းဝင်ရဖို့ အဖယ်ခံရသတဲ့လား။ တ သက်နဲ့တစ်ကိုယ် တစ်ကြိမ်တစ်ခါမှ မကြုံဖူးတဲ့အဖြစ်ပါပဲ။ ကိုယ်က ည လို့ ကျွမ်းကျင်မှုမရှိလို့ဆိုလည်း ထားပါတော့။ အခုတော့ ဘာမဟုတ် ပြစ်ချက်ကို အတေးအမှတ်ထားပြီး ဖြုတ်ချခံရတာပါပဲ။

"မဖြစ်ဘူးထင်တယ်နော်၊ ဒီနေ့ Duty ဝင်တာ ကျွမ်းကျင် Nurs ခြောက်ဦးပဲရှိတာ။ သူတို့က နေ့လယ်နှစ်နာရီလောက်မှ ဝင်မှာမို့"

"ကျွန်တော်ပြောသလိုသာ လုပ်ပေးပါ Matron. Please!"





ရုံးခန်းထဲမှ အသာထွက်လာခဲ့ပါ၏။ ရက်ဖွယ်အတိပါပဲ။ ဘယ်လို အခက်အခဲ အတားအဆီးမျိုးကိုမဆို ရင်ဆိုင်ရဲတဲ့မိုးရန့်ရဲ့သတ္တိတွေက ကြက်ပျောက်ငှက်ပျောက် ဖြစ်ကုန်ပါရောလား။ ဘယ်အလုပ်မျိုးမှာမဆို အတိုက်အခံရှိတတ်တာတော့ မှန်ပေမယ့် ကိုယ်နဲ့ပခုံးချင်းယှဉ်ထိုက်တဲ့ တန်းတူသာရှိကြတာပါ။ အခုလို ကိုယ့်ထက်အင်အားကြီးသူ ရာထူးမြင့် သူရဲ့ နှိပ်ကွပ်နင်းချေတဲ့ပုဂ္ဂိုလ်မျိုးက ရှိမှမရှိတာလေ။

သေချာတာတစ်ခုကတော့ ဒီဒုဆေးရုံအုပ်နှင့် သူမ ခွဲစိတ်ခန်းအတူ ဝင်တဲ့အခွင့်က ဘယ်တော့မှရှိမှာမဟုတ်တော့ပါချေ။ မျက်မုန်းကျိုး မုန်း ယီးတတ်တဲ့အကျင့်က မိန်းမတွေထံမှာသာ ရှိတတ်တာပါ။ အခုလိုမျိုး ယောကျ်ားရင့်မကြီးရဲ့ တောင့်စေ့အောင် အရိပ်ကြည့်အပြောခံရတာက ထထမခံနိုင်အောင်ပါပဲ။ ငိုချင်စိတ်ကို အတတ်နိုင်ဆုံးဖြေဖျောက်ကာ အလုပ် မှာ အာရုံစိုက်လိုက်ပါသည်။

မေ့ဆေးဆရာဝန်က တာဝန်ပြီးပြီမို့ ခွဲခန်းတွင်းမှ ထွက်သွားပါ၏။ ပိုးသတ်ဝတ်စုံနှင့် လက်အိတ်ကိုဝတ်ကာ ခွဲစိတ်ရန် သူပြင်ဆင်လိုက်ပါ သည်။ အလုပ်ကို စိတ်ကြည်ကြည်နှင့် လာပေမယ့် အခုတလောလေး အတွင်းမှာ သူ့ကိုစိတ်အနှောင့်အယှက်ဖြစ်စေသည့် နာ့စ်တစ်ဦးက အနီး သို့ရောက်လာတာ မဟုတ်ပါလား။

"သွေးအဆင်သင့်ရှာထားပါ၊ Patient က အသက်ကြီးလို့ ဂရု စိုက်ရမယ်"

အကူနာ့စ်ကို သတိပေးကာ ခွဲစိတ်မှုစတင်လိုက်ပါသည်။ ဓား၊ တတ်ကြေး၊ ညှပ်၊ ဂွမ်း စသည်ဖြင့် လိုအပ်တာ တစ်ခုချင်းတောင်းတိုင်း နောက်မှာစောင့်နေသည့်နာ့စ်မလေး၏ တုန်ရီနေသည့်လက်ကြောင့် စိတ်



www.burmeseclassic.com

www.burmeseclassic.com



အတော်ပျက်မိပါ၏။ ဘယ်လိုဖြစ်တာလဲ။ သူကိုယ်တိုင်က စိတ်မြန်လက် မြန်ဖြစ်ပေမယ့် အလုပ်ကို တိကျသေချာအောင် လုပ်ကျင့်ရှိသည့်စိတ် ဘယ်လိုမှမြင်မရတာလေ။

"သွေးစိမ့်လာပြီ"

အကူဆရာဝန်တွေ ကျွမ်းကျင်၍ တော်ပါသေး၏။ သူကိုကပဲ မျက် နှာမာလွန်း၍လား၊ သို့တည်းမဟုတ် သူယူထားသည့်ရာထူးအရှိန်ကြော လားမသိပါ။ ဘယ်ဆရာဝန်မှ လိုသည်ထက် စကားအပိုမပြောရဲပါ ပြုံးရုံသာပြုံး၍ နှုတ်ဆက်ရုံထက် မပိုကြတာမို့ လေမကုန်ရတာပါပဲ။

သို့သော် ဒီရောက်ကတည်းက ထိုနာစ့်ကို မျက်စိစပါးမွေးစူးမိတ ဘာကြောင့်များပါလိမ့်။ သူ့ကို လှမ်းကြည့်လိုက်သည့် မျက်ဝန်းတစ်စုံ အားက အတော်များလွန်းပြီး ထိုအကြည့်တွေကို ရုတ်တရက်ပြန်သိမ်းက ဖုံးအုပ်သွားသည့် မျက်တောင်စိတ်စိတ်များ၊ အများအလယ်မှာ ထင်း မြင်သာသည့်မျက်နှာနှင့် အရပ်အမောင်း၊ ပြီးတော့ ဝင်းပရွှန်းစိုသည် အသားအရေ။

အထူးသဖြင့် ရင်ကိုလှုပ်ရှားစေသည့်အပြုံးမျိုးက သူ့ဒေါသကို သည့်နှယ်ဖြစ်စေတာလေ။ ဒီလိုပြုံးတတ်သည့်အပြုံးပိုင်ရှင်က သူလိုလူ အရှက်တကွဲဖြစ်စေခဲ့တာမဟုတ်ပါလား။ နှလုံးသားကို ဖလှယ်ခြင်းပြု တာမှန်ပါလျက် သူ့ကိုပြက်ရယ်ပြုခဲ့တာလေ။ သူလိုလူရဲ့အချစ်က သူ အတွက် အဆိပ်အတောက်ဖြစ်စေခဲ့သတဲ့လား။

"အချစ်က အမြဲပြောင်းလဲတတ်တဲ့သဘောမျိုးရှိလို့ပါ။ မောင့်ကို ချစ်ပါတယ်၊ တစ်သက်လုံးလည်း ချစ်သွားမှာပါ။ ဒါပေမဲ့ အချစ်ဆိုတာ လက်ထပ်ခြင်းနဲ့မှ မသက်ဆိုင်တာလေ။ ဒါကို မောင်လည်းသိမှာပါ"





ရက်စက်ပါပေ့။ ချစ်ပါတယ်ဆိုတဲ့အဖြေက နှုတ်များကလာတဲ့ သကာ လေလား။ ရင်တွင်းက စစ်မှန်မှုက ဘယ်ထွက်ပြေးလေသည်မသိ။ နောင်တ ဆိုတာထက် ကိုယ့်ကိုယ်ကိုယ် ဘာချို့ယွင်းချက်များရှိနေသလဲ။ ဘာများ လိုအပ်နေပါသလဲဟူသည့် ဆန်းစစ်သုံးသပ်ခြင်းတို့ဖြင့်သာ သူ့အတိတ်က အချိန်ပြည့်ခဲ့ရတာပါလေ။

ထိုအပြုံးနှင့် ဆင်တူလွန်းအောင် ပြုံးတတ်သည့် အဲဒီသူနာပြုလေး ကိုများ ရင်မှအငြိုးဖြင့် မျက်မုန်းကျိုးမိလေသလား။ မဟုတ်နိုင်ပါ။ သူမ လုပ်မိတဲ့အပြစ်ကြောင့် သတိပေးခေါ်ပြောတာ သူ့အလွန်မှ မဟုတ်တာဘဲ။

အထူးသဖြင့် သူမနှစ်မြို့ဆုံးက ကလေးအထူးကုဆရာဝန်လေးနှင့် ရော တတ်သည့်အကျင့်ကိုပါလေ။

ဘယ်လိုဖြစ်ပြီး စရိုက်တူသည့်မိန်းမမျိုးနှင့် ထပ်ဆုံရပြန်တာပါလဲ။ သူ့ အင်မတန်မှ သဘောကျနှစ်ခြိုက်မိသည့် ရွှန်းလဲ့လဲ့မျက်ဝန်းတို့ကို 'ကြာ'ကြည့်အကြည့်ဟူသည့် မှတ်ချက်မျိုးဖြင့် ဝေဖန်သမှုပြုခဲ့မိတာ မှား ပါသလား။ အဲဒီမျက်လုံးတွေနဲ့ပဲ ယောကျ်ားတွေကို ဖမ်းစား ပြုစားနေတာ လက်တွေ့မျက်မြင်ပါလေ။

"ဒေါက်တာ"

"ဟင်"

"ချုပ်လိုက်ရတော့မလား"

"ရတယ်"

အလို! ဘယ်လိုဖြစ်ပြီး ခွဲစိတ်ခန်းထဲမှာ သူ့စိတ်တွေ လွင့်ရပါသလဲ။ ရှေ့မှ အကူဒေါက်တာ၏သတိပေးမှုကြောင့် သတိဝင်သွားရပြီး အလုပ်ကို ပြီးမြောက်အောင် ဆက်လုပ်လိုက်ရပါသည်။



www.burmeseclassic.com

ချုပ်ရိုးချည်ကိုဖြတ်ပြီး Cutter ပြန်ပေးစဉ် နှာစ့်ထံမှ လွတ်ကျသ ထွက်လာလေ၏။ သူ ဆတ်ခနဲကြည့်မိစဉ် အကူနာစ့်လေး မျက်လုံး ငုံ့ချလိုက်တော့မလိုနှယ်။

တောက်! ခက်လိုက်တာနော်၊ အရေးတကြီးခွဲစိတ်ရပါတယ်ဆိုနေ ဒီနာစ့် တုန်လှုပ်နေလို့ဖြစ်မလား။ သူ့ကိုပဲ ရှိန်လန့်နေတာများလား။ ဆရာ ဝန်ချင်းအတူတူ ဘာများထူးခြားနေလို့လဲ။

"ပြီးပါပြီ"

အခုမှပဲ အခန်းထဲမှာ သက်ပြင်းချသံ ကျယ်ကျယ်ထွက်တော့ လက်အိတ်ကို ဘေစင်မှာ ဆေးရန်ပြင်စဉ် ဆရာဝန်တစ်ဦး ဘေးမှာလာ ရပ်လေသည်။ လက်သိပ်မပေတာမို့ သူ့ခွဲခန်းဝတ်စုံကြိုးကို နောက်မှဖြည် ကာ ဖြုတ်ပေးလိုက်လေသည်။

"Thanks... "

"ရပါတယ် ဒေါက်တာ"

အမျိုးသမီးအသံမို့ သူ သက်ပြင်းရှိုက်လိုက်မိလေ၏။ မိန်းမတွေ နှင့် သူမပတ်သက်ချင်တာ အမှန်ပါလေ။ တစ်ခါလေးဆိုပေမယ့် ဟက်တက် ကွဲသွားသည့် နှလုံးသားအက်ရာက အစိမ်းလိုက်မဟုတ်ပါလား။ နာတတ် ရင် ရှောင်တတ်ရမှာ အမှန်ပါလေ။

"ကျွန်မ မြစပယ်ရဲ့အစ်မ တော်ပါတယ်"

"ဪ"

"မြသန္တာပါ ဒေါက်တာ"

"ဟုတ်ကဲ့"

ဆေးပြီးသွားသည့်လက်ကိုသုတ်ရင်း ကမ်းပေးသည့်လက်ကို ပြန်





ဆွဲ၍ နှုတ်ဆက်လိုက်ပါ၏။ လုပ်ဖော်ကိုင်ဖက်ချင်းမို့ ဘာသဘောမှမရှိမှန်း ဤဒေါက်တာ၏ ကြည်လင်သည့်မျက်နှာကို မြင်ရုံဖြင့် သိသာနိုင်ပါသည်။ မြစပယ်ဆိုတာ ဟိုကလေးမျက်နှာနှင့် ဆရာဝန်ပေါက်စလေးမှန်း သူသိ ပါ၏။ ဆရာဝန်ဆိုတာထက် ကလေးပုံစံသာဖြစ်နေ၍ သူသတိထားမိတာ ပါလေ။

"ညီအစ်မအရင်းလား"

"ဝမ်းကွဲပါ"

"ရုပ်တော်တော်ဆင်တယ်နော်"

"ဟုတ်ကဲ့"

Corridor ဘက် အတူတူထွက်လာရင်း စကားဆက်ပြောနေမိ၏။ သူ့ကို တရင်းတနှီးပြောရဲသည့်ဆရာဝန်က ရှားတာကိုး။

"နာစ့်မိုးရန့်အပေါ်မှာ ဒေါက်တာ တစ်မျိုးများ မြင်နေသလားလို့ ပါ"

"ဗျာ"

"မနေ့ညနေက Operation အတွက် သူသွေးလှူထားလို့ ဒီ မနက် သူ နေ့တစ်ဝက် OFF ရထားပါတယ် ဒေါက်တာ"

"ဘယ်လို"

"ပြီးတော့ ကျွန်မတို့ဆေးရုံမှာ စံပြနာစ့်အဖြစ် သူလက်မှတ်ရထား တာပါ။ ဒီနေ့ဒီအချိန်ထိ ဘယ်လိုအမှားမျိုးကိုမှ သူ မဖောက်ဖျက်ဖူးပါ ဘူး။ ဒေါက်တာ အလုပ်စဝင်တဲ့နေ့က နာစ့်နော်အဲလာရဲ့ Duty ကိုပါ သူ တာဝန်ယူခဲ့ရတာပါ။ မိုးရန့်ဟာ အင်မတန်ဖြူစင်ရိုးသားပြီး ကြိုးစား တဲ့သူနာပြုဆိုတာ နောက်တော့ ဒေါက်တာ သိလာမှာပါ။ ခွင့်ပြုပါဦး"



www.burmeseclassic.com

www.burmeseclassic.com



သူ ခြေလှမ်းတို့ တုံ့ဆန့်ရပ်ကျန့်ခဲ့ရပါ၏။ ဘာလဲ. . . ဘာသဘော မျိုးနဲ့များ ဤနာ့စ်လေးဘက်ကနေ သူ့ကိုရှင်းပြနေရပါသလဲ။ သူ နား မလည်နိုင်ပါလော။

❦❦❦



## အခန်း ( ၁၁ )

နေ့လယ်ထမင်းစားချိန်မို့ ဆရာဝန်တွေ၊ နာ့စ်တွေအားလုံးနီးပါး နားကြချေပြီ။ အရမ်းစိုးရိမ်ရသည့် Patient တွေကိုစောင့်ဖို့ နာ့စ်တွေ သာ ကျန်ခဲ့ကြပါသည်။ ဆေးရုံအုပ်ကြီးနှင့်အတူ စားသောက်ဆိုင်သို့သွား ရန် ပြင်လိုက်ပါ၏။ ဒီမနက်ကို လူနာနှစ်ဦးသာ သူ့ခွဲစိတ်ပေးရပါသည်။ Lift ရှိရာဆီ နှစ်ဦးသား လျှောက်ခဲ့ကြလေ၏။

"သမီး မို၊ နေ့လယ်စာ မစားသေးဘူးလား"

"ရှင်! ဪ. . . မင်္ဂလာပါ ဆရာကြီး။ ခဏနေ နော်အဲလာတို့ ပြန်လာမှပဲ စားမှာပါ"

သူတို့ရှေ့ မလှမ်းမကမ်းမှာ File ဖွင့်ကြည့်ရင်း လျှောက်နေသည့် နာ့စ်ကို အရေးတယူဖြင့် ဆေးရုံအုပ်ကြီးက နှုတ်ဆက်လိုက်လေ၏။ ဘယ် လိုလဲ၊ ဒီနာ့စ်က တစ်ဆေးရုံလုံးမှာ ဒီလောက်အထိ သတင်းမွှေးပြီး နာ မည်ကြီးတာတဲ့လား။ သူတို့ကိုဦးညွတ်ကာ နှုတ်ဆက်လိုက်သည့်နာ့စ်လေး ၏အပြုံးက ခပ်ယဲ့ယဲ့လေးပါလော။



www.burmeseclassic.com

www.burmeseclassic.com



"ဆေးသောက်ရဲ့လား သမီး၊ ရှားတဲ့သွေးကိုမှ လှူရတယ်လို့၊ နေ့တစ်ပိုင်း မနားဘူးလား"

"ဟုတ်ကဲ့၊ မနားဖြစ်တော့ပါဘူး"

"အေးအေး. . . လူနာကြည့်ရင်း တော်ကြာ နာစ့်က လဲသွားဦးမယ်။ ဂရုစိုက်ဦး"

"ဟုတ်ကဲ့ပါ ဆရာကြီး"

သူကြည့်နေစဉ် မျက်လွှာချကာ အကြည့်ဖယ်လိုက်တာမို့ ရင်ထဲအောင့်သွားရပါ၏။ ဘာလဲ. . . ဆေးရုံအုပ်ကြီးထက် သူက ရာထူးနိမ့်လို့များလား။ မဟုတ်သေးပါဘူး၊ ဘယ်လိုဖြစ်ပြီး ဒီမိန်းကလေးက သူ့စိတ်ကို ကသိကအောင့် ဖြစ်စေရတာပါလိမ့်နော်။

"နေရတာရော. . . အလုပ်ကိစ္စပါ အဆင်ပြေတယ်မဟုတ်လား ဒေါက်တာ"

"ဟုတ်ကဲ့၊ ပြေပါတယ် ဆရာ"

Lift ခေါ်ထားတာမို့ ခဏစောင့်ရလေ၏။ သုံးလွှာမှာ ရပ်သွားသည့် Lift ထဲဝင်ရန်ပြင်လိုက်စဉ် Lift ထဲမှထွက်လာသည်က ဒေါက်တာသန့်စင်လင်း ဖြစ်နေလေ၏။

"ဟော. . . ဘယ်သူလဲမှတ်တယ်"

"အန်ကယ် Lunch သွားစားတော့မလို့လား"

"အေး. . . မောင်သန့်ကော စားပြီးပြီလား"

"ဟုတ်ကဲ့ခင်ဗျ"

"ဒါတွေက"

"ဪ. . . မမိုးရန့်မှာထားလို့ ဝယ်လာပေးတာပါ အန်ကယ်"





"အေးအေး. . . ကြိုးစားထားပေါ့"

"ဟာဗျာ"

လက်ထဲမှာ မုန့်တွေရော နို့အေးဘူးတွေပါ ကိုင်လာသည့်ဆရာဝန်လေးက မျက်နှာရဲသွားလေသည်။ ဘာသဘောနဲ့ပါလဲ။ ကြည့်ရတာ ဒီဆရာဝန်လေးက နာစ့်မိုးရန့်ကို ပိုးပန်းနေသလိုပါလေ။ အဆောင်မတူတာတောင်မှ ဒီကို မကြာမကြာရောက်နေတာမို့ မြင်ရုံနှင့်သိသာစေတာ မဟုတ်ပါလား။

"အတော်ခရီးပေါက်နေပြီမဟုတ်လား"

"ဗျာ! အာ. . . အန်ကယ်ကလည်း မဟုတ်ရပါဘူး"

မဟုတ်ပါဘူးဟူသည့် ငြင်းဆိုသံက လျော့နေပြီး၊ မျက်နှာထက်မှာဖြင့် အပြုံးက အပြည့်ပါလေ။ သေချာပါတယ်၊ ဒီချာတိတ် ဟိုကောင်မလေးကို ချိန်နေတာပါလေ။ အလုပ်တစ်ဌာနတည်း လုပ်နေရတာတောင်မှ စည်းမစောင့်ချင်တာပါလားနော်။ ဆေးရုံအုပ်က ဒီမှာ စည်းမျဉ်းဥပဒေရေးမဆွဲထားတာကိုး။ ခက်ပါရဲ့။

Lift ထဲဝင်လိုက်ပါ၏။ နိုင်ငံခြားမှာပဲ ဘွဲ့ထပ်ယူပြီး ဟိုမှာပဲ အလုပ်လုပ်ခဲ့တာမို့ ဒီပြဿနာမျိုး တစ်ခါမှမကြုံခဲ့ပါလေ။ ဘဝတူရည်မှန်းချက်လည်း တူပါလျက် သူတို့ချစ်ခရီးလမ်းက အဘယ်ကြောင့် မဖြောင့်ဖြူးခဲ့ပါသလဲ။ နှစ်ကိုယ်တူ နီးစပ်ဖို့အရေးက နှစ်ဖက်မိဘအစုံ သဘောတူထားရင် ဘာများလိုအပ်မှာပါလဲ၊ ဒါနဲ့တောင်မှ သူ့ကို ခပ်ပြင်းပြင်းရိုက်ချလိုက်သည့်ဒဏ်ရာက နာကျင်ခြင်းအပြည့်နဲ့ပါလေ။

"မောင်သန့်လည်း ဒေါက်တာလိုပဲ အန်ကယ်နဲ့ရင်းနှီးတဲ့မိတ်ဆွေရဲ့သားပါပဲ။ သူက တစ်မူတော့ ထူးခြားတယ်။ ဒေါက်တာက ဆေးကုသ



www.burmeseclassic.com

www.burmeseclassic.com



ရာမှာ ကျွမ်းကျင်ပြီး နာမည်ရသလို မောင်သန့်က ကလေးအထူးကုမို့ ကလေးတွေကို စိတ်နဲ့ကုသရာမှာ နာမည်ကြီးတယ်လေ။ သမီးမိုးလည်း ထို့အတူပေါ့။ ဟိုတစ်နေ့က အန်ကယ့်ဝမ်းကွဲညီရဲ့ အမျိုးသမီးကို အမရေ ပေါ်ခွဲစိတ်ဖို့ သွေးလိုတာနဲ့ လှူပေးတာပဲ ကြည့်"

"ဪ"

"ဟင်းဟင်း. . . ဒီကောင်လေးနဲ့ မိုးရန့်က ဒီဆေးရုံမှာ နာမည်ကြီးနေတာလေ။ စောင့်ကြည့်နေကြတာပဲ၊ ဘယ်တော့ နီးစပ်ပုံမလဲ မသိပါဘူး"

သူငြိမ်နေမိပါ၏။ ဆေးရုံအုပ်ကြီးကအစ သဘောတူနေတာပါလား။ ကြည့်ပါဦး၊ သူကဖြင့် ဒီကောင်မလေးကို ဒီစရောက်တဲ့နေ့ကတည်းက အမြင်မကြည်ဘဲ အမျိုးမျိုးပြဿနာရှာမိခဲ့တာလေ။ မဟုတ်သေးပါဘူး။ ပြဿနာကိုက ရှာကြံဖြစ်တည်လာတာမဟုတ်လား။ သူက အစစအရာရာ စေ့စပ်သေချာစွာ လုပ်ဆောင်တတ်တဲ့အကျင့်ရှိနေတာကြောင့်ပဲလား။ မသိတော့ပါလေ။

စားသောက်ဆိုင်ထဲမှာထိုင်ပြီး စားစရာမှာချိန်အထိ စိတ်ရှုပ်ထွေးနေမှုက မပျောက်သေးပါချေ။ 'မိုးရန့်'တဲ့။ ခပ်ဆန်းဆန်းအမည်နဲ့ မိုးရှင်းတဲ့အပြင်အဆင်က သူမကို နာမည်နှင့်တွဲပြီး ထင်ပေါ်စေသလိုပါလေ။ ဖြစ်သင့်ပါရဲ့လား၊ တကယ်ဆို ဂုဏ်ရှိန်ကိုယ်ဝါ တောက်ပပြီး နောက်ခံအင်အားရှိတဲ့သားသမီးမျိုး၊ ပညာတော်ပြီး ထင်ရှားတဲ့လူမျိုးကမှ ကြယ်ပွင့်တွေလို တောက်ပရမှာလေ။

အခုတော့ ဘာမှမဟုတ်တဲ့ သာမန်သူနာပြုဆရာမလေးက သူ အလုပ်လုပ်တဲ့ ပုဂ္ဂလိကဆေးရုံကြီးမှာ အထင်ကရနဲ့ နာမည်ကြီးနေရတယ်





လို့။ ဒီလိုသာ ဆေးရုံအုပ်ကြီးကအစ ဒီကလေးမအပေါ် မျက်နှာသာပေးနေပါက ဒီကောင်မလေး ဘဝင်လေဟပ်တော့မှာလေ။ သူခေါ်ပြောတဲ့အခါတိုင်း မျက်လွှာချထားပေမယ့် အထက်လူကြီးကို ပြန်ခံပက်ချင်တဲ့ ပုံစံမျိုး တွေ့နေရတာ မဟုတ်လား။

"မောင်ကျော်စွာမှာရော ရည်မှန်းထားတဲ့သူရှိလား"

"ဗျာ"

ရုတ်တရက် အံ့ဩသွားရပါ၏။ ဖြေရခက်သည့်မေးခွန်းမျိုးကိုမှ မေးရတယ်လို့၊ ဘယ်တော့မှ ဘယ်သူ့ကိုမှ ပြောမပြချင်သည့် သူ့အတိတ်ကို အပြီးတိုင် ပြည်ဖုံးကားချထားချင်တာပါ။ အရှက်ဆိုတာ တစ်ကြိမ်လေးရှုံ့နဲ့ သိက္ခာတရားကို အဖတ်ဆယ်ရခက်တာပါလေ။ ဟိုမှာဖြစ်ပျက်ခဲ့တာဖြစ်ပေမယ့် သူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းအထိ နားပေါက်ခဲ့တာမို့ 'သီဟကျော်စွာ'ဟူသည့်အမည်က မှေးမှိန်ခဲ့ရတာ မဟုတ်ပါလား။

"မရှိပါဘူး ဆရာ"

"မောင်သန့်လို ပေါ့ပေါ့ပါးပါး အန်ကယ်လို့ပဲခေါ်ပါလား"

"ဟုတ်ကဲ့"

"ကိုသီဟနဲ့ မညို့က ရှာမပေးဘူးလား"

"အဲဒီလိုမဟုတ်ရပါဘူး"

မျက်နှာမပျက်အောင် မနည်းသတိထားနေရပါ၏။ ဒေါက်တာ ဦးမြတ်မောင်က သူ့မျက်နှာကိုရိပ်မိရှာထင့်၊ ဘာမှဆက်မမေးတော့ဘဲ ထမင်းကိုသာ အာရုံစိုက်စားနေပြီမို့ တော်ပါသေးရဲ့။ တစ်ခါဆို တစ်ခါဆိုသလောက် အထိနာခဲ့တာမို့ ဒီကိစ္စကို မိဘနှစ်ပါးစလုံးက အခုထိ အစမဖော်ပါချေ။ ရင်ထဲကဒဏ်ရာက လတ်လတ်ဆတ်ဆတ်ကြီး ရှိနေတုန်းမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ်ကျော်နေပြီဖြစ်သော်ငြား သူ့အဖို့က မနေ့တစ်နေ့ကလိုပါလေ။

နေ့ခင်းတစ်ချက် ဆရာဝန်ကြီးနှင့် Round လှည့်ချိန် သူမကို မတွေ့ရပါချေ။ နာရီက နှစ်နာရီမို့ အခုမှ Lunch စားဖြစ်မယ်ထင်ပါရဲ့။ လူနာတွေ တစ်ဦးချင်း မေးတာမေး၊ စစ်တာစစ် လုပ်နေတာမို့ သူက ဘာမှမမေးဖြစ်ဘဲ ဘေးမှအသာလိုက်ခဲ့ပါ၏။ ရာထူးကြီးတွေပဲ ပါလာတာ မို့ ဒီနေ့ သူ့ကိုစကားပြောသည့် ဒေါက်တာမြသန္တာပါ သူတို့အုပ်စုထဲမှာ ပါဝင်နေလေသည်။

"အိမ်ကလာတာ နောက်ကျနေလို့ ဆရာမ ဝယ်တိုက်တာပါ"

"ဟုတ်လား"

တစ်ဖက်ကုတင်မှလူနာနှင့် စကားတီးတိုးပြောသံကြောင့် သူ လှည့်ကြည့်လိုက်မိပါ၏။ ဒေါက်တာမြသန္တာက လူနာချာတိတ်လေးနှင့် တီးတိုး စကားပြောနေတာပါလေ။ ကုတင်ဘေးစားပွဲထက်မှာ ရှိနေသည့်မုန့်ထုပ်တွေနှင့် နို့အေးဘူးတို့ကို သူတွေ့လိုက်ရပါသည်။ ဒါဖြင့် ဟိုဆရာဝန်လေး ပိုးကြေးပန်းကြေး ဝယ်ကျွေးတာမဟုတ်ဘူးပေါ့။ လူနာအတွက် ထမင်းမှာ ပေးလို့ ဝယ်လာပေးတာပေါ့လေ။

Special room က လေးယောက်ခန်းလည်းရှိတာမို့ လူနာလေး ဦးစလုံးကိုကြည့်ပြီး ထွက်လာခဲ့ပါသည်။ ရုံးခန်းမှာပြန်နားပြီး ဆေးကုသမှတ်တမ်းတို့ကိုပြန်စစ်ရင်း အတွေးတွေကို ဖြတ်လိုက်မိလေသည်။ သူက ဒီအလုပ်ကို ဝါသနာပါလွန်းလို့ အရမ်းစာကြိုးစားခဲ့ရတာပါ။ စာနဲ့ပတ်သက်လာရင် ထမင်းမေ့ဟင်းမေ့လေ့လာခဲ့တာမို့ အထက်တန်းကျောင်းသားဘဝကတည်းက မေမေက သူ့နောက်ကနေ ထမင်းပန်းကန်မှာ ဖွန်းတပ်ပြီး လိုက်ကျွေးခဲ့တာလေ။





"အန်ကယ် ပြန်တော့မယ် မောင်ကျော်စွာ"

"ဗျာ! ဪ. . . ဟုတ်ကဲ့ပါ အန်ကယ်"

"Duty ဘယ်အချိန်ဆင်းမှာလဲ"

"ခုနစ်နာရီမှာပါ အန်ကယ်. . . ဒါပေမဲ့ စောင့်ကြည့်ပါဦးမယ်။ ...ergemcy Patient လာတတ်လို့ပါခင်ဗျ"

"အေးအေး"

ဆေးရုံအုပ်ကြီးပြန်သွားပြီး အတော်ကြာကြာအထိ ရုံးခန်းမှာပင် ...ပါ၏။ စာကြည့်တာကြာပြီမို့ ဇက်ကြောင်းကာ မတ်တပ်ရပ်လိုက်ပါ ...ည်။ လက်မှနာရီက ရှစ်နာရီထိုးရန် (၁၅)မိနစ်ကိုညွှန်ပြနေလေပြီ။ ပြန် ...ပြီပဲ။ ချိတ်ထားသည့် Duty coat ကိုပြန်မဝတ်တော့ဘဲ လက်မှာ ...ကာ ရုံးခန်းတံခါးကိုဖွင့်ထွက်လိုက်ပါသည်။

ဒီမှာ Uniform တွေကို လျှော်ပေးသည့် Laundry ရှိပေမယ့် ...ာ မေမေကိုယ်တိုင် လျှော်ဖွတ်မီးပူတိုက်ပေးတာကိုသာ နှစ်သက်တာ ...။ Lift ရှိရာဆီလှမ်းခဲ့စဉ် ပြန်ရန်စောင့်နေသည့်လူစုက များနေတာ ...ိုးလှေကားမှသာ ဆင်းခဲ့ပါ၏။ သုံးလွှာလောက်ပဲမို့ လှေကားထစ် ...များဘဲ အလိုလို Exercise လုပ်ဖြစ်သလိုဖြစ်မှာမဟုတ်လား။

ရိုးရိုးလှေကားဆိုရှိ စိတ်ထဲမှာ သူမကိုဖျတ်ခနဲအမှတ်ရသွားပါ၏။ ...တယ်၊ အရေးပေါ်အခြေအနေကလွဲပြီး မိုးရန့်ဟာ Lift ကို ဘယ် ...မှမသုံးတာလေ။ ဒီလှေကားထစ်တွေကို ခပ်မြန်မြန်သုတ်သုတ် တက် ...ပြုလုပ်တတ်သည့် အဖြူရောင် Slipper စီးထားပါသော ခြေချောင်း ...သွယ်တို့မဟုတ်ပါလား။

အလို! ဘယ်လိုဖြစ်ပြီး သူ့အတွေးထဲ သူမက ရောက်လာတာပါ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်။ ခေါင်းကို ဆတ်ခနဲမော့ထုတ်ပစ်လိုက်ပြီး ဒုတိယထပ်လှေကားထစ်
ကို ဆင်းလိုက်ပါ၏။ လှေကားလက်ရမ်းကို ခပ်ဖွဖွဆုပ်ကိုင်ထားရင်း ဆင်း
လာသည့်သူ့ခြေလှမ်းတို့က ရုတ်တရက် အလိုလိုရပ်တန့်သွားလေသည်။

ဘုရားရေ! ဒါတိုက်ဆိုင်မှုလေလား။ တစ်ကြိမ်တစ်ခါမှ သူမသုံးဖြ
ခဲ့သည့် ရိုးရိုးလှေကားကို ဒီညမှ သူဆင်းလာမှ သူမနှင့်တိုးရတယ်လို့လေ
ရှေ့ဆီမှ ပုံမှန်ခြေလှမ်းဖြင့် ဆင်းနေသည့်သူမကြောင့် သူ ခဏမျှတွေ
သွားရသည်။ နေပါဦး. . . သူ့နေရာမှာ ဟိုဆရာဝန်လေးသာဆို စကား
ရောဖောရောပြောပြီး ကားကြုံတင်ခေါ်တော့မှာလေ။ သူက အဲဒီဆရာဝ
လေးမှမဟုတ်တာဘဲ။

ကောင်းပြီ. . . မမြင်ယောင်ဆောင်ကာ ရှေ့ကိုကျော်ပြီး ဆင်း
ပဲ အဆင်ပြေမှာပေါ့။ ဆုံးဖြတ်ချက်ချပြီးသည့်ခြေလှမ်းကို မြန်ကာ ခြေ
လှမ်းပါး ဆင်းလာခဲ့စဉ် သူမခြေလှမ်းရပ်သွားတာကို မြင်ရလေ၏။ ဘာ
စကားမှမပြောချင်တာမို့ ဒီအတိုင်း သူမဘေးမှ ဆင်းလိုက်စဉ် ဒူးခွေလျ
လဲသွားသည်က သူမပါလေ။

"မိုးရန့်"

သူ အမြန်ဖမ်းပွေ့လိုက်စဉ် ခပ်ပျော့ပျော့ခန္ဓာကိုယ်က သူ့ရင်ခွင်
ထဲသို့ ထွေးခနဲကျလာလေ၏။ ပြီးနောက် ခပ်လျော့လျော့ထုံးထားသည်
ဆံနွယ်ရှည်တို့က ပြေလျော့ကုန်လေသည်။ ခဏတာမျှ တကယ့်ကို ခဏ
တခဏလေးပါပဲ။ ဘယ်လိုမှထင်မထားတဲ့အချိန်၊ မထင်မှတ်တဲ့နေရာမှာ
မည်သို့မျှ မမျှော်လင့်ထားသည့်အဖြစ်အပျက်က သူ့ဆီ တိုးဝှေ့ဝင်ရောက်
လာတာပါလေ။ မင်း ဘယ်လိုများ လုပ်လိုက်ပါသလဲ 'မိုးရန့်' . . .

❀ ❀ ❀



## အခန်း ( ၁၂ )

လေးပင်သည့်မျက်ခွံတို့ကို ဖြည်းဖြည်းချင်း ဖွင့်လိုက်မိ၏။ မျက်
နှာကြက်ဖြူဖြူနှင့် Aircon ဖွင့်ထားခြင်းကြောင့် အေးစိမ့်စိမ့်အရသာကို
ခံစားလိုက်ရလေသည်။ အဆောင်မှာမဟုတ်ပါလား။ ဒါဖြင့် ဆေးရုံမှာပဲ
ရှိတုန်းပေါ့လေ။ အထိတ်တလန့်ဖြင့် ဆတ်ခနဲထထိုင်ရန်ပြင်စဉ် ခေါင်းထဲ
မိုက်ခနဲ မူးသွားရပါ၏။

"မထနဲ့လေ၊ ကျစ်. . . Drip ချိတ်ထားတာကို"

"ဟင်!"

လက်မောင်းကိုထုပ်ကိုင်လိုက်သည့် ခပ်နွေးနွေးလက်တစ်ဖက်ကြောင့်
လန့်သွားရပါ၏။ ဘုရားရေ! ဘယ်လိုဖြစ်ပြီး ဒီဆရာဝန်က သူမအနားမှာ
ရှိနေရတာပါလိမ့်။ မဟုတ်သေးဘူး၊ ဒီနားနေခန်းကို သူမ ဘယ်လိုရောက်
လာပါသလဲ။ မေးခွန်းများစွာက သူမ၏ဦးနှောက်ကို နှောက်ယှက်လာစေလေ
၏။

"ကိုယ်ခံအားမကောင်းရင် သွေးမလှူသင့်မှန်း နားမလည်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖြစ်ပြီး Nurse လက်မှတ်အောင်ခဲ့သလဲ''

ရော်. . . နေမကောင်းမှန်း မြင်နေတာတောင်မှ အဆူက ခံရပြန်ပါပြီ။ သူမအပေါ် ဒီဆရာဝန်အမြင်မကြည်တာ ဘယ်တော့များမှ ရပ်ပါ့မလဲ။ အရေးတကြီးအခြေအနေမို့ သွေးလှူလိုက်တာကိုပဲ သူမအပြစ်ဖြစ်ရပြန်ချေပြီ။ လူကို ကျောင်းသူလေးလို ဘယ်အချိန်ထိမြင်ပြီး သူငေါက်နေဦးမှာပါလိမ့်။

''လူနာကိုပြုစုစောင့်ရှောက်ပေးတဲ့လူက ကိုယ်ခံအားကောင်းပြီး ကျန်းမာနေမှဖြစ်မှာပေါ့။ နောက်ကိုဒီလိုမလုပ်နဲ့. . . ကြားလား''

''. . .''

''ကိုယ်ဖြစ်တော့ ဘယ်သူက လာပြုစုမှာလဲ။ ကံကောင်းလို့ ပြုတ်မကျတာ''

''ရှင်!''

ဟော! သူပြောမှပဲ သူမသတိရတော့တာပါလေ။ ဟုတ်သားပဲ၊ အိမ်ပြန်မယ်ဆိုပြီး လှေကားကဆင်းလာစဉ် မူးလဲတာမဟုတ်လား။ အလို! မျက်နှာပူလိုက်တာနော်။ ဒါဖြင့် သူမကိုလှမ်းပွေ့ကူလိုက်တာ ဒေါက်တာ သီဟကျော်စွာ ဖြစ်နေတာပေါ့လေ။

မထိုင်ဖို့ပြောပေမယ့် ဘယ်လိုမှလှဲမနေနိုင်တာမို့ ကုတင်ထက် ထိုင်လိုက်မိပါ၏။ လက်ဖျံမှာသွင်းထားသည့်အပ်က လက်လှုပ်သွားတာမို့ ဆောင့်ဆွဲသလိုဖြစ်သွားပြီး စစ်ခနဲနာကျင်သွားရပါသည်။ မျက်နှာထက် နာကျင်မှုကြောင့် မဲ့သွားရလေသည်။

''ကျစ်. . . ပြောနေတယ်လေ၊ စကားကိုနားမထောင်ဘူး။ မင်း အတော်ခေါင်းမာပါလား''





လက်ဖျံထက်မှ Tape ကိုဖိပေးပြန်လေ၏။ ဂရုစိုက်စရာမှ မလိုတာလေ။ သူမက ဒီဆေးရုံမှာလာတက်တဲ့လူနာမှ မဟုတ်တာဘဲ။ Drip plastic ကိုမော့ကြည့်စဉ် ကုန်ရန်အနည်းငယ်မျှကျန်နေသေးလေ၏။ သူက သူမကြည့်တာကို သိနေပုံဖြင့် ထပ်ပြောပြန်လေသည်။

''Drip မကုန်သေးဘဲ ပြန်ဖို့စိတ်မကူးလေနဲ့။ ကိုယ့်ကိုယ်ကိုယ် ဂရုမစိုက်နိုင်ရင် လူနာတွေကို ဘယ်လိုစောင့်ရှောက်မှာလဲ''

ခက်လိုက်တာနော်။ သူ့ရှေ့ကနေ အမြန်ဆုံးပြေးချင်နေပါပြီဆိုမှ ကြာလိုက်တာ။ အမြဲတစေ စိတ်ရှည်တတ်သည့်သူမအဖို့ ယခုတော့ စိတ်မရှည်ချင်တော့ပါလေ။ မြန်မြန်ပြန်မှသာ သူ့မျက်စိအောက်က လွတ်မှာမဟုတ်ပါလား။

''ကျေးဇူး. . . ကျေးဇူးတင်ပါတယ် ဒေါက်တာ''

ဘာမှပြန်မပြောတာမို့ မျက်လွှာကိုပင့်ကြည့်လိုက်မိစဉ် ရင်ထိတ်သွားရပါ၏။ သူမကိုစိုက်ကြည့်နေပါသည့်မျက်ဝန်းတို့ကို ရင်မဆိုင်ရဲပါဘဲ အကြည့်ကိုလွှဲလိုက်ရလေသည်။ ဘယ်လိုကြီးလဲ၊ ဘာဖြစ်လို့များ ဒီလိုစူးစူးစိုက်စိုက်အကြည့်မျိုးနဲ့ သူမကိုကြည့်နေတာပါလိမ့်။ သူမ နားမလည်နိုင်ပါလေ။

''ဒေါက်တာ. . . ကျွန်မ''

''မလိုပါဘူး''

''ဟင်လေ''

''ကုန်မှပြန်ရမယ်လို့ပြောပြီးပြီလေ၊ ဒီမှာစောင့်ပေးနေတာတောင် အားနာရကောင်းမှန်းမသိဘူးလား။ မင်းဘယ်လိုလဲ မိုးရန်''

ငြိမ်လိုက်ရပါ၏။ အပြောက မလွတ်ပါလား။ ဘာပြောမယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကို ကြိုသိနေပုံဖြင့် သူမဘာမှပြောမထွက်အောင်ကို ပိတ်ပြောတော့တာလေ။ လေသံက ခပ်မာမာဖြင့် နူးညံ့ပျော့ပြောင်းမှုမရှိ။ ဒီပုံစံနဲ့များ ဘွဲ့လွန်လက်မှတ်တွေ ဘယ်လိုများရခဲ့ပါလိမ့်။ ဆေးကုသရာမှာတော့ အတော်ကိုကျွမ်းကျင်သည့် ပါရဂူပါပဲ။

"မနက်ဖြန် OFF မရရင် Leave တစ်ရက်ယူလိုက်ပါ"

"အို. . . ဘယ်ဖြစ်ပါ့မလဲ"

"ဘာလို့မဖြစ်ရမှာလဲ၊ မင်းတစ်ယောက်မရှိရုံနဲ့ ဆေးရုံပိတ်ရမှာမှမဟုတ်တာ။ ဘယ်တော့မဆို အမြဲ Complain တက်တတ်လို့ မင်းကို … ကျစ်. . ."

'အမြင်ကပ်တယ်'လို့ပြောချလိုက်ပါလား။ သိသားပဲ. . . စရောက်ကတည်းက သူမကိုမျက်မုန်းကျိုးပြီး နေ့စဉ်လိုလို ဆူပူပြောဆိုနေတာလေ။ အလုပ်မှာ ပျော်ရတာထက် သူနဲ့နီးစပ်ပြဿနာဖြစ်ရတာက သူမအဖို့ စိတ်ရှုပ်စရာဖြစ်ရတာ မဟုတ်ပါလား။

လက်မြှောက်အရှုံးပေးလိုက်ချင်ပေမယ့် ဒီမှာအလုပ်စဝင်ခဲ့စဉ်က … Sign ထိုးထားရတဲ့ Bond တန်ဖိုးကို သူမမှ မလျော်နိုင်တာလေ။ … ချုပ်မိတယ်ဆိုတာ ဒါမျိုးကိုခေါ်တာထင်ပါရဲ့။ အလုပ်ခြေငြိမ်ပြီး ဟိုပြောင်း … ဒီပြေးမလုပ်ရလေအောင် ချုပ်ကိုင်ထားပါသည့် သိန်းချီပေးရမည့်စာချုပ်က သူမတို့လိုအောက်ခြေဝန်ထမ်းတို့ကို ချုပ်ကိုင်ထားတာပါလေ။

မယှဉ်သာပါ။ ယှဉ်ပြိုင်ဖို့လည်း စိတ်မကူးမိပါ။ ကိုယ့်ထက် ရာထူး … မြင့်မားသည့်လူ၊ ပညာတော်သည့်လူ၊ ဂုဏ်သိက္ခာရှိသည့်လူမျိုးကို လေး … စားအားကျရုံကလွဲပြီး မနာလိုမရှုစိမ့်ဖြင့် ပခုံးချင်းယှဉ်လို့မှမရတာလေ … အဆင့်အတန်းဆိုတာ ညှိယူလို့မှမရတာဘဲ။





"ဘယ်မှာနေတာလဲ"

". . ."

"မေးရင်ဖြေမှပေါ့"

"အဆောင်မှာပါ"

"မိဘတွေက နယ်မှာနေလို့လား"

မျက်ရည်ဝိုင်းသွားရပါ၏။ မိဘတွေမရှိတော့တာကို အများစု၏ … အကြည့်က မိဘမဲ့လို့မြင်ပြီး ကရုဏာသက်ကြသလို ခပ်နိမ့်နိမ့်မျက်လုံး … ၏အကြည့်ဒဏ်ကို ခံရတတ်တာလေ။ ဒါကြောင့် လူတွေနှင့်သိပ်မရော … ကင်းကင်းရှင်းရှင်းနေလေ့ရှိတာကို ဒေါက်တာသန့်ဇင်လင်းက 'မာနကြီးသူ'ဆိုပြီး သူမကိုဝေဖန်ခဲ့တာပါ။

"မဟုတ်ပါဘူး"

"ဘာဖြစ်လို့"

"မိဘတွေမရှိကြတော့လို့ သူငယ်ချင်းနဲ့အတူ အဆောင်မှာနေတာ … ပါ"

"Sorry. . . အိမ်ပြန်ရင် မင်းတစ်ခုခုထပ်ဖြစ်တဲ့အခါ ကြည့်ပေး … ယ့်သူမရှိမှာစိုးလို့ မေးမိတာပါ။ တစ်မျိုးမထင်ပါနဲ့"

"ရပါတယ်"

စကားသံတိတ်သွားလေ၏။ ထင်သားပဲ၊ သူမကြိုသိထားသလို သူမ … ပေါ် သူတစ်ခုခုထင်မြင်ပြီး ကြည့်နေတော့မှာလေ။ သနားစရာမလိုအပ် … ။ လောကမှာ သူမထက် အခြေအနေဆိုးတဲ့လူတွေ ဒုနဲ့ဒေးရှိနေတာပဲ … ဟုတ်လား။ ခြေအကောင်းလက်အကောင်းနဲ့ အလုပ်လက်ရှိတစ်ယောက် … ကို ဘယ်လိုမှ ကရုဏာသက်စရာမှ မလိုတာဘဲ။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ပို့ပေးမယ်"

"နေပါစေ ဒေါက်တာ၊ ကျွန်မ ကိုယ့်ဘာသာ ပြန်လို့ဖြစ်ပါတ

"ညဆယ်နာရီကျော်နေပြီ၊ Bus တွေမရှိရင် Taxi နဲ့ပြန်ရမေ မိန်းကလေးတစ်ယောက်တည်းဖြစ်နေတာရော၊ လမ်းမှာ တစ်ခုခုဖြစ် မှာရောကို ပူလို့ လိုက်ပို့ပေးမယ်ပြောတာပါ။ စေတနာကို နားမလည် လား"

ကဲ! ပြောကိုမပြောချင်တော့ပါဘူး။ နဂိုကတည်းက သူမကို Co plain တက်လို့ဆိုပြီး မြင်နေတာကို ဘယ်ပြောလို့ဖြစ်မှာတဲ့လဲ။ မြ ပြန်ပို့ အဆောင်ပြန်ရောက်လည်း အေးတာပေါ့။ အသက်အရွယ်အရ ရာထူးအရပါ၊ သူ့ပြောစကားကို နာခံရမှာအမှန်ပါလေ။

"သွားစို့"

ခေါ်နေချေပြီ။ လက်မှအပ်ကိုဖြုတ်တာနှင့် Plasta ကပ်ဘာ အစ ဂရုတစိုက်လုပ်ပေးတာမို့ အံ့ဩမိပါ၏။ တကယ်ဆို ဒီလိုအသေး ကိစ္စမျိုးကို သူမတို့ Nurse တွေသာ လုပ်ပေးရတာလေ။ ခုတော့ ရုပ်တည်ကြီးနဲ့ ခပ်စိမ်းစိမ်းနေလေ့ရှိသည့် ဒေါက်တာသီဟကျော်စွ လုပ်ပေးနေရတယ်လို့။ ထူးဆန်းလေစွ။

ကုတင်ထက်မှဆင်းစဉ် နူတ်မှ 'ဖြည်းဖြည်း'ဟု သတိခပ်တိုး လေး ပေးပြန်လေ၏။ လက်မောင်းတစ်ဖက်ကိုပါ ကိုင်ထားတာမို့ ရှန်း ရန်ပင် မဝံ့တော့ပါချေ။ မတော် 'ဘာလို့ရုန်းရပြန်တာလဲ' ဆိုပြီး အော် ဒုက္ခမဟုတ်လား။ ညပိုင်းမို့ အိပ်ချိန်ဖြစ်ပြီး အောက်ထပ်မှာ ဝန်ထမ်း သိပ်မရှိတော့ပါလေ။

မှန်တံခါးချပ်ကြီးကိုတွန်းဖွင့်ကာ အုတ်လှေကားသုံးထစ်ကို ဆ





လိုက်ပါ၏။ သူက သူမကို ဆေးရုံဝမှာပင် ရပ်နေစေကာ Parking ထိုး ထားသည့်ကားကို သွားယူမောင်းလာလေသည်။ အခုမှပဲ နာမည်ကြီးပုဂ္ဂိုလ် ကို လာကြိုသည့်ပုံစံမျိုးဖြစ်နေပါရောလား။ သူမအဖြစ်က ရယ်စရာဖြစ် နေလေပြီ။

"တက်. . . ခေါင်းထိမယ်"

ရှေ့ခန်းတံခါးကိုဖွင့်ပေးပြီး သူမခေါင်းကို လက်ကာပေးပြန်လေ၏။ အမြင်ကပ်တယ်ဆို၊ ကြည့်မရဘူးဆိုတဲ့လူက ဘယ်လိုဖြစ်ပြီး အခုလိုဂရု တစိုက်ပြုမူနေရပါသလဲ။ သူမသိနေတဲ့ ဒီပုဂ္ဂိုလ်ကိုက ဆန့်ကျင်ဘက်ဖြစ် နေပြီလေ။

ကားကိုအာရုံစိုက်မောင်းနေတာမို့ ဘာစကားမှမပြောဘဲ ငြိမ်၍ လိုက်ခဲ့ရပါ၏။ ကားကအသစ်မို့ အနံ့က ထူးခြားနေပြီး ကားထဲမှာချိတ် ထားသည့်အမွှေးထုပ်လေးထံမှလည်း ခပ်သင်းသင်းရနံ့ကို ရှူရှိုက်မိလေ သည်။ ကိုယ်ပိုင်ကားပေါ် စစီးစဉ်က ဒေါက်တာသန့်ဇင်လင်း၏ကားဖြစ် ပြီး အခုလိုစိတ်ကျဉ်းကျပ်မှုမျိုး မခံစားခဲ့ရပါချေ။

အဲဒီဒေါက်တာလေးရဲ့စိတ်ဝင်စားခြင်းကို သူမသိနေပေမယ့် စိတ် ထဲမှာ ဘယ်လိုမှမနေဘဲ သူငယ်ချင်းလို မောင်နှမလိုသာ တရင်းတနှီး စိတ်ဖြင့် ခေါ်ပြောနူတ်ဆက်ခဲ့တာပါ။ လုပ်ဖော်ကိုင်ဖက်တွေက သူမတို့ နှစ်ဦးကို မြူးစိစိကြည့်ကြပေမယ့် အနေတည်သည့်သူမကို ပြောင်ကြီးတော့ မပြောကြပါချေ။

ဤဆရာဝန်ကသာ မနှစ်မြို့သည့်အကြည့်စူးစူးဖြင့် စိုက်ကြည့်တတ် တာမဟုတ်ပါလား။ ဘာကိုပြောချင်မှန်းမသိပေမယ့် ကိုယ့်ကိုနှစ်လိုသည့် အကြည့်နှင့် မနှစ်မြို့သည့်အကြည့်တို့ကိုဖြင့် လူတိုင်းသိနားလည်နိုင်မှာ

www.burmeseclassic.com



အမှန်ပဲ။ အဆောင်ရှိရာလမ်းနှင့်နီးနေပြီမို့ သူမ ခပ်တိုးတိုးပြောလိုက်မိလေ၏။

"ရှေ့နားဆို ရောက်ပါပြီ"

"ဒီလမ်းလား. . . ဝင်ပြီနော်"

လမ်းထဲထိလိုက်မပို့ပါနဲ့ပြောလည်း ရမှာမှမဟုတ်တာ။ ကားက မီးရောင်ခပ်မှိန်မှိန်သာရှိနေသည့်လမ်းထဲသို့ ကွေ့ဝင်လိုက်လေ၏။ အဆောင်နာမည်က ခြံဝမှာ ထင်းခနဲမြင်သာနေတာမို့ ကားကို အသာရပ်ပေးလိုက်လေသည်။

"မနက်ဖြန် နားဖြစ်အောင်နားနော်. . . ဆေးရုံမှာတိုးလို့ကတော့ မလွှယ်ဘူးမှတ်"

ရော်! ကျေးဇူးတင်စကားတောင် မပြောရပါဘဲ သူပြောချင်ရာပြောကာ ကားကိုမောင်းထွက်သွားတော့၏။ ရင်မောရပါလား ဒေါက်တာသီဟ ကျော့်စွာရယ်။

ကု ကု ကု



## အခန်း ( ၁၃ )

အဆောင်ပေါ်ရောက်သည်နှင့် တံခါးခေါက်စရာမလိုပါဘဲ မျိုးက အဆင်သင့်ဖွင့်ပေးလေ၏။ မေးခွန်းတွေ တရစပ်မေးရင်တော့ ဒုက္ခပါပဲ။ ခါတိုင်းလိုမျိုး Taxi နဲ့ပြန်လာတာမဟုတ်ဘဲ ကိုယ်ပိုင်ကားဖြင့် ပါလာတာကို မီးရောင်အောက်မှာ ထင်းထင်းကြီးမြင်နေရတာလေ။

"ငါ. . ."

"မိုး"

အခန်းထဲဝင်လိုက်စဉ် နှစ်ဦးသား ပြိုင်တူအသံထွက်သွားတာမို့ သူမပြုံးလိုက်သော်ငြား မျိုးရဲ့မျက်နှာကဖြင့် တစ်စုံတစ်ရာကို စိုးရိမ်ပူပန်နေပုံပါလေ။ ဘယ်လိုလဲ. . . ဘာကိုများ စိုးထိတ်နေတာပါလိမ့်။ သူငယ်ချင်းတွေကြားမှာ မည်သည့်လျှို့ဝှက်ချက်မျိုးမှမရှိစေရန် ကတိပြုထားကြတာကို။ ခြေလက်တစ်ခါတည်းဆေးလာပြီးသားမို့ အဝတ်လဲရန်သာ ပြင်လိုက်ပါ၏။

"ပြောစရာရှိရင်ပြောလေ"

"နင်အရင်ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"မိုးက ထွေထွေထူးထူးပြောစရာမရှိလှပါဘူး။ ဟိုနေ့က သွေးလျှ ခဲ့တဲ့အရှိန်နဲ့ Weak ဖြစ်ပြီး သတိလစ်သွားတာနဲ့ အိမ်ပြန်နောက်ကျသွား တာပါ"

"ဟယ်. . . နင်နေလို့အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ စိတ်မချလို့ဆိုပြီး ဆရာဝန်တစ်ယောက် ပြန်လိုက် ပို့ပေးတယ်"

"ကိုလင်းလား"

ခေါင်းခါပြလိုက်ပါ၏။ ဆရာဝန်ဆိုသည်နှင့် လမ်းထိပ်မှာ ကားကြို ခေါ်သွားဖူးသည့် ဒေါက်တာသန့်ဇင်လင်းကိုမြင်ဖူး၍ မေးခြင်းဖြစ်ပါသည်။ ရှည်းစားဦးရဲ့အေးစက်စက်ဓာတ်လမ်းက တစ်ခန်းရပ်နေပြီမို့ လက်ရှိသူ့ အခြေအနေကို သတိထားစောင့်ကြည့်ပေးနေတာ မဟုတ်ပါလား။

"ဒါဖြင့် ဘယ်သူလဲ"

"ဒုဆေးရုံအုပ်"

"ဘာ! "

အပြင်မှာ မိုးရွာနေပြီမို့ မှန်ပြတင်းလိုက်ကာကို သူမ ဆွဲဖယ်က အပြင်ဘက်သို့ငေးကြည့်လိုက်မိပါ၏။ လူတကာရဲ့ကြောက်ရွံ့ခြင်းကိုမှ သူ က နှစ်သက်မိခဲ့လို့လား။ သူများတွေ အိပ်ရာထဲစောင်ခြုံပြီး ကွေးတတ် ကြတာကို သူမက ပြတင်းဖွင့်ကာ မိုးစက်တို့ကိုထိတွေ့ချင်သေးတာပါလေ။

အပျော်ဆိုတာက သူမဘဝမှာ နှင်းဦးလေပြည်လေးလို လွင့်ပါသွား ပြီး ပျက်သုဉ်းပျောက်ဆုံးသွားခဲ့တာကြာပြီပဲ။ လောကကြီးကို အံတုရင်ဆိုင် ချင်တဲ့သတ္တိကဖြင့် တဖြည်းဖြည်းရက်လျော့ကုန်လေပြီ။

ဪ. . . အတိတ်ဆိုတာ အရိပ်လိုမျိုး နောက်ကနေ အမြဲလိုက်





နေတတ်တာပဲလား။ ရင်တွင်းအပြီးတိုင်နေရာပေးခဲ့သည့် ချစ်သူ၏ကွက် လပ်လေးကို တခြားလူပြောင်းထိုင်ခွင့်မျိုး အဘယ်ကြောင့် မပေးနိုင်တာ ပါလိမ့်။

"မိုး. . ."

"ဟင်"

"မေးတာဖြေဦးလေ"

"ဘာလဲ"

"အဲဒီဆရာဝန်နဲ့ပြဿနာဖြစ်လို့ နင်ဘလုပ်က ထွက်ချင်နေတာ ဆို"

"ဟုတ်တယ်လေ"

"ဒါဖြင့် သူက ဘာလို့ နင့်ကိုလိုက်ပို့တဲ့အခြင့်ထိ ဖြစ်ရတာလဲ"

"ဟင်း. . . မသိတော့ပါဘူး မျိုးရယ်"

"နင့်ကိုစိတ်ဝင်စားနေတာများလား"

"ပေါက်ကရ. . . မဖြစ်နိုင်တာတွေ။ ဒါနဲ့ မျိုးပြောမယ်ဆိုတာ ဘာ များလဲ"

"အဲ! "

မျိုးက သူမမေးခွန်းကို ရုတ်တရက်ပြန်မဖြေဘဲ တုံ့ခနဲဖြစ်သွားပါ ၏။ မိုးရွာတာကို ဆက်ကြည့်နေသေးပေမယ့် မျိုးရဲ့စကားကို အလေးထား နားထောင်ပေးရမှာမို့ ကုတင်ထက် ထိုင်လိုက်ပါသည်။ မျိုးရဲ့မျက်နှာက ခွဲခွဲမရပုံမျိုးဖြစ်နေတာပါလော။ ဘာကိုများ စိုးရိမ်နေတာပါလိမ့်။

"မိုး. . ."

"ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ. . . ငါ ဒီနေ့ သူနဲ့တွေ့ခဲ့တယ်၊ ကုမ္ပဏီ Lunch Time မှာ ကော်ဖီသွားသောက်ရင်း မြင်လာခဲ့တာပဲ"

"အဆက်အစပ်မရှိပြောနေပြန်ပါပြီ။ ဘယ်သူ့ကိုမြင်ခဲ့ကာလဲ"

"အိမ့်မှူးကျော်"

"ဘယ်လို"

မျိုးကို အံ့ဩတကြီးကြည့်နေမိ၏။ နှလုံးဆီမှ တဒိန်းဒိန်းခုန်ပေါက်လာမှုနှင့်အတူ ကြက်သီးတွေက တစ်ကိုယ်လုံးဖြန်းခနဲထသွားလေသည်။ ဘုရားရေ! 'ကို'. . . 'ကို'. . . 'ကို့'ကိုမြင်ခဲ့သတဲ့။ သူမ၏ချစ်ဦးသူက ဤမြန်မာပြည်ကိုပြန်ရောက်နေပြီတဲ့လား။ ထူးဆန်းလေစွ။ ဒီလောက်နှစ်တွေကြာခဲ့တာတောင်မှ သူ့အမည်က သူမ၏စိတ်နှလုံးအစုံကို လှုပ်ရှားနိုင်စွမ်းရှိနေတုန်းပါလေ။

"နင် စိတ်တော့ အေးအေးထားစေချင်တယ် မိုး"

"အင်း"

"ငါဆက်ပြောလို့ဖြစ်ရဲ့လား"

ခေါင်းညိတ်ပြမိလေသလား၊ နှုတ်မှဖြေမိသလားပင် သဲသဲကွဲကွဲမသိနိုင်တော့ပါချေ။ နားထဲမှာ လေတွေ တဟူးဟူးတိုးဝှေ့ဝင်ထွက်နေသကဲ့သို့ ဘာကိုမှ သေချာမကြားနိုင်တော့ပါ။ ချစ်သူ၏သတင်းက သူမကို ဝမ်းသာခြင်းမဖြစ်ပေါ်စေပါဘဲ အဘယ်ကြောင့် စူးအောင့်နာကျင်မှုမျိုးကို ဖြစ်စေတာပါလိမ့်။

"ကောင်မလေးတစ်ယောက်နဲ့တွဲပြီးတွေ့တာ၊ ရိုးရိုးသားသားပုံစံမဟုတ်ဘူးနော်။ သူ့လက်မောင်းကို ဟိုက အားရပါးရချိတ်ပြီး ပြုံးပျော်နေတဲ့ပုံစံ။ နင့်ကိုမြင်စေချင်လိုက်တာ"





ထင်သည့်အတိုင်းပါပဲ။ ပြောတော့ဖြင့် 'မေမေဘယ်လောက်ဖြစ်ဖြစ် ကိုယ်မပြတ်နိုင်ဘူး'ဆို။ 'ကိုယ်လုပ်ဆောင်ကြိုးစားနေသမျှ ကိုယ်တို့ရဲ့အနာဂတ်အတွက်ပါ'ဆို။ အခုတော့ အဲဒီစကားလုံးတွေက သူအလုပ်လုပ်ခဲ့တဲ့ပင်လယ်ပြင်ထဲမှာ မျောသွားပြီပေါ့လေ။ ပြောတော့ လွယ်လိုက်တာကွယ်။

"အရင်လို ခပ်နွမ်းနွမ်းမဟုတ်တဲ့ တောက်ပြောင်နေတာတော့ အမှန်ပဲ။ နင် ဒီရောက်နေတာကို သူမသိလို့များလားဟင်. . . မိုး"

ခေါင်းကို ခပ်ဖြည်းဖြည်းခါလိုက်ပါ၏။ မဟုတ်ပါ။ သူမ ဘယ်မှာနေနေ၊ ဘယ်ကိုပြောင်းပြောင်း၊ သူ့ထံကို စာတိုလေးနဲ့ပဲဖြစ်ဖြစ် အသိပေးခဲ့တာမဟုတ်ပါလား။ Phone ဆက်ရင်တောင်မှ ပြောဖို့မမေ့ခဲ့တာဖြစ်ပါလျက် အခုတော့ဖြင့် ခါးသည်းလှသည့်အဆက်ဖြတ်ခြင်းက သူနှင့်သူမကြားသို့ ရောက်နေတာပါလေ။

'မေမေ'၊ မေမေ့စကားကိုမနာခံတဲ့ တစ်ယောက်ဆိုမှ ဒီတစ်ယောက်တည်းကိုပဲ စွဲစွဲမြဲမြဲချစ်မိတဲ့မိုးကို ဒါတွေကြုံမြင်ခဲ့လို့များ ထားခဲ့လေသလား။ မချစ်ဖူးခဲ့တဲ့နှလုံးသားက ရှူးရှူးမိုက်မိုက်ရွေးချယ်ခြင်းရဲ့ရလဒ်က အများကြီးကြီးဖြစ်စေတဲ့ 'နောင်တ'တဲ့လေ။ မိုးကိုခွင့်လွှတ်ပေးပါ 'မေမေ'။ မသိနားမလည်သေးတဲ့ကလေးလေးလို သဘောထားပြီး တဆိတ် နားလည်ခွင့်လွှတ်ပေးစေလိုပါတယ်ရှင်။

"မိုး. . ."

"ဆက်မပြောပါနဲ့တော့ မျိုးရယ်"

"နင်. . . နင်သိနေလို့လား"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘဲနဲ့ နှင့်ပုံစံက အေးတိအေးစက်နိုင်လိုက်တာ မိုးရယ်"

အေးတိအေးစက်တဲ့လား။ ရင်ထဲမှာ ဘယ်လောက်ထိ ဗလောင်ဆူပွက်နေလဲဆိုတာကို ကာယကံရှင်လောက် ဘယ်သူက သိပါ့မလဲ။ အာဆွေးကွဲတဲ့ဝေဒနာဆိုတာ ဘယ်လိုမှန်းမသိပေမယ့် သူမအသည်းကဖြင့် တစ်စစီ ဘာဖွဲ့ဖွဲ့နဲ့ ဖြည်းဖြည်းချင်း ကြွေကျခဲ့တာ ဘယ်သူမြင်နိုင်လို့လဲ။

မိန်းမသားမို့ တစ်ပွင့်သာ ပန်ဆင်ချင်ခဲ့ပေမယ့် ကံကြမ္မာက သူမကို အခွင့်မပေးလေပြီ။ တစ်မျက်နှာကနေ နောက်တစ်မျက်နှာကိုပြောင်းတာ လွယ်ပေမယ့် ကိုယ့်ကိုယ်စောင့်နှတ်နဲ့ နှလုံးသားကို ပြန်ရုပ်ရတာက အခက်ခဲဆုံးမဟုတ်ပါလား။ ဒါကိုတောင်မှ အချိန်ပိုင်းရည်းစားထားတတ်လေ့ရှိတဲ့ မိန်းကလေးတွေကို သူမ နားမလည်နိုင်ပါလေ။ ချစ်သူသစ်ရှေ့မှာ ချစ်သူဟောင်းကို Hi! ဆိုပြီး နှုတ်ဆက်ကြတာ မျက်နှာပြောင်လွန်းတာ မဟုတ်လား။

"အနေဝေးလို့ သွေးအေးသွားတာများလားဟယ်"

"အဲဒီလိုပဲ ထားလိုက်ပါတော့လေ"

"ငါက နှင် ရှူးရှူးရှဲရှဲဖြစ်မယ်လို့တောင်မှ ထင်ထားတာ"

ဖြစ်ချင်တာပေါ့။ တတ်နိုင်ရင် ပေါက်ကွဲအော်ဟစ်ပြီး ငိုချလိုက်ချင်ပါရဲ့။ သို့သော် ယိုင်နဲ့နဲ့ခန္ဓာကိုယ်က ထိုသို့ဖြစ်စေရန် တွန်းအားမပေးပါချေ။ လွမ်းဖို့တောင်မှ အင်အားမရှိပါဘူးသူငယ်ချင်းရယ်။ မနက်ဖြန်အတွက် ခွန်အားက ဒီနေ့ကုန်ခမ်းခဲ့ရတဲ့အားကို ချွေတာမှသာလျှင် ပိုပြီးပြည့်စုံနိုင်မှာလေ။

ဒီလိုမှမဟုတ်ရင် တစ်နေ့တစ်နေ့ ကုန်ခမ်းသွားရတဲ့အချိန်၊ အားနဲ့စိတ်ဓာတ်က မြေကြီးပေါ် ဗုန်းဗုန်းလဲကျပြီး သစ်ခွေးပင်လို ပြိုကျပျက်စီး





နိုးသာ ရှိတော့မှာကို။ မျှော်လင့်ခြင်းဆိုသည့်အိပ်မက်တို့က အရိပ်လိုပင် တဖြည်းဖြည်းမှုန်ဝါးပြီး ပျောက်ကွယ်လုလုဖြစ်နေပါပြီလေ။ တကယ်တော့ အချစ်ဆိုတာ ရင်ကို ခဏတာ လာရိုက်ခတ်တဲ့လှိုင်းတစ်ခုပါပဲ။

"မိုး. . ."

ပူလောင်လာသည့်ရင်ကို အေးစေလို၍ စားပွဲပေါ်ရှိနေသည့်ရေဘူးထဲမှရေကို ဖန်ခွက်ထဲသို့ငှဲကာ သောက်လိုက်သော်ငြား အချည်းနှီးသာ။ ရင်ဝမှာ ဆို့နင့်နေသည့်အမောက မပြေနိုင်ပါလား။ ဘဝလမ်းခရီးမှာ အချစ်ဆိုတဲ့ဒုတ်တစ်ခုကို ခလုတ်တိုက်မိကြသူတိုင်း ဤသို့ပင် နာကျင်ခံစားရဖူးမည်ဟု သူမ ယုံကြည်မိလေသည်။

ဒဏ်ရာအတိမ်အနက်ပေါ် မူတည်ပြီး ကွဲပြားကောင်းကွဲပြားမှာပါ။ သို့သော် နာရခြင်းကဖြင့် အားလုံးတူညီနေမှာမဟုတ်ပါလား။ အရွယ်အလိုက် စိတ်ခံစားမှုကသာ ပေါ့ပါးတာနှင့် လေးနက်တာပဲ ကွဲပြားခြားနားမှာပါလေ။ ဒါကြောင့်မို့လို့လည်း တေးရေးဆရာတို့က အချစ်ဆိုသည့်အရာကို လောင်မြိုက်တတ်သည့်မီးနှင့် တင်စားတတ်ကြသည်မဟုတ်ပါလား။ မှန်လိုက်တာနော်။

"နောက်ကို မြင်လည်း မမြင်ယောင်ဆောင်ပြီး ရှောင်ပေါ့ မျိုးရယ်"

"ဘာ!"

"ဟုတ်တယ်၊ အဲဒါက အကောင်းဆုံးနည်းလမ်းပဲဖြစ်မှာပါ"

"ဘာဖြစ်လို့လဲ"

"သူကမှ မကြင်ချင်တော့တာကို၊ မိခင်ကိုမလွန်ဆန်နိုင်တဲ့သားကို လွန်ဆွဲပြီးခေါ်ဖို့က မိုးအတွက်ခက်ခဲလွန်းတာ၊ မျိုးလည်းအသိပဲ"

"သူ့သစ္စာမရှိတာကို နှင်မခံပြင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ခပ်မှဲ့မှဲ့ပြုံးလိုက်မိပါ၏။ သူမဖတ်ဖူးတဲ့စာအုပ်တွေထဲမှာ ပါတဲ့စ
သားတွေကို သတိရလို့ပါပဲ။ ယောကျ်ားတွေပေးသည့်အရာက 'အချစ်'ဖြစ်
ပြီး မိန်းမတွေပေးသည့်အရာက 'သစ္စာ'ပါပဲ။ ဘယ်လောက်ကြီးချစ်ပါသည်
ပြောပြော၊ နှုတ်ဖျားက ပေါ့ပေါ့လေးလာသည့် လေလေးပါပဲ မဟုတ်ပါလား

"ခံပြင်းတော့ရော ရင်ထဲမှာ ဒေါသပဲကျန်မှာပေါ့ မျိုးရယ်၊ အပိုပဲ
ဖြစ်မှာပါ"

"နင်တို့ကိစ္စကလည်းဟယ်၊ Korea Drama ဇာတ်လမ်းလို ဇာတ်
မျောကြီးဖြစ်နေပါရောလား။ နင် သူ့ကိုမေ့နိုင်ပါ့မလား"

ပြန်မဖြေဖြစ်ပါလေ။ မေ့တယ်ဆိုတာ သူများတွေအတွက် လွယ်
ကူကောင်းလွယ်ကူနိုင်ပေမယ့် သူမအတွက်တော့ အခက်ခဲဆုံးပါပဲ။ ရာ
သက်ပန်လို့ ရည်စူးခဲ့တာမှန်ပါလျက် ခဏတာနဲ့ လက်တွဲဖြုတ်ခဲ့ရတယ်
လို့၊ အပျော်လို့ ခပ်ပေါ့ပေါ့လေး သဘောထားမယ်ဆိုရင်လည်း မျှော်လင့်
ချက်တွေ မပေးသင့်တာပေါ့။

'ကို' . . . ချစ်ခြင်းရဲ့နောက်ကွယ်မှာ ပျော်ရွှင်ခြင်းဆိုတာထက် နာ
ကျင်မှုတွေကသာ ပြည့်နှက်နေတာပါလေ။ 'ကို'ပြောခဲ့ဖူးတဲ့သကာလို စကား
တွေ၊ 'ကို'ပေးခဲ့ဖူးတဲ့ အကြင်နာတွေ၊ 'ကို'ထွေးခဲ့ဖူးတဲ့အယုအယတွေ
'ကို'သီကုံးခဲ့ဖူးတဲ့ ချစ်ခြင်းရဲ့အလင်္ကာတွေအားလုံးဟာ ကျွန်မအတွက်
တော့ လေထဲမှာပါသွားတဲ့ သဲမှုန်လေးတွေလို အရာမရောက်ဖြစ်ခဲ့ရတာ
အမှန်ပါ။

'ကို့'ကို ချစ်ခဲ့တဲ့မိန်းကလေးတစ်ယောက်ရဲ့မျက်ရည်တွေက အရှ
ရှာနေတဲ့မိုးစက်တွေကြားမှာ ပျော်ဝင်နေတယ်ဆိုတာ။

❀ ❀ ❀



## အခန်း ( ၁၄ )

"ဂရုစိုက်ပြီး မောင်းဦးနော်"

အိမ်ဝမှာရပ်ပြီး စိတ်မချစွာဖြင့် မှာနေသည့်မေမေ့ကို ခေါင်းပဲညိတ်
ပြလိုက်ကာ ကားကိုခပ်ဖြည်းဖြည်းမောင်းထွက်ခဲ့ပါ၏။ နဘေးရှိထိုင်ခုံကို
ကြည့်ကာ တစ်ချက်ပြုံးလိုက်မိပါသည်။ ဘယ်နှကြိမ်ရှိနေပြီလဲ၊ အလိုလို
နေရင်း ပြုံးချင်လာသလို စိတ်ရောကိုယ်ပါ ပေါ့ပါးသွက်လက်နေတာလေ။

"ဖေဖေ့သားတော့ မရိုးတော့ဘူးထင်တယ်ဟေ့"

"ဟုတ်လား သား"

မနက် Breakfast ဝိုင်းမှာ သူ့မျက်နှာအပြောင်းအလဲကို အရိပ်
အကဲခတ်မိတဲ့မိဘတွေကို မနည်းကြီးရှောင်ရှားကာ ပြန်ဖြေခဲ့ရတာမဟုတ်
လား။ သူကိုယ်တိုင်ပင် မသိသေးပါဘဲ အဘယ်ကြောင့် မိဘတွေက ရိပ်
မိသွားရပါလိမ့်နော်။ အံ့သြမိပါရဲ့။

"မိုးရန့်"

နှုတ်ဖျားမှ တီးတိုးရေရွတ်မိသည်က ဒီနာမည်တဲ့လား။ စတွေ့စဉ်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ကြည့်မရ မျက်မုန်းကျိုးခဲ့ပါသည့်မိန်းကလေးအပေါ် အဘယ်ကြောင့် သူ့စိတ်တွေ ပြောင်းခဲ့ရပါသလဲ။ 'ချစ်ရမယ့်သူရှိနေပြီလား'တဲ့။ သူ့အမူအရာက ဤမျှအထိ သိသာရအောင် ဘေးလူက မြင်ရတယ်လို့။

တစ်ဦးတည်း ခပ်တိုးတိုးရယ်မိပြန်လေသည်။ ဒုက္ခပါပဲ၊ သူတော့ ဒီပုံစံအတိုင်း ရှုံးတော့မယ်ထင်ပါရဲ့။ မျက်စိရှေ့မြင်နေတုန်းကဖြင့် မကြည့်ချင်အောင်ဖြစ်ခဲ့ပြီး သူမကိုမြင်ခွင့်မရတဲ့တစ်ရက်တာလေးကို အခက်ခဲ အပင်ပန်းဆုံးနဲ့ မနည်းကြီးကျော်ဖြတ်ခဲ့ရတာလေ။ ထူးဆန်းလေစွ။

နေမှကောင်းရဲ့လား။ သက်သာရဲ့လား။ အိပ်ရေးဝအောင် အိပ်ပါ့မလား။ အဆောင်မှာမနားဘဲ အလုပ်တွေ လျှောက်လုပ်နေမလား။ ဒါမှ မဟုတ် အပြင်ကိုလေတိုက်ခံပြီး လျှောက်သွားနေမလား။ သူငယ်ချင်းတွေနဲ့ အားမဖြစ်တဲ့ မတည့်သည့်အစားအစာတွေ လျှောက်စားနေရင်တော့ ခက်တော့မှာပဲ။

ထိုသို့သောမေးခွန်းပေါင်းများစွာနှင့် လူကပူပန်ကာ ရင်မောခဲ့ရ တာ မဟုတ်ပါလား။ အလို! သူ့ရင်ကို ဤမျှအထိ ဤမိန်းကလေးက လှုပ်ခတ်မှုတွေ ဖြစ်တည်စေသတဲ့။ ခဏဆိုမှ တကယ့်ကို တခဏ လေးပါ။ ယိုင်လဲကျလာတဲ့ ခပ်ပါးပါးခန္ဓာကိုယ်လေးကို ရုတ်တရက် ဖွေ ဖမ်းလိုက်မိရုံလေးပါ။

ခပ်စိုင်းစိုင်းမျက်တောင်ကော့လေးတွေ၊ ခုံးခုံးလေးဖြစ်နေတဲ့ မျက်နှာ တန်းလေး၊ ပြီးတော့ စင်းစင်းသွယ်သွယ်နှာတံအောက်က နှင်းဆီငုံနှုတ် နှုတ်ခမ်းဖူးလေး၊ ရင်ခွင်ကိုမှီချလိုက်သည့် လည်တံလှလှလေးနှင့် မည်း နက်ရှည်လျားသည့်ဆံနွယ်တို့နှင့် ထိတွေ့ရစဉ်ခဏ ဒီရင်ဘတ်ကြီး ဗိုလ်ကျ ခဲ့ရတာပါလေ။





'မိုးရနံ့'. . . ပြုစားတယ်ဆိုရင်တောင်မှ ကိုယ့်နှလုံးသားက ဒဏ်ရာ အနာတရဖြစ်ခဲ့ဖူးတာမို့ ခံနိုင်ရည်ရှိသင့်သလောက်ရှိနေမှာပါပဲ။ ထိတွေ့ ခြင်းဆိုတဲ့အရာက ဆေးလောကမှာ မပြောပလောက်တာ အမှန်ပါ။ ဒါနဲ့ တောင်မှ မင်းနဲ့မှ တိုက်တိုက်ဆိုင်ဆိုင်အဖြစ်မျိုး ကြုံလာရတယ်လို့။

"တွေ့ချင်လိုက်တာ"

နောက်တစ်ကြိမ်ထပ်ပြောမိစဉ် သက်ပြင်းငွေ့ငွေ့ကို ရှိုက်လိုက်မိ လေ၏။ ဖြစ်နိုင်ပါ့မလား။ ဟိုဆရာဝန်ငယ်လေးရဲ့အကြည့်၊ သူမရဲ့နှစ်လို ဖွယ်အပြုံးလေး၊ ပြီးတော့ ဆေးရုံအုပ်ကြီးရဲ့ တီးတိုး စနောက်ဟန်များ။ ဒါတွေကို သူသိထားပါလျက် သန့်စင်လင်းနှင့်မိုးရနံ့ကြား ဝင်လို့ဖြစ်ပါ့ မလား။

ရှုံးပါပေါ့လား 'သီဟကျော်စွာ'. . .

"ဟော!"

ခပ်မှန်မှန်မောင်းလာရင်း မြင်လိုက်သည်က အကျီဖြူနှင့်လုံချည် နီနီလေးကိုပါ။ ကားမှတ်တိုင်မှာရပ်နေသည်မို့ Bus စောင့်နေခြင်းပါပဲ။ ခေါ်တင်ရမှာလား။ နေကောင်းပြီဖြစ်ပါလျက် သူခေါ်တာကို လိုက်မှာတဲ့ လား။ တော်ကြာတစ်မျိုးထင်ရင် ဘယ်လိုဖြေရှင်းရပါ့မလဲ။

"ကျွစ်!"

အတွေးဖြင့် ကားကိုအရှိန်လျှော့လိုက်မိစဉ် Bus တစ်စီးက သူ့ကား ကိုကျော်တက်ကာ ဂိတ်မှာရပ်သွားလေ၏။ တွေဝေခြင်းရဲ့ရလဒ်က သူ့ကို စပြီး Lesson ပေးပါရောလား။ ကားကျော်တက်ကာ နောက်ကြည့်မှန်ဖြင့် ကြည့်စဉ် ဂိတ်မှာ သူမမရှိတော့ပါချေ။ ရှုံးပြီ သီဟကျော်စွာ။

ကားကို ဆေးရုံအတွင်း ကွေ့ဝင်ကာ Parking မှာ ဝင်ရပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါ၏။ လက်မှနာရီကို တစ်ချက်ကြည့်စဉ် Duty ဝင်ရန် စောနေသေးလေသည်. မထူးပါဘူး. . . စောလည်းဝင်ရုံပေါ့။ ဘယ်တတ်နိုင်ပါ့မလဲ။ ဆေးရုံထဲဝင်လိုက်စဉ် အားလုံး တရိုတသေနှုတ်ဆက်ကြတာကို ခေါင်းညိတ်ပြကာ တုံ့ပြန်လိုက်ပါ၏။

Lift နှစ်ခုစလုံး အပေါ်ရောက်နေတာမို့ Level ခလုတ်ကို တစ်ချက်နှိပ်ခေါ်ကာ စောင့်နေလိုက်ပါသည်။ ရုတ်တရက် လိုက်ခနဲခုန်သွားသည့်ရင်ကြောင့် အလန့်တကြားဖြစ်သွားရလေ၏။ ဘာများဖြစ်တာပါလိမ့်။ ပြီးနောက် ရှူရှိုက်လိုက်မိသည့် စပယ်ပန်းရနံ့။ ဖျတ်ခနဲလှည့်ကြည့်မိတော့ သူ့နောက်ပါးမှာ ရပ်နေပါသည့် အဖြူရောင် Nurse မလေး။

အလို!. . . သူမ ရောက်လာတာ မြန်လှချည်လား။

"တင်းတောင်! "

Lift ရောက်လာပြီမို့ သူဝင်လိုက်ပါ၏။ သူမက ဒီအတိုင်း ခပ်ယို့ယို့လေး ရပ်နေလေသည်။ ဘာလဲ. . . လိုက်မတက်ဘူးလား။ ခါတိုင်း ရှိုးရှိုးလှေကားသုံးပေမယ့် ကျန်းမာရေးမကောင်းတာကြောင့် ဓာတ်လှေကားသုံးမှာမှန်း သူသိနေတာပါ။ လျှောခနဲပိတ်သွားသည့်တံခါးကြောင့် သူ ခလုတ်အမြန်နှိပ်လိုက်ရလေ၏။

"လာလေ. . . မလိုက်ဘူးလား"

"ဟို. . . နောက်မှပဲ"

"နောက်မှပြောစရာလား၊ လူရှင်းတုန်း တက်မှပေါ့။ တော်ကြာလူများလာရင် ခေါင်းမူးနေဦးမယ်။ လာ. . ."

အမိန့်ပေးမိသလိုဖြစ်နေမလား သူ မဆန်းစစ်မိပေ။ မျက်လွှာချလျက် သူ့နောက်နားအထိ နံရံမှီသလိုရပ်လိုက်တာမို့ မျက်မှောင်ကြုတ်





သွားမိရပါသည်။ ဘာလဲ. . . သူ့ကိုမမြင်ချင်လို့ ရှောင်ချင်တဲ့သဘောမျိုးပေါ့လေ။ ဘာသဘောလဲ မိုးရန်။ သန့်ဖင်လင်းနဲ့ဆို မျက်နှာက ရေခဲမုန့်စားရတဲ့ကလေးလေးလို ချိုမြသွားပြီး သူ့ကိုအဘယ်ကြောင့် ဤသို့ပြုမူရပါသလဲ။

"နေကောင်းသွားပြီလား"

"ရှင်! ဪ. . . ဟုတ်ကဲ့"

"နောက်ကို အနားမယူဘဲ အလုပ်လာမဆင်းနဲ့။ ကျန်းမာရေးထိခိုက်တယ်"

"ဟုတ်ကဲ့"

"ကိုယ်ခံအားလည်း မကောင်းဘဲနဲ့ သွေးလှူရလား။ Weak ဖြစ်ပြီးလဲတော့ ပြဿနာဖြစ်ရောပေါ့။ ကိုယ်က သန်မာကျန်းမာနေမှ လူနာကို ပြုစုနိုင်မှာ။ နောက်ဘယ်တော့မှ သွေးမလှူမိစေနဲ့။ ကြားလား"

"ဟုတ်ကဲ့"

'ဟုတ်ကဲ့'ချည်းဖြေနေတာမို့ သူငုံ့ကြည့်လိုက်မိပြန်၏။ ထင်သည့်အတိုင်း မျက်လွှာချ၍ ရပ်နေဆဲပါပဲလား။ ဘာလဲ. . . လူကိုရှဲ့ပြီးမှ ဖြေနေတာများလား။ ဆံထုံးထုံးထားသည့် ကျစ်ဆံမြီးကြားမှာ ကန့်ကလျလေးတွဲလျောင်းကျနေသည့် စံပယ်ငါးကုံး။ နဖူးထက် မည်သည့်ဆံစမှ ချမထားတာမို့ ကျက်သရေဖြင့် ပြည့်စုံသည့်မျက်နှာလှလှလေးကို အရှင်းသားမြင်နေရလေ၏။

"ဒေါက်တာ"

"ဗျာ"

"ရောက်နေပြီရှင့်"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာ ခပ်အမ်းအမ်းဖြစ်သွားရပါ၏။ အလို! သုံးလွှာရောက် နေတာကိုတောင် သူ မသိလိုက်ပါလား။ ပွင့်နေသည့်တံခါးမှ Corrido ကို ထွက်လိုက်ရပါသည်။ စိတ်ကိုထိန်းစမ်း သီဟကျော်စွာ၊ ကိုယ်လုပ် တဲ့အလုပ်၊ ကိုယ်ရထားတဲ့နေရာ၊ ကိုယ်ပိုင်ဆိုင်ထားတဲ့ရာထူးကိုမှ မတွေ တယ်ရင် ဘယ့်နှယ်လုပ်မလဲ။

လုပ်ဖော်ကိုင်ဖက်တွေနဲ့ မေမေ့မိတ်ဆွေဖြစ်တဲ့ ဆေးရုံအုပ်ကြီး ဒေါ တာမြတ်မောင်အပေါ်မှာ မျက်နှာပူစရာဖြစ်တော့မှာလေ။ ခက်လိုက်တ နော်၊ ဒီအရွယ်ရောက်နေတာတောင်မှ နှလုံးသားနဲ့ ဦးနှောက်ကို ခွဲခြာ ဆုံးဖြတ်ရမှာပါလား။ တစ်သက်လုံးအတွက် ဦးနှောက်ထဲမှာ စာတွေ အပြ ဖြည့်ခဲ့ရတဲ့လူက နှလုံးသားကို တစ်ကြိမ်တစ်ခါလေး ချိန်ခွင်လျှာ အ သာပေးလိုက်မိတာနဲ့ နောင်တအကြီးကြီးရခဲ့ပြီး အမှားဆိုတဲ့အရာ အမည်းစက်စွန်းထင်းစေခဲ့ရတာပါလေ။

"ဒေါက်! ဒေါက်!"

"Come in"

"Operation ဆယ်နာရီရှိပါတယ် ဒေါက်တာ၊ အဆင်သင့်ဖြစ် စလို့ရပါပြီ"

"Nurse ကရော"

"မေသူဇာပါ ဒေါက်တာ"

"မိုးရန့်ကို လဲပေးပါ"

"ရှင်!"

"မေသူဇာနဲ့ မိုးရန့်ကို နေရာ Change ပေးဖို့ပြောတာလေ"

"ဩော်. . . ဟုတ်ကဲ့ပါ ဒေါက်တာ"





သတင်းလာပို့သည့် Nurse က သူပြောတာကို အံ့သြသွားပုံဖြင့် ထွက်သွားလေ၏။ အရင်ကဖြင့် ဒီမိန်းကလေးကို သူနှင့် ခွဲစိတ်ခန်းအတူ မဝင်ဖြစ်အောင် ပိတ်ပင်တားဆီးခဲ့ပါလျက် အခုတော့ Operation အတူ တူဝင်ရန် တောင်းဆိုမိချေပြီ။ ဘယ်လိုလဲ. . . အပြောင်းအလဲမြန်သူဟု ထင်ကြလေမလား။ ထင်လိုက ထင်စေတော့။ သူကတော့ 'အလုပ်'ဟူသည့် ခေါင်းစဉ်ကို လက်ဆုပ်ကိုင်ကာ ခေါင်းမာမာနှင့်ဆုံးဖြတ်ပြီးချေပြီ။

ခွဲစိတ်ခန်းရှိရာဆီ လာခဲ့စဉ် ပိုးသတ်ထားသည့်ဝတ်စုံ လဲဝတ်ရန် အခန်းထဲသို့ မေဆေးဒေါက်တာနှင့်အတူ ဒေါက်တာမြသန္တာ ဝင်သွားတာ ကို မြင်လိုက်ရပါ၏။ အခုထိ မိုးရန့်မရောက်သေးတာများလား။ အခန်း တံခါးကိုအသာဖွင့်လိုက်စဉ် အထဲမှ တီးတိုးရယ်မောသံထွက်လာလေ၏။ သူခွဲစိတ်တိုင်း အမျိုးသားဆရာဝန်ကိုသာ ခေါ်လေ့ရှိတာမို့ အမျိုးသမီးဆို၍ ဒေါက်တာမြသန္တာနှင့် နာစ့်သာရှိတာပါ။

မိန်းကလေးအသံက နှစ်မျိုးမို့ သူမရောက်နေပြီမှန်း သိလိုက်ပါ သည်။ အချိန်တိကျသားပါလား။ သူအခန်းထဲဝင်လိုက်တော့ သူမက ဆရာ ဝန်တွေကို ခွဲခန်းဝတ်စုံ ကူညီဝတ်ပေးနေလေ၏။ ခါတိုင်း နာ့စ့်တွေလည်း ဤသို့ကူပေးရပေမယ့် အပြုံးချိုချိုလေးဖြင့် ကူပေးနေသည့်သူမကြောင့် ရင်ထဲမှာ မခံချင်သလိုဖြစ်သွားရပါသည်။ ဘယ်လိုလဲ သီဟကျော်စွာ။

"မမတို့ သွားနှင့်ပြီနော်"

"ဟုတ်ကဲ့ပါ မမ"

သူဝင်လာတော့ ရှေ့မှဆရာဝန်တွေက လူနာကို မေ့ဆေးအရင်ပေး ရမှာမို့ ကြိုသွားနှင့်လေပြီ။ သူရောက်လာသည်နှင့် သူမလက်ထဲမှာ ဝတ်စုံ က အဆင်သင့်ရှိနေပြီး ဝတ်ပေးရန် စောင့်နေလေ၏။ မျက်နှာပေါက်မှာ



www.burmeseclassic.com

www.burmeseclassic.com



အပြုံးက ပျောက်သွားပြီး တည်ငြိမ်ရင့်ကျက်သည့်အရိပ်တို့က အပြည့်နှင့်ပါလား။

"လူနာ age က (45), Male ပါ၊ Heart failure ဖြစ်လို့ အရေးတကြီး Operation လုပ်ရမှာပါ။ Blood pressure normal. Urine Test normal. Heart rate slow. Other disease no. Spair blood (A) ready. လောလောဆယ် Drip သွင်းပေးထားပါတယ် ဒေါက်တာ"

သူအံ့ဩသွားရပါ၏။ ဝတ်စုံဝတ်ပေးရင်း နှုတ်မှစီစဉ်ပြောသွားသည်က လိုအပ်ချက်ပင်မရှိ။ တိကျသေချာလှချည်လား။ ခါတိုင်း ခွဲစိတ်ရင် လူနာမှတ်တမ်းကို ခပ်မြန်မြန်ဖတ်ပြီးမှ ခွဲခန်းထဲဝင်ရတာပါ။ အခုတော့ဖြင့် မှတ်တမ်းကို စိတ်ရှုပ် မျက်စိရှုပ်အောင်ပင် ဖတ်စရာမလိုဘဲ သူမက တင်ကြိုအစီရင်ခံနေတာပါလား။ လက်အိတ်ကိုစွပ်ပေးပြီးမှ သူမ ဝတ်စုံကို ခပ်သွက်သွက်ဝတ်လေ၏။

လူနာအသက်က (၄၅)၊ အမျိုးသား၊ နှလုံးလုပ်အား ကျဆင်း၍ အရေးတကြီးခွဲစိတ်ခြင်း၊ သွေးပေါင်ချိန်ပုံမှန်၊ ဆီးစစ်ချက်ပုံမှန်၊ နှလုံးခုန်နှေး၊ အခြားရောဂါမရှိ၊ အပိုသွေး အဆင်သင့်ရှိတဲ့။ ဘယ်လောက်တိကျသေချာလိုက်ပါသလဲ။ ဒါကြောင့်မို့ ဒီဆေးရုံမှာ 'မိုးရနံ့'ဆိုသည့်သူမ နာမည်ထင်ရှားနေရတာကို။

"Ready ပါ ဒေါက်တာ"

"OK! "

ခွဲခန်းဘက်သို့ကူးခဲ့စဉ် သူ့နှလုံးသားဆီမှ တီးတိုးလှိုက်ခုန်မှုက တဖြည်းဖြည်းနှင့် မြန်လာတော့၏။ အလို! လူနာကို နှလုံးခွဲရမည့်ဆရာဝန်





က ဒီလိုပုံစံနှင့် နှလုံးရောဂါဖြစ်တော့မှာပဲ။ ဖြစ်ကာမှဖြစ်စေတော့။ သူဆိုတဲ့ 'သီဟကျော်စွာ'အတွက် ဒီ Operation က စိတ်ဝင်တစားနဲ့ အချိန်တိုတိုဖြစ်ပြီး အောင်မြင်စွာ ခွဲစိတ်ပြီးခဲ့ရတဲ့မှတ်တမ်းတစ်ခု ဖြစ်ခဲ့ရတာပါ။ ဘာကြောင့်လဲဆိုတာကိုဖြင့် သူကိုယ်တိုင်သာ သိနိုင်တာလေ။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

နာစ့်နားနေခန်းအတွင်းမှ ရယ်သံတို့ကြောင့် သူ့ခြေလှမ်းတို့ တုံ့ ခနဲရပ်သွားရပါ၏။ ထိုးဆေးကုန်နေတာမို့ ထပ်ထုတ်ရန် သူနာပြုဆရာ ရှာနေစဉ် ကြားလိုက်ရခြင်းပါပဲ။ ဘာကိုများ သဘောတကျဖြင့် ရယ်မော နေတာပါလိမ့်။

"ယူလိုက်ပါ မိုးရဲ့ ဟိုက လူကိုယ်တိုင် တကူးတကလာပို့ပေးတာ ကို"

"မမိုးရန့်က ပန်းမကြိုက်လို့လားဟင်"

"မဟုတ်ရပါဘူး ဒေါက်တာ"

သူ့မျက်နှာ တည်သွားရပါ၏။ လက်စသတ်တော့ ဒေါက်တာသ ဇင်လင်း ရောက်နေတာကိုး။ ညနေငါးနာရီကျော်နေတာတောင် ဒီဒေါ တာ အိမ်မပြန်သေးပါလား။ ဘယ်လိုဖြစ်ပြီး ဒီအခန်းထဲရောက်နေရပါလိမ့် အများစု၏ ချစ်စနိုး စနောက်သံများကြားမှာ သူမအသံက တိုးသဲ့သဲ့ေ သာ။





"ဒါဖြင့် လက်ခံပေးပါနော်"

"ပန်းစည်းကိုပဲပြောတာလား။ တခြားဘာကိုရည်ရွယ်ပါသလဲ ဒေါက် တာ"

"ဟာဗျာ. . . အစ်မတို့ကလည်း"

"ဟယ်! မျက်နှာတကယ်ရဲသွားတာတော့၊ ဒီဆရာဝန်လေး မရိုး သားတာ သေချာပြီ"

ရယ်ကြပြန်လေ၏။ ဒီလောက်ထိ ရင်းနှီးနေကြပြီပေါ့လေ။ တခြား အမျိုးသားတွေနှင့် (အထူးသဖြင့် သူ့အပေါ်မှာ) တရင်းတနှီးဖြင့် စကား မျိုးမပြောပါဘဲ ဤဆရာဝန်လေးကို ဘာကြောင့် အခုလို ပိုသာပြီး ရင်းနှီး နေရပါသလဲ။ နှစ်ဦးသားဆုံလိုက်တိုင်း ဘယ်အချိန်မဆို ရယ်ရယ်မောမော နှင့် သူမမျက်နှာထက်မှာ အပြုံးတို့ ခိုသီနေတတ်တာပါလေ။

ဘာများကွာခြားလို့ပါလဲ။ တကယ်ဆို သူက ရာထူးပိုကြီးနေတာ မဟုတ်ပါလား။ ဒါဖြင့် သူ့ကို ဘာကြောင့် ဤသို့မရင်းနှီးချင်ရတာပါလိမ့်။ သူ့အစပျိုးမိတဲ့ မကြည်လင်ခြင်းအတွက်ကြောင့်ပဲ တူညီတဲ့တုန့်ပြန်မှုမျိုး ကို သူမဘက်က ပြန်ပေးနေတာများလား။ ဘယ်လိုလဲ မိုးရန့်ရယ်။

"ဟောဗျာ!"

တံခါးဖွင့်ထွက်လာသည့် ဒေါက်တာသန့်ဇင်လင်းက သူ့ကိုမြင်သွား လေ၏။ အခန်းတံခါးမခေါက်ဖြစ်ဘဲ မျက်မှောင်ကြုတ်ကာ ငူငူငိုင်ငိုင်ကြီး ရပ်နေမိသည့်သူ့ကို နားမလည်သလိုဖြင့် ကြည့်နေလေသည်။ ဘာလဲ၊ ခင်းကျ ဒီကိုလာချင်သလိုလာပြီး သူ့လို ဒုဆေးရုံအုပ်က လာခွင့်မရှိတဲ့ သဘောလား။ သွားစမ်းပါ။

"ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ရန်ပြင်လိုက်သည့် ဆရာဝန်လေးကိုတွန်းဖယ်၍ တံခါးကိုဖွင့်ဝင်လိုက်ပါ၏။ ဘယ်လိုပဲထင်ကြပါစေတော့။ သူမနှင့်ဒင်းကို အမြဲအတူတူတွဲမြင်ရတိုင်း စိတ်ထဲမရိုးမရွှဖြစ်ရတဲ့ဒုက္ခကို မခံစားချင်ပါလေ။ နားနေခန်းထဲမှာ သူမကို တစ်ယောက်တစ်ပေါက် ဝိုင်းစနေသလို သူမလက်ထဲမှာက နှင်းဆီနီနီပန်းစည်းလေးက ကိုင်ထားလျက်သား ရှိနေတုန်းပါပဲ။

"ဟော! ဒေါက်တာလေး ပြန်ဝင်လာတယ်ထင်လိုက်တာ။ ဘာများ"

"မိုးရန့်"

"ရှင်"

"ခဏ"

ဇဝေဇဝါခဏဖြစ်သွားပြီး နှင်းဆီပန်းစည်းကို စားပွဲထက်တင်ကာ သူမချက်ချင်းလိုက်လာလေ၏။ ဒီလိုပဲဖြစ်ရမှာလေ။ ဒီလိုကြီး ပန်းစည်းပိုက်ပြီး စိတ်ကူးယဉ်ကြည်နူးနေမှာကို မရှုစိမ့်တာအမှန်ပဲ မိုးရန့်။ သူတစ်ပါးနားချိန်၊ သူတစ်ပါး လွတ်လပ်ခွင့်ကို နှောင့်ယှက်သလိုဖြစ်သွားပေမယ့် သူကဖြင့် ရဲရဲကြီးဖွတ်လုပ်လိုက်မိချေပြီ။

Corridor လှူရှင်းရာဆီသို့ ဘာမှမပြောတဲ့ ရှေ့မှခပ်မြန်မြန်လျှောက်နေတာမို့ သူမ ခပ်သုတ်သုတ်လိုက်ရလေ၏။ နောက်ဆို သူ မကြိုက်တာမျိုး သူမလုပ်နေရင် ဒီထက်ပိုသာတဲ့အလုပ်မျိုးနဲ့ သူမအပေါ် သူနှိပ်စက်မိမလားပင်မသိ။ လောလောဆယ်တော့ လုပ်ချင်ရာကို သူလုပ်မိနေတာပါလေ။

"ဒေါက်တာ ဘယ်သွားမှာလဲဟင်"

ထင်သည့်အတိုင်းပါပဲ။ ဘာမှမပြောတဲ့ သူ့နောက်က အမြဲပြေးတစ်





ဝိုင်းလိုက်နေရတာကို။ ရုတ်တရက် ခြေလှမ်းကိုရပ်လိုက်ပြီး သူလှည့်လိုက်တဲ့ သူမ အလန့်တကြားဖြစ်သွားလေသည်။ အရှိန်ဖြင့် လျှောက်နေသည့် သူမခြေလှမ်းတို့က သူနှင့်အတော်နီးနီးကပ်ကပ်မှာ ရပ်သွားရတာမို့ပါပဲ။

ရင်ခွင်ထဲရောက်လုနီးပါးဖြစ်သွားသဖြင့် သူမခြေလှမ်း နောက်ဆုတ်ရန်ပြင်လိုက်စဉ် ယိုင်သွားသည့်ခန္ဓာကိုယ်လေးကို လက်မောင်းမှ သူထိန်းကိုင်ပေးလိုက်မိ၏။ လှပသက်ဝင်လွန်းပါသည့် မျက်ဝန်းတို့က ဝိုင်းစက်သွားသလို မျက်နှာဝင်းဝင်းလေးထက် ပန်းရောင်သမ်းသွားလေတော့သည်။

"Injection ကုန်နေလို့ Store ထဲက ထုတ်ပေးထားပါ"

"ရှင်"

"Cocaine (ထုံဆေး)ရယ်၊ Penicillin ရယ်၊ Tonic ရယ်၊ အားဆေးမျိုးစုံပေါ့။ အဲဒါတွေကုန်သလောက်ဖြစ်နေလို့ ထုတ်လာပေးပါ။ မနက်ဖြန်ထုတ်ရင် အလုပ်မရှုပ်အောင်လို့"

"ရှင်! "

သူ့ကိုနားမလည်ဟန်ဖြင့် မော့ကြည့်နေသည့် မျက်ဝန်းတစ်စုံကို စိုက်ကြည့်နေမိပါသည်။ အလှမ်းဝေးနေပေမယ့် မျက်စိရှေ့ နေ့တိုင်းမြင်ရတဲ့ဒီမိန်းကလေး။ တစ်ဆေးရုံတည်း အတူတူလုပ်နေတဲ့ဆရာဝန်လေးနဲ့ အတူတူ မကြာခဏတွဲတွေ့ရတိုင်း ရင်ထဲမှာ မနာလို မရှုစိမ့်သလိုနှယ် ခံစားရတာကို မကြိုက်တာမို့ အမြဲလိုလို အလုပ်လုပ်တိုင်း ဖယ်ချန်ခံခဲ့ရတဲ့ကောင်မလေး။

ဒီလိုမိန်းကလေးက သူ့နှလုံးသားကို ကိုင်လှုပ်နိုင်လိမ့်မည်ဟု မည်သို့မျှထင်မထားမိတာလေ။ မိန်းမတွေကို (အကုန်လုံးမဟုတ်ပေမယ့်) အထင်မကြီးရဲပေဘူးတာ။ မယုံပေးရဲတော့တဲ့စိတ်က သူမနှင့်ပတ်သက်လာမှ ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



အကုန်လုံးနီးပါး လှေျာ့ပါးပျောက်ကွယ်ခြင်းရဲ့ရလဒ်က ဘာတဲ့လဲ။ ရင်ခုန်တိုင်း အချစ်လို့ လွယ်လင့်တကူယူဆချက်က အမှားကြီးမှားယွင်းခဲ့ရတာ မဟုတ်ပေဘူးလား။

နေ့တိုင်းလိုလို မြင်ခွင့်ရပေမယ့် အိမ်အပြန်လမ်းခွဲရတာမျိုး။ ညတိုင်း မက်ဖြစ်တဲ့အိပ်မက်တွေကို ပိုင်စိုးထားတာမျိုး။ လွင့်မျောချင်တိုင်း လွင့်မျောနေတတ်တဲ့စိတ်အစဉ်ကို သူမတစ်ဦးတည်းဆီကိုသာ ဦးတည်စေခဲ့တာ။ နေ့နေ့ညည စက္ကန့်မလပ်မြင်နေချင်တဲ့ သူမရဲ့ပုံရိပ်လေးကို အပိုင်သိမ်းယူချင်တဲ့လောဘတို့က 'မြတ်နိုးခြင်း'ဟူသည့်အရာကို ဖြစ်တည်စေခဲ့တာပါလေ။

သေချာပါတယ်၊ ကိုယ်တော့ မင်းကိုသိပ်ချစ်နေမိပြီ 'မိုးရန့်'ရယ်။

"စတိုကနေ ဆေးထုတ်ပေးရတဲ့အလုပ်က နန်းကြာဖြူရဲ့တာဝန်ပါ ဒေါက်တာ"

"ကိုယ်က အခု မင်းကိုတာဝန်ယူစေချင်တယ်ဆိုရင်ရော မရဘူးလား"

ခဏမျှ သူမ တွေသွားလေ၏။ ကြီးလေးသည့်တာဝန်မျိုးမှမဟုတ်ပါဘဲ။ ကိုယ်တော့ ကြာလာတာနဲ့အမျှ ဒုက္ခတွေအကြီးကြီးရတော့မယ်ထင်ပါရဲ့ မိုးရန့်ရယ်။ မဆိုင်တာတွေကို တစ်ခုပြီးတစ်ခု ဆက်တိုက်နီးပါး မင်းအပေါ်ပြုမူနေမိတာလေ။

"ရပါတယ်"

သူမ ဆေးစတိုရှိရာအောက်ထပ်သို့ ဆင်းစဉ် သူမနောက်မှ သူ လိုက်ခဲ့မိပါ၏။ Duty ဆင်းကြပြီမို့ ဆေးရုံဝန်ထမ်းတို့က Lift နှစ်ခုစလုံး အပြည့်နီးပါးပါပဲ။ စောင့်ရတာကိုမနှစ်သက်ပုံဖြင့် သူမ လှေကားရှိရာသို့





ဦးတည်စဉ် သူကျိတ်ပြုံးမိလေသည်။ ဒီလိုပဲဖြစ်ရမယ်လေ။

"ဟောတော်. . . ဒေါက်တာက"

"လိုက်မလို့လေ"

"ရှင်"

"ဝိုင်းကူလို့မရဘူးလား၊ Duty ဆင်းတာ နောက်မကျစေချင်လို့ပါ မိုးရန့်ရဲ့"

"ဩော်. . . ရပါတယ် ဒေါက်တာ၊ ကျွန်မလုပ်နေကျအလုပ်မို့ မခက်ခဲပါဘူး"

"အပြင်မှာ မှောင်နေပြီ"

မဆီမဆိုင်ပြောလိုက်သည့် သူ့စကားကြောင့် သူမ အံ့ဩသွားလေ၏။ လှေကားဆင်းနေတုန်းမို့ သတိထားရန် သူမျက်ရိပ်ပြလိုက်မှ သူမ ခြေလှမ်းကို ပြန်စလှမ်းလေသည်။ အပြင်မှာ မှောင်တာများ ဘာဆန်းလို့လဲဟု သူမတွေးမည်သာ။ မှောင်ရင် Bus တွေကျပ်တတ်တာမို့ Taxi ဖြင့် ပြန်ရမှာလေ။ ခပ်မှောင်မှောင်လမ်းထဲကို တစ်ယောက်တည်းဝင်တာ စိတ်မချမှန်း သူမ မသိဘူးလား။

"မမိုးရန့်"

"ရှင်! ဩော်. . . ဒေါက်တာ"

"ပြန်ကြမယ်လေ"

"ကျွန်မ. . . "

"သူ့ Duty မှမပြီးသေးတာ၊ ဘယ်ပြန်လို့ရမှာလဲ"

"Duty? ... Duty က ဆင်းပြီမဟုတ်လား"

"ငါခိုင်းထားတာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသန့်ဇင်လင်းက လှေကားရင်းမှာ ရပ်လျက်စောင့်နေရှာပါ။ သူ့အပြောကြောင့် ဆရာဝန်လေးမျက်နှာထက် အံ့ဩရိပ်ထင်သွားလေ၏။ အလုပ်ချိန်မဟုတ်တော့သော်ငြား Power က ထုတ်ပြမိချေပြီ။ ခက်တော့ခက်သွားပါလားနော်။

"စောင့်နေမယ်နော်"

"မစောင့်နဲ့၊ Night duty ဆက်ပြီးဝင်ရမှာ"

"ဗျာ!"

ကဲ! မှတ်ရော။ အူလည်လည်နှင့် ဆရာဝန်လေးကိုထားခဲ့ပြီး ဆေးသိမ်းစတိုဆီ ဆက်လျှောက်လာခဲ့ကြပါ၏။ ဟုတ်တယ်. . . စရောက်တဲ့နေ့ကတည်းက သူမနား ဖားပျံလို လိုက်ကပ်နေတာ အမြင်ကပ်စရာကြီး။ စိတ်တိုရပါလား။ အနေအထိုင်ကို မတတ်ပါလား သန့်ဇင်လင်း။

"ဒေါက်တာ"

"ပြော"

"ကျွန်မကို တကယ်ပဲ Duty ဆက်ဝင်ခိုင်းမှာလား"

"မဝင်ခိုင်းပါဘူး၊ နေကောင်းတာမှ မကြာသေးတဲ့သူကို နှိပ်စက်စရာလား"

"ဟင်! ဒါဖြင့် ဘာလို့ ဒေါက်တာသန့်ဇင်လင်းကို ပြောလိုက်ရတာလဲ"

"အမြင်ကပ်လို့"

"ရှင်"

"ဟုတ်တယ်လေ. . . မင်းနောက်က တကပ်ကပ်လိုက်နေတာကို မျက်စိထဲ Cross ဖြစ်နေလို့ တမင်ပြောလိုက်တာ။ ဘာလဲ၊ မကျေနပ်





ဘူးလား"

"မဟုတ်ပါဘူး"

"မဟုတ်ရင်ပြီးတာပဲ"

စတိုခန်း Lock ဖွင့်ပြီးမှ သူ့ကို သူမကျောပေးလိုက်စဉ် သူကျိတ်ပြုံးလိုက်မိတော့၏။ တရားတာတွေ မတရားတာတွေ ကိုယ်မစဉ်းစားချင်ဘူး မိုးရနံ့။ မင်းနဲ့ပတ်သက်လာသမျှကိစ္စတိုင်း ကိုယ်ပြုမူသမျှ အမှန်လို့ပဲ ယူဆထားလို့ပါ။ မင်းနဲ့အနီးဆုံးမှာ ရှိခွင့်ရရုံနဲ့ ကိုယ့်ရင်ထဲ တသိမ့်သိမ့်လေး နွေးနေတာကို သိပါလေစ။

အချစ်က လူ့စိတ်ကို အများကြီးပြောင်းလဲစေသတဲ့။ မှန်လိုက်တာ။ အမြဲလိုလို မျက်မှောင်ကြုတ်ပြီး လေသံပြတ်နဲ့သာ စကားပြောလေ့ရှိတဲ့ သီဟကျော်စွာကို အပြုံးတွေဖြစ်တည်စေပြီး ချိုသာသည့်စကားမျိုးတွေ ပြောဖြစ်စေခဲ့တာပါလေ။ မည်သို့သောတန်ခိုးရှင်ကများ သူ့ကို ဤသို့ အပြောင်းလဲကြီး ပြောင်းလဲသွားစေအောင် ဖန်ဆင်းလိုက်ပါသနည်း။

ပိုင်ဆိုင်ရဖို့ထက် စွန့်လွှတ်ခဲ့ခြင်းကိုသာ ပွေ့ပိုက်ခဲ့ရပါသည့် သူ၊ ချစ်ခြင်းရဲ့လှည့်ဖြားမှုဒဏ်ကို ရိုက်ချက်ပြင်းပြင်းနဲ့ ခံယူခဲ့ရပါသည့်သူ၊ နောင်တတွေ တစ်ပွေ့တစ်ပိုက်နဲ့ ရင်ကွဲနာကျခဲ့ရပါသည့်သူ၊ ကျန်ရစ်ခြင်းပင်လယ်မှာ ရေစုန်မျောရင်း မောခဲ့ရပါသည့်သူ။

ဒီလိုလူတစ်ယောက်ကို သနားသဖြင့် နောက်ထပ်တစ်ကြိမ် ကျန်ရစ်ခွင့်မပေးလိုက်ပါနဲ့။ စွန့်ပစ်ခြင်းရဲ့ဒဏ်ရာက ယခုတိုင် အမာရွတ်အဖြစ်နှင့် နှလုံးသားမှာ ထင်ကျန်ဆဲဆိုတာ. . .

ကိုယ့်ကိုပြန်ချစ်လှည့်ပါ။

꩜ ꩜ ꩜



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၆ )

"သေချာတယ်၊ နှင့်ကို သူတို့နှစ်ယောက်စလုံး ချစ်နေပြီ။ သတိ ထားပေတော့ မိုးရေ"

ညကပြောခဲ့သည့်မျိုးစကားကို ပြန်ကြားယောင်မိပြီး ပြုံးလိုက်မိ၏။ ဒီနေ့က နေ့လယ်(၁၁)နာရီမှ Duty ဝင်ရမှာမို့ နောက်ကျမှ အဆောင် မှထွက်ဖြစ်လေသည်။ နေ့လယ်စာ တစ်ခါတည်းစားခဲ့တာမို့ ထမင်းချို မယူဖြစ်တော့ပါ။ လက်ထဲမှာ Note book ကလေးကိုကိုင်ထားပြီး ထီ အကွက်လေးကိုဆောင်းကာ လမ်းထိပ်သို့ လျှောက်ခဲ့ပါ၏။

နှစ်ယောက်စလုံးတဲ့၊ ဟုတ်လို့လား။ ရင်မှာဝေဒနာတွေ ထွေးပိုက် ထားတဲ့သူမကို ဘယ်လိုအမျိုးသားကများ စိတ်ဝင်စားမှာလဲ။ အထူးသဖြင့် သူမနှင့်မည်သို့မျှ အလွှာမတူနိုင်သည့် ဤ Doctor တို့က ပိုပြီးအလှမ်း ဝေးကွာလွန်းတာပါလေ။ အဆင့်အတန်းတဲ့၊ မည်သို့သော ပကာသနပေတ ဖြင့် တိုင်းတာခဲ့ပါသနည်း။

"တီ! တီ!"





"ဟင်"

ဗုဒ္ဓေါ! တွေးလက်စအတွေးပင် မဆုံးသေးဘဲ သူမရှေ့မှာ ရပ်သွား ပါသည့်ကားလေးကြောင့် လန့်သွားရပါသည်။ ဒေါက်တာသန့်ဇင်လင်း၏ အပြုံးက နေ့ခင်းနေ့မင်းလို နွေးနွေးထွေးထွေးလေးပါလေ။ ဘယ်လိုဖြစ် ပြီး သူမ Duty အချိန်လို နောက်ကျပြီး လာရတာပါလိမ့်။

"မမိုးရန့်"

"မင်္ဂလာပါ ဒေါက်တာ"

"အတူတူသွားကြရအောင်"

"နေပါစေ၊ ဒီအချိန် Bus ချောင်ပါတယ် ဒေါက်တာရဲ့"

"ကျွန်တော် ပြောစရာရှိလို့ခေါ်တာပါဗျာ"

"ရှင်!"

"လိုက်ခဲ့ပါနော်"

ကားကြုံခေါ်သည့်လူကပင် ခပ်ယယပြောပြီး တံခါးဆင်းဖွင့်ပေးနေ ပြီမို့ သက်မကိုကျိတ်ရှိုက်လိုက်မိပါ၏။ စောစောထွက်လာမိတာများ မှား လေပြီလား။ လက်မှထီးကို လှမ်းယူရန် ရွယ်လိုက်သဖြင့် သူမ ထီးမြန် မြန်ပိတ်ကာ ကားပေါ်တက်ထိုင်လိုက်ရတော့၏။

"Coffee ဆိုင်ဝင်ရအောင်နော်"

"ကျွန်မ ထမင်းစားလာခဲ့တယ် ဒေါက်တာ"

"Coffee တစ်ခွက်လောက်တော့ ဝင်နိုင်ပါသေးတယ် မမိုးရန့် ရယ်"

သူမ နှုတ်ဆိတ်နေလိုက်မိ၏။ ညကပဲ သတိပေးတာမှ ဘာကြာသေး လို့လဲ။ ဒီမနက်မှာ သူမအနီးသို့ ချဉ်းနင်းဝင်လာပြီဖြစ်သည့် ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



လေး၏ခြေလှမ်းတို့ကို စိတ်ထဲမှ အလိုလိုကြိုသိနေတော့ ခက်သားလား။ ဘယ်တတ်နိုင်ပါ့မလဲ၊ ဖြစ်သမျှအကြောင်း အကောင်းလို့ပဲ ယူဆရှိသာ ရှိတော့တာလေ။

ပြောရင်လည်း နားထောင်ပေးရမှာပေါ့။ ပြေရမယ့်အဖြေက ရင်ထဲမှာ အဆင်သင့်ရှိနေတာကို။ အချစ်ဟာ ပေးဆပ်ခြင်းလို့ ယူဆသတ်မှတ်ကြရင် မိုးရန့်ရဲ့နှလုံးသားကို 'ကို့'ထံမှာ ပေးအပ်ခဲ့ပြီးပါပြီလေ။ တစ်ခြမ်းတည်းသာရှိတော့သည့် အသည်းနေရာမှာ နေရာအပြည့်ပေးပြီးသားမို့ မိုးရင်ထဲကို ဘယ်လိုသူစိမ်းတစ်ယောက်ကိုမှ ဝင်ခွင့်မပြုနိုင်တာကို 'ကို့' သိရဲ့သားနဲ့ ရက်စက်ရတယ်လို့။

"မမိုးရန့်"

"ရှင်"

"ရောက်ပြီ"

"အော်. . . ဟုတ်ကဲ့"

"နာရီဝက်လောက်တော့ အချိန်ရပါတယ်နော်"

"ဟုတ်ကဲ့"

ကားပေါ်မှဆင်းကာ ကော်ဖီဆိုင်ထဲသို့ ဝင်ခဲ့ပါ၏။ Uniform တစ်ခါတည်းဝတ်လာတာမို့ ပတ်ဝန်းကျင်ကို မျက်နှာပူမိလေသည်။ နာစ့်မလေးကို ဆေးရုံမှာမမြင်ရဘဲ လမ်းဘေးရှိကော်ဖီဆိုင်မှာ တွေ့ရတယ်လို့၊ လူရှင်းနေသည့်ဆိုင်ထောင့်ခုံမှာ မျက်နှာချင်းဆိုင် ထိုင်လိုက်ကြပါသည်။

"ကော်ဖီခါးခါးလေး နှစ်ခွက်ပေးပါ၊ မုန့်မစားဘူး"

မုန့်ခပ်များများ ကာထားသည့်အတွက် အပြင်လမ်းမကြီးကို အတိုင်းသားမြင်နေရပါ၏။ အုန်းအလှပင်တို့ကို ပန်းအိုးအကြီးတို့ဖြင့် စိုက်ထား





တာမို့ စိမ်းစိုတောက်ပနေလေသည်။ မိုးသားတိမ်လိပ်တို့ ကင်းစင်နေသည့် အပြာရောင်ကောင်းကင်က ကြည်လင်နေပါ၏။ ညနေဘက်မှပဲ မိုးရွာမယ် ထင်ပါရဲ့။

"ရန့်"

"ရှင်"

"ရန့်လို့ခေါ်ပါရစေ"

"အော်. . . ဟုတ်ကဲ့၊ ရပါတယ် ဒေါက်တာ"

"အဲဒီဒေါက်တာကြီးကို ဖြုတ်ခေါ်ပေးပါလား ရန့်ရယ်။ အရမ်းစိမ်းနေသလို ဖြစ်နေလို့ပါ"

ရော်! သူစိမ်းပါဆိုမှ မစိမ်းဘဲ ပြာရမှာလား။ အရည်လဲ့နေသည့် မျက်ဝန်းတို့ကိုရှောင်ရှားရင်း ကော်ဖီခွက်ကို ဇွန်းသေးလေးဖြင့် မွှေနေမိလေသည်။ Cream မပါပါဘဲ အရှုးအလုပ်လုပ်နေမိပါလား မိုးရန့်။

"ဆေးရုံက ဆရာဝန်အားလုံးကို ကျွန်မ ဒီလိုပဲ. . ."

"ကျွန်တော်က သီးသန့်ခေါ်စေချင်တာလေ"

"ဒေါက်တာ"

"ကိုသန့်လို့ မခေါ်နိုင်ဘူးလားဟင်"

"အင်း. . . ရပါတယ်၊ အခေါ်အဝေါ်က အရေးကြီးတာမှမဟုတ်တာ"

"Thanks "

ကော်ဖီကိုသောက်ရင်း သူပြုံးလေ၏။ အားယူနေပုံပါပဲ။ 'ကို့'တုန်းကလည်း သူမကိုဖွင့်ပြောဖို့ အတော်လေး ပျာယာခတ်ခဲ့တာပါလေ။ ထားပါတော့၊ Major တူကျောင်းသားမို့ အခွင့်က အပိုရခဲ့တာပါပဲ။ ယခုလို



www.burmeseclassic.com

www.burmeseclassic.com



ရာထူးမတူတဲ့လူက သူမကို မည်သို့ပြောဦးမှာပါလိမ့်။

"ကျွန်တော်"

"ရာသီဥတုသာယာတယ်နော်"

"ဟာ. . . ရန့်ကလည်း ကျွန်တော်ပြောချင်နေတာကို လမ်းကြောင်းလွှဲရတယ်လို့"

"ဟင်းဟင်း. . . ကျွန်မသိနေပါတယ် ကိုသန့်ရယ်"

"ဗျာ"

"ကျွန်မကိုစိတ်ဝင်စားနေပြီလို့ပြောမှာမဟုတ်လား"

"ဘယ်လို. . . ရန့် သိနေတယ်၊ ဟုတ်လား"

သူမခေါင်းညိတ်ပြလိုက်၏။ ရည်းစားစကားအပြောခံရလို့ ရှက်ရွံ့အမူအရာမျိုး ရှိမနေဘဲ၊ တည်ငြိမ်နေသည့်ဟန်ကြောင့် သူနေရခက်မသွားပါလေ။ ကိုယ့်အပေါ် ဘယ်လိုလူက ဘယ်လိုသဘောထားမျိုးနဲ့ ကြည့်တာကို မိန်းကလေးတိုင်းစိတ်ထဲမှာ အလိုလိုသိနေတာက သဘာဝပဲမဟုတ်ပါလား။

"ရန့်သဘောကရောဟင်"

"မဖြစ်နိုင်လို့ပါ"

"ဘာလို့လဲ"

"အင်း. . . ဘာလို့လဲဆိုတော့ ကျွန်မရဲ့နှလုံးသားကို လူတစ်ယောက်ဆီမှာ ပေးခဲ့ပြီးသားမို့ပါရှင်"

"ဘယ်သူ့ဆီ"

"ဒါကြောင့်မို့ ကိုသန့်ပြောထားတာကို ပြန်ရုပ်သိမ်းစေချင်ပါတယ်"

"ရန့်ရဲ့. . . ရန့်ရဲ့နှလုံးသားကို အပိုင်ရသွားတဲ့လူက ဒေါက်တာ





သီဟကျော်စွာများလား"

သူမ တွန့်ခနဲဖြစ်သွားရပါ၏။ ဘယ်လိုဖြစ်ပြီး ဒီဆရာဝန်လေးကပါ သူ့ကိုနိုင်မိနေရတာပါလိမ့်။ ဒုက္ခရေ! ဆေးရုံမှာ သူမနာမည် ဘျှမှုကျော်ကြားနေလေပြီလား။ အများအမြင်မှာ ဘာမှမဟုတ်တဲ့နာစ့်က ဆရာဝန်တွေ ပါရဂူတွေကို ချိန်နေတာလို့ သတင်းဆိုးသာ ထွက်နေရင်ဖြင့်။

အနေအထိုင်ကို ဒီထက်ပိုဆင်ခြင်သင့်ပြီ မိုးရန့်။ ကိုယ်ရထားတဲ့အလုပ်နေရာလေးကို အတည်တကျနဲ့ မပျောက်မပျက် ထိန်းသိမ်းနိုင်မှ ဖြစ်တော့မှာလေ။ ကလေးသိက္ခာရှိစွာ နေနေပါလျက်နဲ့ ဘယ်လိုဖြစ်ပြီး ဒီလိုကိစ္စက နောက်ထပ်တစ်ကြိမ်ဖြစ်ရပါသလဲ။

"မဟုတ်ပါဘူး"

"မဟုတ်ဘူး ဟုတ်လား။ ဒါဖြင့် ကျွန်တော်နဲ့ ရန့် စကားပြောတိုင်း သုဝင်စွက်ဖက်တာ ဘာသဘောနဲ့လဲ"

"ဒါတော့ ကျွန်မ မသိဘူး ကိုသန့်. . . ပြောတာနားထောင်ပြီးပြီမို့ အလုပ်သွားရတော့မယ်"

"သူမဟုတ်တာ သေချာပါတယ်နော်"

"အသေအချာပါရှင်"

အသေအချာမြင်ဖြစ်အောင် မြင်လိုက်ရသည့်မြင်ကွင်းတစ်ခုပါပဲ။ ကော်ဖီဆိုင်ထဲမှာ မျက်နှာချင်းဆိုင် ထိုင်နေတာလေ။ ဘေးဘီဝန်းကျင်ကိုပါ မငဲ့နိုင်အောင် အကြည်ဆိုက်နေကြတယ်ပေါ့။ ဟိုဆရာဝန်လေး ကြည့်နေတာကို မျက်လွှာချပြီး ငြိမ်နေတယ်ပေါ့လေ။ မင်းဘယ်လိုမိန်းကလေးလဲ မိုးရန့်ရယ်။

"တောက်!"



www.burmeseclassic.com

www.burmeseclassic.com



ကားကို ပွိုင့်လွှတ်သည်နှင့် အရှိန်တင်၍ မောင်းထွက်လိုက်ပါ၏။ ကားကို ဆေးရုံဝင်းထဲကွေ့ဝင်ချိန်အထိ ရင်ထဲမှာ တအုံနွေးနွေးဖြစ်နေသည့်ခံစားမှုက မလျော့ပါးသေးပါချေ။ နဂိုတည်သည့်မျက်နှာမှာ တင်းမာရိပ်တွေ ပေါ်လွင်နေတာမို့ နှုတ်ဆက်နေကျဝန်ထမ်းတွေပင် သူ့ကို နှုတ်မဆက်ရဲတော့ပါလေ။

"Morning... မောင်ကျော်စွာ"

"ဟောဗျာ! အန်ကယ် အစောကြီးရောက်နေတာကိုး၊ morning Uncle!"

"အေးအေး. . . ညနေအားရင် ဝင်လာပေါ့၊ သူ့ Duty ရှိနေရင် တွေ့ရမယ်။ ဒါပဲနော်"

ဆေးရုံအုပ်ကြီးက ပြောလက်စ Phone ကိုပိတ်ကာ သူ့ကိုလှမ်းလက်ပြလိုက်ပါသည်။ ညနေ လာတဲ့။ ဘယ်သူ့ကိုများ ဖိတ်နေတာပါလိမ့်။ ဆေးရုံဆိုတာ တော်ရုံ ဘယ်သူမှ တကူးတက လာလည်တတ်တဲ့နေရာမှ မဟုတ်တာလေ။

"အန်ကယ့်တူလေ၊ ဟိုတလောက သူ့အမေ Operation လုပ်တုန်း သွေးလှူတာ ဘယ်သူလဲဆိုပြီး မရမကမေးတာနဲ့ ပြောပြလိုက်ရတယ်"

"ဗျာ"

"အဲဒါ ညနေဘက်လာမလို့တဲ့၊ သမီးမိုးကို သူ့အမေက ကျေးဇူးတင်လွန်းလို့ ဘာလက်ဆောင်ပေးမလို့ဆိုလားပဲ"

ရော်! ခက်တာပဲ။ အခုပဲ ညစ်နေသည့်စိတ်က ပိုညစ်လာရပါလားနော်။ ဆေးကုခွဲစိတ်တာ ကြာပဲကြာလှပြီ။ မေ့သလောက်ရှိမှ ဘာလာလုပ်





ရပြန်တာပါလိမ့်။ ဒေါက်တာသန့်ဇင်လင်းနဲ့ ရင်းနှီးတာကို မနှစ်မြို့ပါဘူး ဆိုနေမှ နောက်တစ်ယောက်က ထွက်လာပြန်ပါရောလား။

သွေးလှူတယ်ဆိုတာ လူနာအတွက်ဖြစ်ပေမယ့် သွေးလှူရှင်ရဲ့ အမည်ကိုသိဖို့ မလိုအပ်ပါလေ။ ဒါကို ဘာကြောင့်များ ဒေါက်တာ ဦးမြတ်မောင်က သူမအမည်ကိုထုတ်ဖော်ပြောလိုက်တာပါလိမ့်။ တကယ်ဆို လှူ့ဝက်စွာ စောင့်ထိန်းရမည့်အရာတို့က အရေးကြီးတာမဟုတ်ပါလား။

နေပါဦး. . . ဘယ်လိုဖြစ်ပြီး ဆေးရုံအုပ်ကြီးအပေါ်မှာ သူစိတ်ကွက်ရတာပါလိမ့်။ သီဟကျော်စွာ. . . သီဟကျော်စွာ၊ ဒီမိန်းကလေးနဲ့ပတ်သက်လာရင် မြင်မြင်သမျှလူတွေအားလုံးကို မျက်မုန်းကျိုး ရန်လုပ်ချင်နေပြီလား။ ရှုးပါ့ကွာ။

ဘယ်လိုပဲ စိတ်ကိုဖြေပါစေ၊ မနက်ကတည်းက မြင်ခဲ့ရသည့်မြင်ကွင်းကြောင့် စိတ်အမှုအထစ်က တစ်နေကုန်မပြေနိုင်ခဲ့။ ဘာကြောင့်များ သူ့စိတ်ကို ဒီလောက်ထိ သူမ စိုးမိုးနိုင်ရပါသလဲ။ လွှမ်းမိုးခြင်းရဲ့အောက်က အကျဉ်းသားလို စိတ်အစဉ် ပိတ်လှောင်နေတာပါလေ။

မိုးရေနဲ့. . . မင်းကိုဖွင့်ပြောတဲ့လူက ကိုယ် အရင်ဆုံးမဟုတ်ပါလား။ ဒါပေမဲ့ မင်းခေါင်းညိတ်အဖြေပေးမယ်ဆိုရင်တော့ ကိုယ်ပဲဖြစ်ပါရစေနော်။ ချစ်ခြင်းရဲ့ပစ်ပယ်ခြင်းဒဏ်ရာကို တစ်ကြိမ်တစ်ခါခံစားပြီးခဲ့ပြီမို့ ဒီတစ်ကြိမ်တော့ ကိုယ့်အပေါ် မျက်နှာသာပေးလှည့်ပါကွာ။

* * *



www.burmeseclassic.com

"မိုး..."

မိုး...
တစိမ့်စိမ့် ရင်ထဲမယ်
တသိမ့်သိမ့် ခုန်စေခဲ့တဲ့
ချစ်ခြင်းရဲ့ သင်္ကေတ...

မိုး...
တယိတ်ယိတ် ရင်ထဲဝယ်
တငြိမ့်ငြိမ့် ခံစားစေခဲ့တဲ့
ချစ်ခြင်းရဲ့ အလင်္ကာ...

မိုး...
တဖြည်းဖြည်း ရင်ထဲကို
တစ်လှမ်းချင်း ဝင်ရောက်လာခဲ့တဲ့
ချစ်ခြင်းရဲ့ ခြေရာ...

မိုး...
တထင့်ထင့် ရင်ထဲတိုင်
တနင့်နင့် စွဲငြိလာခဲ့တဲ့
ချစ်ခြင်းရဲ့ အလင်းရောင်...

မိုး...
တရစ်ရစ် ရင်ထဲမှာ
တသွင်သွင် စီးစေခဲ့တဲ့
ချစ်ခြင်းရဲ့ စမ်းရေလေး...

မိုး...
တဒိတ်ဒိတ် ရင်ထိတ်အောင်
ရိုပ်ခနဲ သွန်းစေခဲ့တဲ့
ချစ်ခြင်းရဲ့

မစဲသော မိုး.....

www.burmeseclassic.com

## အခန်း ( ၁၇ )

အတော့်ကို စိတ်ရောကိုယ်ပါ ပင်ပန်းရတဲ့နေ့တစ်နေ့ပါပဲ။ Round လှည့်တိုင်း၊ ဆေးကုပေးတိုင်း၊ Operation ခန်းဝင်တိုင်း၊ သူမကို မကြာခဏကြည့်မိလေ၏။ မျက်နှာက ပုံမှန်ပါပဲ။ ဘာမှစိတ်အနှောင့်အယှက်ဖြစ်မနေပုံမို့ သူရင်မောနေတာ လျော့ပါးသွားရပါသည်။

"အကြောဆေးသွင်းရမယ်"

သွေးပေါင်ချိန်ကြည့်ပြီးသည့်လူနာကို စစ်ပြီးသည်နှင့် သူမက ကိရိယာတို့ကို စနစ်တကျသိမ်းပေးလေ၏။ ဆေးအပြည့်တင်ထားသည့်လှည်းလေးထက်မှ လိုအပ်သည့်ဆေးတို့ကို သူရှာလိုက်ပါသည်။ သူမက တစ်ခါသုံးအစ်ထုပ်ထဲမှ Syringe အကြီးကိုထုတ်ယူလိုက်လေ၏။

"Patient က သွေးကြောသေးတယ်နော်"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

သူသတိပေးလိုက်သဖြင့် ကလေးတွေ ဆေးသွင်းရာမှာ သုံးသည့်ပိုက်ကလေးနှင့် လိပ်ပြာအစ်ကို ရှာယူလိုက်လေ၏။ တွေ့လား. . . စကား





များများမပြောရပါဘဲ လုပ်ရမည့်အလုပ်ကို ကြိုမြင်တတ်တာကိုက အမှတ်ပိုပေးမိရတာလေ။ အဲဒါလေးတွေကြောင့် မင်းကို ကိုယ်သဘောကျလာရတာပါ မိုးရနံ့ရယ်။

"လက်မကို အထဲထည့်ပြီး လက်သီးဆုပ်ထားပါနော်. . . ဘာမှမကြောက်နဲ့၊ ဆေးအပ်စဝင်တုန်းခဏပဲ နည်းနည်းနာမှာ။ ဆေးသွင်းလို့နလုံးအောင့်တာနဲ့ပြောနော်။ ငြိမ်မနေနဲ့"

လူနာကို လေပြည်လေးနှင့်ပြောကာ လက်မောင်းအတွင်းဘက်ကိုဖိကာ လက်ဖျားဖြင့် ခပ်သာသာရိုက်လိုက်လေ၏။ လူနာက အသက်(၄၅)နှစ်ဝန်းကျင်အမျိုးသမီးမို့ ခန္ဓာကိုယ်ပြည့်ပြီး အသားလည်း အတော်ဖြူလွန်းပါသည်။ သူမလက်ရာကြောင့် လက်မောင်းရဲလာတာမို့ လူနာကမနာရပါဘဲ နာစ့်မျက်နှာက ခပ်ညိုညိုဖြစ်လာပါ၏။

"လက်ကောက်ဝတ်မှာပဲ ရှာကြည့်လေ"

"အရမ်းနာနေမှာစိုးလို့ပါ"

"မင်းရိုက်နေတာကမှ လူနာ ပိုနာမှာ"

"တောင်းပန်ပါတယ်ရှင်"

"ရပါတယ် ဆရာမရယ်"

သူပြောသည့်အတိုင်း လက်ကောက်ဝတ်မှာပင် သွေးကြောရှာတွေ့တာမို့ ဆေးသွင်းရန် အပ်ထိပ်ကို ထိုးထည့်လိုက်ပါသည်။ သူမမျက်နှာထက်မှာ အားနာမျက်နှာပူနေသလို အမေအရွယ်မို့ စိုးရိမ်မှုပိုနေသလိုပါလေ။ Nurse တွေထဲမှာ အသွက်ဆုံးဖြစ်ပါလျက် ယခုမှ အဘယ်ကြောင့်ထိတ်လန့်နေရပါသနည်း။

"ရင်ဘတ်ထဲက အောင့်လာလားဟင်၊ ဘာမှမဖြစ်ဘူးလား။ တော်



www.burmeseclassic.com

www.burmeseclassic.com



ပါသေးရဲ့၊ ကျွန်မ ဆက်လုပ်ပေးရမလား ဒေါက်တာ”

‘နေပါစေ၊ ရပါတယ်”

“ဒေါက်တာ ကြာနေမှာစိုးလို့ပါ”

သူခပ်စူးစူးတစ်ချက်ကြည့်လိုက်မှ သူမ ခြေလှမ်းနောက်ဆုတ်သွားတော့၏။ လူနာလက်သီးဆုပ်ကိုပင် ကိုယ်တိုင်ဖြည်ပေးသေးတာပါလေ။ တခြားလူနာတွေထက် ဒီလိုအမေအရွယ်တွေကို ကုသတိုင်း သူမ ဤသို့ ပူပန်မှုဖြစ်တာကို သူသတိထားမိလေ၏။

“မမိုးရေ”

ခေါ်သံကြောင့် သူမ ဖျတ်ခနဲလှည့်ကြည့်ကာ နှုတ်ခမ်းထက် လက်ညှိုးထောင်ပြကာ အသံတိုးစေလေ၏။ လူနာလန့်မှာကို စိုးရိမ်၍ပဲလား သို့တည်းမဟုတ် သူစိတ်တိုမှာစိုး၍ပဲလား သူသေချာမသိပါလေ။

“ဆေးရုံအုပ်ကြီး ခေါ်ခိုင်းလိုက်လို့ပါ”

“အခုလား”

“ဟုတ်တယ်”

“မအားသေးဘူး၊ ခဏနေမှ လာလို့ရမယ်လို့ ပြောပေးပါ”

“ဟုတ်ကဲ့ပါ ဒေါက်တာ”

သူလှည့်ပြောလိုက်တာမို့ သူမ ငြိမ်နေလေ၏။ ညနေသည်ရောက်နေပြီပေါ့လေ။ ညနေရောက်တာက မြန်လိုက်တာနော်။ နေ့လယ်မှ Duty ဝင်သည့်သူမက ညကိုးနာရီမှ ပြန်ရမှာကို သူသိနေပါသည်။ ဒေါက်တာဦးမြတ်မောင်ရဲ့တူတဲ့။ ဘယ်လိုပုံပန်းမှန်းမသိသေးပေမယ့် အိမ်ထောင်သည်သာဖြစ်ပါစေဟု စိတ်ပုပ်စွာ ဆုတောင်းလိုက်မိတာ အမှန်ပါလေ။

“ကိုးနာရီမှ ပြန်မှာမဟုတ်လား”





“ရှင်! ဪ. . . ဟုတ်ကဲ့”

“အပြင်မှာ တစ်ခုခုထွက်စားမယ်လေ”

“ရှင်”

“ည်အထိ ဗိုက်ဟောင်းလောင်းနဲ့ Duty ဝင်မလို့လား”

ကဲ! လေသံ မာမိပြန်ပါပြီ။ ဉာဏ်ထက်ပါတယ်ဆိုကာမှ အခုတော့ သူပြောတာကို တအံ့တဩနဲ့ တုံ့ပြန်နေတာကိုး။ ဆေးရုံအုပ်ကြီးခေါ်ထားတာကို အလေးအနက်မထားဘဲ အချိန်ဆွဲထားလို့ ဘယ်ကောင်းပါ့မလဲ။ သူ လူနာစစ်ပြီးချိန်အထိ နောက်မှ တကောက်ကောက်လိုက်ပါနေရတာလေ။ တာဝန်ပြီးမှ တအောင့်နားချိန်မှာ ဗိုက်ဖြည့်ရမှာပါ။ သန့်စင်ခန်းမှာ လက်ဝင်ဆေးတော့မှ သူမသက်ပြင်းကျိတ်ရှိုက်လိုက်မှန်း သူသိရလေ၏။

“ဘာဖြစ်လို့လဲ”

“ဟင့်အင်း”

“မိုးရန့်”

“ရှင်. . . ဒေါက်တာ”

“ဆေးရုံအုပ်ကြီးရဲ့တူကို မြင်ဖူးလား”

“ဟင်”

သူမခြေလှမ်းတို့ တုံ့ခနဲဖြစ်သွားရလေ၏။ ဘယ်လိုမေးခွန်းကြီးပါလဲ။ မေ့လုလုအမည်ကို အစလာဖော်ရတယ်လို့။ မနက်ကပဲ ကိုသန့်ကို ငြင်းပြီးခဲ့တာ ဘာများကြာသေးလို့လဲ။ သူဆိုတာထက် လူနာကုတင်မှာ ရက်အတော်ကြာအောင် နေသွားပါသည့် သူ့မေမေ ဒေါ်ထားထားဆွေ၏ မျက်နှာကိုသာ ပြေးမြင်မိတာပါလေ။

“မိုးရန့်”



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"မေးတာမဖြေဘဲ ဘာငိုင်နေတာလဲ"

"ဟိုလေ၊ မသိပါဘူး"

မသိဘူးလို့ပဲဖြေရမှာပေ့ါ။ တွေ့စရာအကြောင်းမှမရှိတော့တာဘဲ။ မိုးရန့်ဆိုတဲ့မိုးကို မိုးပြေးလေး ရှာပေးသလို ချန်ထားရစ်ခဲ့တဲ့သူ မဟုတ်ပါလား။ ပြတ်ပြီဆိုရင်လည်း ဒီလောက်နှစ်ရှည်လပေါင်းများစွာအထိ မျှော်လင့်ချက်တွေ မပေးခဲ့ပါနဲ့လား။ ဒီမှာ အရူးတစ်ပိုင်းနဲ့ တမ်းတခြင်းများစွာက ဝေဒနာထုထည်ကိုသာ ကြီးထွားစေပြီး အလွမ်းတွေနဲ့သာ ပြည့်နှက်ခဲ့ရတာပါလေ။

'ကို'. . . အသစ်တွေ့လို့ အဟောင်းကိုမေ့ကြတာ သဘာဝဆိုပေမယ့် အချစ်ဟောင်းကို ပစ္စလက်ခတ် ထားခဲ့တာတော့ ရာဇဝင်ရိုင်းလွန်းပါတယ်၊ အချစ်ဆိုတာ နှုတ်ဖျားက ပေါ့ပေါ့တန်တန်ပြောလိုက်ရုံနဲ့ ရရှိမှု မရှိခဲ့တာလေ။ ရင်ထဲက စစ်မှန်မှုတွေကို မမြင်တတ်တဲ့အခါ ဝဋ်ဆိုတာလည်တတ်ပါတယ် 'အိမ့်မှူးကျော်'။

"ဒေါက်! ဒေါက်!"

"ဝင်ခဲ့ပါ"

တံခါးကို ဒုဆေးရုံအုပ်ပင် ခေါက်ကာ၊ ရှေ့မှဝင်သွားတာမို့ နောက်မှအသာလိုက်ဝင်ခဲ့ပါ၏။ ရုံးခန်းထဲမှာ ဆေးရုံအုပ်ကြီးပါမက ညှိသည်တစ်ဦးပါ ရှိနေလေသည်။ ကျောပေးလျက်သား ထိုင်နေပါသည့်ပုဂ္ဂိုလ်၏ ကျောပြင်ကို ကြည့်လိုက်မိစဥ်ခဏ သူမ၏သွေးခုန်နှုန်းတို့ အခုန်မြန်လာလေတော့၏။

ဘုရားရေ! ဆုံနိုင်စရာမရှိဘူးလို့ ထင်ထားသမျှ တက်တက်စင်အောင် လွဲပါပေ့ါလား။ သူနှင့်လားလားမျှ မသက်ဆိုင်သည့် ဒီလိုနေရာကို ဒီလိုပုံစံမျိုးနဲ့ ရောက်လာလိမ့်မည်ဟု သူမ လုံးဝထင်မထားမိတာပါလေ။ ဆေးရုံအုပ်ကြီးရဲ့တူဆိုတာ တစ်ချိန်က သူမရင်တစ်ခုလုံးကို ပြောင်းဆန်အောင် ပြုလုပ်နိုင်စွမ်းရှိတဲ့လူပါပဲ။

"ဒါ လေးလေးတို့ဆေးရုံရဲ့ ဒုဆေးရုံအုပ်လေ၊ ဒေါက်တာ သီဟကျော်စွာတဲ့။ မောင်ကျော်စွာ. . . ဒါ အန်ကယ့်တူ အိမ့်မှူးကျော်ပါ"

"ဟုတ်ကဲ့"

"တွေ့ရတာ ဝမ်းသာပါတယ် ဒေါက်တာ"

နှစ်ဦးသား လက်ဆွဲနှုတ်ဆက်နေတာကို သူမ ငေးကြည့်နေမိ၏။ ဖြစ်နိုင်လျှင် အခုချက်ချင်း ဒီနေရာက လှည့်ထွက်သွားချင်ပေမယ့် ဆေးရုံအုပ်ကြီးကို မလေးစားရာရောက်သွားမည်မို့ သည်းခံစောင့်နေရတာပါ။ သူမရပ်လိုက်သည့်နေရာက သူ့ကျောပေးထားသည့်အနေအထားမို့ ရုတ်တရက် သူမကိုမမြင်နိုင်ပါလေ။

"သားမေမေကို သွေးလှူပေးခဲ့တဲ့နာစ့်ကို တွေ့ချင်တယ်ဆိုလို့ ခေါ်လိုက်တာ။ လာ. . . သမီးမိုး"

"ဘယ်သူ"

"Nurse...မိုးရန့်လေ"

"မိုး. . ."

သူ့နှုတ်ဖျားမှ တီးတိုးရေရွတ်သံ ထွက်လာသလို သူမကိုအငေးသား ကြည့်နေမိတာမှ အတော်လေးကြာလေ၏။ စားပွဲထက်တင်ထားပါသည့် များပြားလှသည့်ပစ္စည်းများ၊ ဒါတွေကို လက်ဆောင်အဖြစ် လာပို့တာပဲလား။ ကျွန်မက ဒီလိုအရာတွေကို မမက်မောတတ်မှန်း ရှင်အသိဆုံးဖြစ်







www.burmeseclassic.com

www.burmeseclassic.com



မှာပါ ကိုအိမ့်မှူးကျော်။

"သမီးကိုလက်ဆောင်လည်းပေးရင်း ကျေးဇူးတင်ချင်တယ်ဆိုလို့"

"ဒါတွေမလိုအပ်ပါဘူး ဆရာကြီး၊ ကျွန်မတို့နာ့စ်တွေအားလုံး လူနာတွေကို ဂရုစိုက်ပြီး ဆရာဝန်တွေနဲ့အတူ အသက်ကယ်ပေးရမယ့် တာဝန်ရှိလို့ပါ။ အထူးအထွေကူညီရတာမျိုးမှ မဟုတ်ဘဲ၊ ရပါတယ်"

"မိုး"

"ကျွန်မ Duty ရှိလို့ ခွင့်ပြုပါဦး"

"မိုး. . . ခဏနေပါဦး"

အတော့်ကို ရုပ်ပျက်ဆင်းပျက်တွေ့ဆုံမှုပါပဲလား။ ဦးညွှတ်ပြကာ သူမလှည့်ထွက်လာပေမယ့် ကြွေမဆည်နိုင်အောင်ဖြစ်ရသူက သူပါ။ ရုံးခန်းတံခါးကိုဆွဲဖွင့်လိုက်စဉ် သူမအနားသို့ရောက်လာပြီး လက်ကိုလာဆွဲ ထားတာလေ။ ရှင်ဘယ်လိုလုပ်လိုက်ပါသလဲ။

"ဘာလုပ်တာလဲ လွှတ်ပါ"

"ကိုယ်. . . မိုးကိုပြောစရာရှိတယ်"

"ကျွန်မ နားမထောင်နိုင်ဘူး၊ မအားဘူးရှင့်"

"ခဏပဲဖြစ်ဖြစ်ပါ မိုးရယ်၊ ခဏလေးပါ"

ဆေးရုံအုပ်ကြီးက အံ့ဩပြီးကြည့်နေပေမယ့် သူမတို့အနီးသို့ရောက် လာသူက ဒေါက်တာသီဟကျော်စွာပါ။ ရုံးခန်းဝမှာ ဆွဲလားရမ်းလားဖြစ် နေသည့်မြင်ကွင်းက ရှက်ဖွယ်ပါပဲ။ အထူးသဖြင့် မိန်းမသားဖြစ်တဲ့ အတွက် သိက္ခာကျစရာဖြစ်နေတာပါလေ။

"ကျေးဇူးပြုပြီး နာ့စ်ရဲ့လက်ကိုလွှတ်ပေးလိုက်ပါ ကိုအိမ့်မှူးကျော်"

"ပြောစရာရှိလို့ပါ"



"နောက်မှ အေးအေးဆေးဆေးပြောလို့ရပါတယ်။ နာ့စ်ရဲ့ကြွေ ကို မထိခိုက်ပါစေနဲ့။ ကျွန်တော် မေတ္တာရပ်ခံတာပါ"

လက်ကောက်ဝတ်ကို ဆုပ်ကိုင်ထားရာမှ လွှတ်ပေးလိုက်လေ၏။ ရုံးခန်းထဲမှမပြေးရုံတမယ်ခြေလှမ်းတို့ဖြင့် သူမ ထွက်ခဲ့ရပါသည်။ ရှက် ခိုကောင်းလိုက်တာ။ ဆေးရုံအုပ်တွေရှေ့မှာမှ မျက်နှာပျက်စရာဖြစ်ရတယ် လို့။

ပြောစရာရှိတယ်တဲ့။ ဘာများပြောဦးမှာပါလိမ့်။ ရှင် လျှာအရိုးမရှိ တိုင်း ညာပြောသမျှကို နားစိုက်ထောင်ပြီး ယုံကြည်တတ်တဲ့ ဆယ်ကျော် သက်မိန်းကလေးမှ မဟုတ်တော့တာဘဲ။ ဘယ်လိုပဲ ယုံအောင်ညာညာ၊ နာခဲ့ဖူးတဲ့အတိတ်က ယခုတိုင် မမေ့နိုင်ဘဲ ဒဏ်ရာက လတ်လတ်ဆတ် ဆတ်ကြီး ရှိနေတုန်းပါ 'အိမ့်မှူးကျော်'။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

ကားကို ဆင်ဝင်အောက်မှာ ထိုးရပ်လိုက်ပါ၏။ ဘယ်လောက်များ ဒေါသဖြစ်စရာကောင်းလိုက်ပါသလဲ။ သူ့အတန်တန်ပြောထားပါလျက် သူ့ စကားကို မနားခံပါဘဲ Taxi ပေါ် သူမတက်သွားတာလေ။ စိတ်တိုလိုက် တာနော်။ ဆေးရုံအုပ်ကြီးရဲ့တူနဲ့ သူမ ဤမျှရင်းနှီးမှုရှိနေတာမို့ သူမတို့ နှစ်ဦးကြားမှာ ဇာတ်လမ်းတစ်ပုဒ်တော့ ရှိကိုရှိနေမှာလေ။

"တောက်!"

"ဟယ်. . . ဘာကို စိတ်တိုလာရပြန်တာလဲ သားရယ်။ ဘာလဲ ကားက စက်ဖောက်လို့များလား"

"မဟုတ်ပါဘူး"

ကားတံခါးကိုအသံမြည်အောင် ပိတ်လိုက်မိတာမို့ တိုက်ထဲမှ မေမေ ထွက်လာလေ၏။ အမြဲတစေ စိတ်ရှည်တတ်ပါသည့်သူက အခုတလော စိတ်မရှည်သလိုမျက်နှာနဲ့ စိတ်တိုနေတတ်လာတာကို။ အာရုံက သူမလက် ကို ပိုင်စိုးပိုင်နင်းဖြင့် ဆွဲလိုက်သည့်မြင်ကွင်းကိုသာ ထပ်ခါထပ်ခါမြင်နေ





မိတာလေ။ ဘာလဲ. . . ဘာအကြောင်းတွေရှိလို့ ဤမျှအထိ ဒင်း အတင့် ရဲရပါသလဲ မိုးရန့်ရယ်။

"ဟာ. . . ကျွစ်!"

"ဘယ်လိုဖြစ်လာတာလဲ သားရော၊ ကိုယ့်ဖိနပ် ကိုယ်ချွတ်တာတောင် စိတ်နဲ့ကိုယ် ရန်ဖြစ်ချင်ရတယ်လို့"

ဧည့်ခန်းမှာထိုင်ရင်း သတင်းကြည့်နေသည့်ဖေဖေ့ထံမှ အသံထွက် လာလေ၏။ ဒီအချိန်ရောက်နေတာတောင် မိဘတွေ မအိပ်ကြသေးပါလား နော်။ သူ ဘယ်လောက်ညဥ့်နက်နက် အမြဲစောင့်နေတတ်တာမဟုတ်ပါ လား။ အခုလည်း ညဆယ်နာရီထိုးခါနီးအထိ မအိပ်ဘဲ စောင့်နေပြန်တာ ပါလေ။

ရှူးဖိနပ်ကို ဖိနပ်စင်ပေါ်တင်လိုက်ပေမယ့် နေရာမကျတာမို့ မြင် မကောင်းသဖြင့် မေမေက ပြန်ပြင်တင်ပေးလေ၏။ ငရဲတွေတော့ ကြီးကုန် တော့မှာပါပဲ။ စိတ်တွေရှုပ်လိုက်တာနော်။ ဒီပုံနဲ့ ညတော့အိပ်ပျော်တော့ မှာပဲ။ တစ်ညလုံး ငုတ်တုပ်နဲ့သာ အိပ်မပျော်ရင် ကိုယ်တော့ ဒုက္ခလှလှ ကြီးဖြစ်ပြီ မိုးရန့်ရေ့။ အဲဒါ မင်းကြောင့်ဖြစ်တာပဲ။

"လာထိုင်ပါဦး"

ဖေဖေလှမ်းခေါ်ပြီမို့ အပေါ်ထပ်တက်ရန်ပြင်လိုက်သည့်ခြေလှမ်းကို ရပ်လိုက်ရပါ၏။ ဧည့်ခန်းဆက်တီရှိရာဆီ သူလျှောက်လိုက်ရလေသည်။ မေမေက သူ့အတွက် အမောပြေ သံပုရာရည်ချိုချိုအေးအေးလေး ဖျော် လာပေးပါ၏။ ရင်ထဲကအမောကဖြင့် မပြေနိုင်ခဲ့။

"ကဲ! ဆိုပါဦး၊ ဘာဖြစ်လာတာလဲ"

"ဘာမှမဖြစ်ပါဘူး ဖေဖေရာ"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်မှာ အဆင်မပြေလို့လား"

"ဟင့်အင်း"

"ဒါဖြင့် ဘာများဖြစ်လာတာလဲ၊ သားပုံစံက ရည်းစားလူလု အနှုန်ကျွဲခတ်ပုံဖြစ်နေတာ အသိသာကြီးပဲ"

အရိုက်ကိုထိလေပြီ။ ဤမျှထိ သိသာနေပြီလား။ သူကဖြင့် ဘယ်သူမှ မရိပ်မိအောင် အတည်ငြိမ်ဆုံး နေပြနေတာပါလေ။ ဘယ်လိုဖြစ်ပြီး သူ့ဖေဖေက သားဖြစ်သူရဲ့အခြေအနေကို အကဲခတ်ပြီး သိနေတာပါလိမ့်။ အံ့ဩစရာပါပဲ။

"ဟုတ်လား သား"

"မဟုတ်ပါဘူး ဖေဖေရယ်"

"မဟုတ်ဘူးသာ ငြင်းနေတာ။ မျက်နှာက လငပုပ်ဖမ်းသလို ညှိုးမှောင်နေတာပဲ။ ညာမယ်ဆိုရင်လည်း ယုံအောင်ပြောမှပေါ့ သားရယ်"

ခက်တော့တာပဲ။ ဘာကိုမှ မဖုံးကွယ်တတ်တဲ့လူမို့ မျက်နှာကိုကြည့်ရုံဖြင့် ရင်ထဲမှာ ဘာတွေဖြစ်နေမှန်း သိသာစေတာမဟုတ်လား။ တစ်ခါဖြစ်ခဲ့ဖူးသည့် ရင်တွင်းဒဏ်ရာက သက်သာနေပြီဟုထင်ထားပါလျက် ထပ်မံနာကျင်ရဦးမှာဆိုရင်ဖြင့် ကံကြမ္မာ လွန်လွန်းလေပြီ။

"ဖွင့်မပြောဖြစ်တာဘဲ တော်ဦးမယ်"

"ဘယ်လို"

"ဟုတ်တယ် ဖေဖေရဲ့၊ သူ့ကိုရိုးရိုးသားသားလေးလို့ပဲ မြင်ထားတာ"

"အခု ဘာဖြစ်နေလို့လဲ"

"ကျစ်! အတော်ဇာတ်လမ်းရှုပ်တဲ့ မိန်းကလေးပဲ"





"ဘာရယ်"

"မေမေတို့နားလည်အောင် ရှင်းရှင်းပြောမှပေါ့ သားရယ်။ ကောင်မလေးက ဘာတွေများ ဇာတ်လမ်းရှုပ်ထားလို့လဲ"

သက်မကို ရှိုက်ထုတ်လိုက်မိ၏။ မနက်တုန်းက တစ်ယောက်တွဲ။ ညနေကျတော့ နောက်ထပ်တစ်ယောက်နဲ့ တောက်! ငါနော်။ အနားမှာသာရှိနေရင် သူမကို တစ်ခုခုနှင့် ကောက်ပေါက်မိလေမလား မသိတော့ပါချေ။ 'ချော'နဲ့တွဲစဉ်ကဖြင့် သူဒီလောက်ထိ စိတ်ရှုပ်မှုမဖြစ်ခဲ့တာလေ။

မင်း ဘယ်လိုလဲ မိုးရန့်ရယ်. . .

"ဘာလဲ. . . ဟိုဆရာဝန်လေးနဲ့ ဒီလောက်အချိန်တိုအတွင်း ကြိုက်သွားလို့လား"

"ဆေးရုံအုပ်ကြီးရဲ့တူနဲ့ပါ ပတ်သက်နေတာ ဖေဖေရဲ့"

"အလို! တယ်စွံတဲ့ကလေးပါလား"

"မနောက်ပါနဲ့ ဖေဖေရယ်၊ ရင်ထဲမှာ နင့်နေပြီဗျ"

ဖေဖေက သူ့ကိုလှောင်တာမဟုတ်ပေမယ့် ရင်ပေါ့စေရန်ပြောမှန်း သိပါသည်။ ထင်လည်းထင်ပေမပေါ့။ ဟိုတစ်ယောက်နဲ့တုန်းကလည်း အိပ်မရစားမရနဲ့ အရူးတစ်ပိုင်းအဖြစ်သည်းဖူးခဲ့မိတာကိုး။ အဦးဆုံးချစ်ဖူးခဲ့တဲ့ ရည်းစားဦးမို့ ဒီလိုမျိုးရူးသွပ်ကြတာ သဘာဝပဲမဟုတ်ပါလား။

"သားက ဘယ်လိုသိလာတာလဲ"

"မျက်စိနဲ့မြင်ခဲ့တာ မေမေရဲ့၊ ကျွန်တော်တို့ရုံးခန်းထဲမှာ ဟိုကောင်က လက်ရဲဇက်ရဲခွဲတဲ့အထိပဲ"

"အတိတ်က အဆက်ဟောင်းများလား သားရယ်၊ သူ့အသက်က (၂၀)ကျော်ဆိုတော့ ချစ်သူထားခဲ့ကောင်း ထားခဲ့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ၊ သူ့ဘက်က လိုလိုချင်ချင်နဲ့ လက်သင့်ခံစကားပြောတာမျိုးလား"

"မဟုတ်ဘူး၊ ဟိုက အတင်းဆွဲတာကို ရုန်းလိုက်တာမျိုး"

"ဆေးရုံအုပ်ကြီး မြင်လိုက်လား"

"မြင်တာပေါ့ ဖေဖေရဲ့၊ သူ့မျက်စိရှေ့မှာဖြစ်သွားတဲ့ကိစ္စပဲဟာ"

"ကလေးမတော့ အဆူခံရတော့မှာပဲ"

မေမေက ပူပူပန်ပန် ညည်းရှာပြောလေ၏။ ချော်! သားဖြစ်သူကိုတော့ စိတ်မပူဘဲ သူစိမ်းမိန်းကလေးအပေါ် ပူပန်ရတယ်လို့။ ဟိုတစ်ခါ သူမ မူးလဲစဉ်က သူပျာယာခတ်ခဲ့တာကိုသိပြီး အိမ်မှာ သူ့အတွင်းစိတ်ကို မိဘတွေသိကုန်တာလေ။ ဒါကြောင့် အချစ်ဆိုတာ မြှုပ်ထားလို့မရဘူးလို့ ပြောလေ့ရှိကြတာကိုး။

"မကျေနပ်ပါဘူး"

"ဘာကိုမကျေနပ်ရပြန်တာလဲ"

"မနက်ကပဲ ဟိုဆရာဝန်လေးနဲ့ Date တာ မေမေရဲ့။ ညနေကျတော့. . . ကျစ်! အတော်ဖယားရှုပ်တဲ့ဟာလေး"

"လူလွတ်မို့ သူတွဲချင်တဲ့သူနဲ့ တွဲခွင့်ရှိတာပဲ သားရာ။ သူ့ကိုဖွင့်ပြောပြီးပြီမို့လား"

"ဟင့်အင်း"

ဘယ်ပြောဖြစ်ပါ့မလဲ။ ဘယ်ပုံဘယ်နည်းနဲ့ ဖွင့်ပြောရမလဲလို့ စဉ်းစားနေတုန်းကာလမှာ ကိုယ့်မျက်စိရှေ့မှာ သူများတွေက ဦးပြီး ပြောသွားတာမဟုတ်လား။ သူကပဲ ညံ့တာလား၊ ဟိုလူတွေကပဲ သွက်တာများလား။ စဉ်းစားရင်းနဲ့ ခေါင်းထဲမှာ မူးနောက်လာရတာပါလေ။





"သားမှဖွင့်မပြောသေးတာ ကြားဝင်လို့ဘယ်ရပါ့မလဲ၊ မဆိုးဘူး၊ ပြိုင်ဘက်ရှိမှ သူ့နားကို ပိုတိုးဖြစ်မှာ။ ကောင်းတယ် သားရေ့၊ ဆက်သာလှုပ်ရှားပေတော့"

အလို! ပြိုင်ဘက်တဲ့။ ဘယ်လိုဖြစ်ပြီး ဒါကို သူမေ့နေရပါသလဲ။ မျက်စိရှေ့ မြင်နေရတဲ့ပန်းပွင့်လေးကို စိတ်တချနဲ့ စောင့်ကြည့်နေရင်းကဲ အေးအေးဆေးဆေးနေမိခဲ့တာလေ။ ဟုတ်တာပေါ့။ သူမနဲ့ပတ်သက်ပြီး သူ့အဖို့ ပြိုင်ဘက်ဆိုတာ အချိန်မရွေးပေါ်လာနိုင်တာလေ။

မဟုတ်သေးပါဘူး၊ ဒေါက်တာသန့်ဇင်လင်းကမှ သူ့ထက်အရင် သူမကိုရင်းနှီးနေတာလေ။ သူက နောက်မှရောက်လာတဲ့သူပဲ။ ဒါဖြင့် ဟိုလူကရော. . . အတိတ်က သူမနှင့်ပတ်သက်ခဲ့သူမှန်ရင် ပထမလူပေါ့။ ဒါဆို. . . ဒါဆို သူကမှ နောက်ဆုံးလူဖြစ်နေတာလေ။

ပြိုင်ဘက်တွေက များလှချည်လား သီဟကျော်စွာရယ်. . .

"မေမေကတော့ သားရဲ့ကားပေါ်မှာ သူပါလာမယ့်နေ့ကိုပဲ စောင့်မျှော်နေတာ"

"မှန်တယ်၊ ဖေဖေလည်းအတူတူပဲ။ ဖေဖေတို့က ချွေးမကို ချမ်းသာရမယ်၊ ဂုဏ်ရှိရမယ်ဆိုပြီး ပေတံနဲ့တိုင်းတာရွေးမှာမှ မဟုတ်တာ။ ဖေဖေ့သားစိတ်တိုင်းကျ ရွေးမယ့်ချွေးမမျိုး၊ သားကိုလည်း ကြည်ဖြူလက်သင့်ခံမယ့်မိန်းကလေးမျိုးကို တံခါးဖွင့်ပြီး ကြိုနေမှာပါ"

"ကျေးဇူးပါ ဖေဖေ"

"ဒါဆို ရေမိုးချိုးတော့လေ၊ မေမေ သားအတွက် ညစာပြင်ထားနှင့်မယ်"

"ကျွန်တော် မစားချင်တော့ပါဘူး မေမေရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လည်း Cake နဲ့ ကွေကာလေး ဖျော်လာပေးမယ်လေ။ Coffee သောက်ရင် သားအိပ်မပျော်ဘဲ မျက်စိကြောင်နေမှာစိုးလို့"

"ဟုတ်ကဲ့"

ပေ့ကားထစ်များကို လေးပင်စွာ နင်းလျက် အပေါ်ထပ်သို့တက်လာခဲ့ပါ၏။ လူက အားမရှိတော့သလိုနွယ်ပါ။ ဘယ်လိုဖြစ်ရတာပါလိမ့်။ ဒီလိုအားကောင်းမောင်းသန် ယောကျ်ားကြီးကို ရေနွေးဖျော့ဟင်းရွက်လို ပျော့ခွေသွားအောင် မင်း ဖမ်းစားနိုင်သတဲ့လား။ ဒီလောက်အထိ အစွမ်းသတ္တိတွေ ပိုင်ဆိုင်ထားပါသလား မိုးရန့်။

Bathroom ထဲဝင်ကာ ရေပန်းကိုဖွင့်ချလိုက်ပါ၏။ အေးချင်တာမို့ ရေနွေးခလုတ်ကိုပင် မနှိပ်ဖြစ်ပါ။ သို့သော် လောင်မြိုက်နေပါသည့်ရင်ကို ရေတို့က မငြိမ်းအေးနိုင်ခဲ့။ မချစ်ဖူးခဲ့တဲ့လူမဟုတ်ပါဘဲ ဤမျှအထိ ဖြစ်စရာလား။

ထိရှလွယ်သည့်အရွယ်ကို ကျော်လွန်ခဲ့ပါလျက် နှလုံးသားက ယခုတိုင် မရင့်ကျက်နိုင်ပါလေ။ အချစ်ကြောင့် နုပျိုကြတယ်ဆိုတာ မှန်နေပြီလား။ အာရုံမှာပေါ်လာသည်က နွေးထွေးစွာ ပြုံးပြနေသည့်မျက်နှာလေးပါပဲ။

ကိုယ်တော့ ရူးတော့မယ်ထင်ပါရဲ့။ ကိုယ့်ကိုယ်ကိုယ် တည်ငြိမ်နေပြီ။ ရင့်ကျက်နေပြီဆိုပြီး ဂုဏ်သိက္ခာအပြည့်နဲ့ပုဂ္ဂိုလ်လို ရပ်တည်နေပေမယ့် ဒီလိုလှုပ်ခတ်နေတဲ့နှလုံးသားကို ဘယ်လိုဟန်ဆောင်ဖုံးကွယ်ထားရပါ့မလဲ။

ရေချိုးပြီးထွက်လာတော့ မေမေက အခန်းထဲကို သူ့အတွက် ကွေကာအုပ်တစ်ခွက်နှင့် Cake ပန်းကန်ကိုယ်တိုင် လာပို့ပေးလေ၏။ အခန်းထဲမှမထွက်ခင် 'ခေါင်းသေချာသုတ်ဦးနော်' ဟု သတိပေးဖြစ်အောင် ပေးသွားပါသည်။ ဆရာဝန်ကို ယခုလိုသတိပေးစရာ လိုအပ်ပါသလား။

မုံပြုံးတစ်ချက်ကို ပြုံးလိုက်မိပါ၏။ ညဝတ်အင်္ကျီနှင့် ဘောင်းဘီကို ပင်ဝတ်ကာ ဝရံတာမှာ ထွက်ရပ်နေမိပါသည်။ ကွေကာက ကြာရင်ပွလာမှာမို့ မြန်မြန်သောက်ရဦးမှာလေ။ လောကကြီး အတော်မမျှတတာဘဲ။ ညလယ်ပိုင်းတိုက်သည့်လေကပင် မအေးဘဲ ခပ်နွေးနွေးဖြစ်နေတာလေ။

သူ့စိတ်ကပင် ထင်နေ၍ပဲလားမသိပါချေ။ ကွေကာကို မော့သောက်မိစဉ် ရင်တွင်းတိုင် ပူဆင်းသွားလေ၏။ မီးရောင်မှိန်မှိန်လေးသာရှိနေသည့် ခြံတွင်းရှုခင်းကို အပေါ်ဘက်မှ ငေးကြည့်နေမိသည်။ ဒီလိုစိတ်အေးလက်အေးဖြင့် ဝန်းကျင်ကိုမကြည့်ဖြစ်တာ အဘယ်မျှကြာနေပြီလဲ။

မှန်ပြုပြုလမင်းက အလင်းမပေးချင်သည့်နှယ် တွန့်တိုလှပါသည်။ လမင်းကိုမော့ကြည့်ရင်း သက်ပြင်းက လေနှင့်အတူလွင့်ပါသွားပေပြီ။ ညစာစားပြီးပြီလား။ ဘာများလုပ်နေမလဲ၊ သူငယ်ချင်းနဲ့အတူ ခံစားချက်တွေဝေမျှနေမလား။ သို့တည်းမဟုတ် ခေါင်းအုံးထက်မှာ မျက်ရည်စက်လက်နဲ့ ငိုပွဲဆင်နေမလားကွယ်။ ဩော်. . . မိုးရန့်ရယ်။

✿✿✿







www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

"ကမ္ဘာကြီးက ကျဉ်းတယ်ဆိုတာ လက်တွေ့ရှိတော့မှ ယုံရတော့တာပဲ"

ပြတင်းပေါက်ဘောင်ထက်မှာ လက်ကိုတင်ထားရင်း ခပ်တိုးတိုးပြောလိုက်မိ၏။ မျိုးက အိပ်ရာဝင်ရန်ပြင်ဆင်နေလျက် လှည့်ကြည့်လိုက်လေသည်။ ဟုတ်တယ်. . . ကမ္ဘာကြီးကျဉ်းတယ်ဆိုတာ သီချင်းထဲမှာပဲ ကြားဖူးခဲ့တာပါ။ အခုလို နှစ်ပေါင်းအတော်ကြာအောင် ကျောခိုင်းခဲ့တဲ့လူတစ်ယောက်နဲ့ မထင်မှတ်ဘဲ ပြန်ဆုံရတာ အံ့သြစရာမဟုတ်ပါလား။

"သူဘာပြောသေးလဲ"

"ဘာမှမပြောဘူး၊ ပြောရင်လည်း မိုးက နားထောင်မှာမှမဟုတ်တာ"

"ရှင်းပြမယ်လို့ မပြောဘူးလား"

ခေါင်းကိုခါယမ်းပြလိုက်ပါ၏။ တကယ့်ကို တခဏလေး တွေ့လိုက်ရုံနဲ့ သူမနှလုံးသွေးတွေ ဆူပွက်ထူပူလာရတာလေ။ ရင်ထဲမှာ အမုန်းမီး





တွေများ ထတောက်လာသလိုနှယ်ပါ။ ဘယ်လိုများပါလိမ့်။ နှလုံးသားတစ်ခုလုံး ပုံအပ်မိခဲ့တဲ့ချစ်သူကိုမြင်ရင် အလွမ်းကုဋေကုဋာနဲ့ ပြေးပြီးကြိုဆိုမှ သဘာဝကျမှာပေါ့။

အခုတော့ဖြင့် ဆေးခါးကြီးမြိုချရမလိုခံစားချက်မျိုးနဲ့ ရှောင်ပြေးခဲ့မိချေပြီ။ ဟုတ်ပါတယ်၊ သူ့မေမေပြောပြီးကတည်းက သူမတို့ဇာတ်လမ်းကို အပြီးဖြတ်ခဲ့ရမှာလေ။ ထိုသို့မဟုတ်ပါဘဲ ချစ်သူရဲ့စကားကို ယုံကြည်ပြီး အရူးတစ်ယောက်လို အနာဂတ်ပျောက်ကွယ်ခဲ့တဲ့ကာလက အဘယ်မျှ ကြာခဲ့တာပါလိမ့်။

ရူးတာ. . . ရူးတာ၊ သူမလို အရူးထမိတဲ့မိန်းကလေးတွေ ဒီကမ္ဘာမှာ အဘယ်မျှရှိနေမှာပါလဲ။ ကိုယ့်စိတ်နဲ့ကိုယ်ရပ်တည်ဖို့ထက် သူတစ်ပါးစိတ်မျိုးနဲ့ ကိုယ့်ခန္ဓာကိုယ်ကို ရပ်တည်ခဲ့တာလေ။ သုံးရာသီစက်ဝိုင်းကြီး အဖန်ဖန်ပြောင်းလဲခဲ့တာတောင်မှ မိုးရနံ့ဆိုသည့် အချစ်ရူးမလေး၏အိပ်မက်တွေကို ပိုင်စိုးနိုင်ခဲ့သူက တစ်ဦးတည်းသာရှိခဲ့တာပါလေ။

"နင့်ကိုအစကတည်းက ငါအသိပေးထားသားပဲ။ နင်ကိုက အရူးထခဲ့တာ။ Undate ခေတ် မဟုတ်ပါဘဲ သုံးနှစ်သုံးမိုးမက ဒင်းကိုစောင့်ခဲ့ရတယ်လို့"

"ပြောလည်း ခံရုံပဲရှိတာပေါ့ မျိုးရယ်"

"ဒါဖြင့် သူ့အမေအတွက် သွေးလှူပေးတာ နင်မှန်းသိသွားပြီပေါ့လေ"

"အင်း"

"အခုချိန်မှ အသက်သခင်ကျေးဇူးရှင်ပါဆိုပြီး ဟိုဘက်က အလံပြပြတာနဲ့ ပျော့ပါမသွားနဲ့ဦး"



www.burmeseclassic.com

www.burmeseclassic.com



သူမ မဲ့ပြုံးတစ်ချက်ပြုံးလိုက်မိပြန်၏။ အလံဖြူပြပြီး ကျေအေးမေ့မယ်တဲ့လား။ မထင်ပါဘူး မျိုးရယ်။ နဂိုက သိပ်ကြီးပြည့်စုံတာမဟုတ်ခဲ့တဲ့ဘဝကူမို့ သူ့ကိုခေါင်းညိတ်ခဲ့မိတာပါ။ မိဘတွေ ပြန်ပေါင်းကုဒ်ခဲ့ပြီး အမြင့်ကိုရောက်သွားတာနဲ့ ဖိနှိပ်ပြောခဲ့တဲ့စကားလုံးတွေက နားထဲမှာ ပျောက်ကွယ်သွားတာမှမဟုတ်ဘဲ။

ရင်ထဲမှာ မှတ်ကျောက်တင်ထားသလို စွဲမြဲနေခဲ့တဲ့ နာကျင်ခြင်းဆိုတဲ့အရာက ပါးပါးလေးမှမဟုတ်ခဲ့တာလေ။ နှလုံးသားကို အလိမ်အညာခံရတယ်ဆိုတာ တစ်ကြိမ်တစ်ခါက ကာယကံရှင်မဟုတ်ပေမယ့် နှစ်ကြိမ်သာဖြစ်နေခဲ့ရင် သူမအမှားသာ ဖြစ်နေလိမ့်ပေမည်။

"မိုး သိပါတယ်"

"ဒါနဲ့များ ဟိုဆရာဝန်လေးကို ခေါင်းခါခဲ့ရလား"

"အလွှာမတူဘူးလေကွယ်၊ ငယ်တုန်းက မှားတဲ့အမှားက ပြင်ရလွယ်နိုင်ပေမယ့် ကြီးမိုက်တော့ အဖြစ်ဘယ်ခံနိုင်ပါ့မလဲ"

မျိုးပပ၏မျက်စောင်းက သူမထံရောက်လာတော့၏။ သူငယ်ချင်းတွေ တစ်ယောက်ပြီးတစ်ယောက် မင်္ဂလာဆောင်သွားပေမယ့် သူမနှင့်မျိုးသာ ကျန်တော့တာပါ။ မျိုးတို့လည်း ငွေစုနေတာမို့ နောက်နှစ်လောက်ဆို ယူဖြစ်တော့မှာပါလေ။ သူမကသာ. . . သူမကသာ ထုံးစံအတိုင်း တစ်ယောက်တည်း ကျန်ခဲ့မယ်ထင်ပါရဲ့။

"ဟဲ့! ပြောနေတာ ကြားလား"

"ဘာကိုလဲ"

"နှင့်ကိုယ်နှင် ခဲမှန်ခံခဲ့ရဖူးတဲ့ စာသူငယ်လို အားမငယ်နေနဲ့လို့ ပြောနေတာ။ လူလူချင်း ဘာများကွာခြားနေလို့လဲ။ အချစ်မှာ အလွှာအကန့်တွေ မရှိပါဘူး မိမိုးရယ်။ စစ်မှန်တဲ့ချစ်ခြင်းတွေမှာသာ အနှောင့်အယှက် အတားအဆီးတွေ များတတ်တာပါ"

ဟုတ်ပါတယ်။ မိုးလည်း အဲဒါကို ယူဆမိလို့ သူပြောသမျှ လွယ်လင့်တကူ ခေါင်းညိတ်နာခံခဲ့မိတာပါလေ။ အရင်ကလို မျက်စိတစ်ဆုံးမျှော်ကြည့်ပြီး စဉ်းစားဆုံးဖြတ်ရပေမယ့်၊ ခုတော့ဖြင့် မျက်စိရှေ့ ဖျတ်ခနဲမြင်ရတဲ့လူကို ရှောင်ရတော့မှာကိုး။ မိုးနေရတဲ့ဘောင်က ကျဉ်းကျပ်လှချည်လားကွယ်။

"အလုပ်တောင် ထွက်ရမယ်ထင်ပါရဲ့"

"ဘာ! ဘာကိစ္စထွက်ရမှာတုန်း၊ မဆိုင်လိုက်တာ"

"ဆေးရုံအုပ်ကြီးက သူ့လေးလေးတဲ့။ ဒီတော့ မိုးတို့ဆေးရုံကို သူ မကြာမကြာရောက်လာပြီး နှောင့်ယှက်ရင် ဘယ်လိုလုပ်မလဲ။ နဂိုကတည်းကမှ ကိုသန့်နဲ့ပတ်သက်ပြီး အမြင်မကြည်လင်ရတဲ့ကြားထဲ စိတ်ညှိုးရဦးမယ်"

"ဘယ်သူက မကြည်တာလဲ"

"ဒေါက်တာ သီဟကျော်စွာလေ"

"ဘယ်လို"

ပြတင်းတံခါးကိုပိတ်လိုက်ပြီး ကုတင်ထက် လှဲချလိုက်ပါ၏။ ကိုယ်က ခပ်ကင်းကင်းနေပါလျက် လာရှုပ်ချင်သည့်နွယ်တွေကြောင့် စိတ်ရောလူပါ အနှောင့်အယှက်ဖြစ်ရတာ မဟုတ်ပါလား။ ကိုယ့်ဘက်က အရိုးသားဆုံးဖြူစင်ခဲ့ပါလျက် အဘယ်ကြောင့် 'ချစ်တယ်'ဆိုတဲ့စကားကို လာပြောချင်ရတာပါလိမ့်။

"မိုး"





ရွှေဝဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဒေါက်တာသီဟကျော်စွာဆိုတာ"

"ဒုဆေးရုံအုပ်လေ"

"သူက နင့်ကိုအမြင်မကြည်ဘူး။ ဟုတ်လား"

"အင်းလေ၊ စရောက်ကတည်းက လူကို ဆူလားငေါက်လားလုပ်ခဲ့တာ ပြောဖူးသားပဲ။ အခုတလောလေးကမှ မိုးကို သူနဲ့အတူ ခွဲစိတ်ခန်းဝင်ခွင့်ပြုတာ"

"သူက ဒေါက်တာသန့်ဇင်လင်းနဲ့ နင့်ကိုမကြည်ဘူး"

"ဟုတ်တယ်"

"ရှိုးမှရှိုးရဲ့လား"

"ဘာကိုလဲ"

"အဲဒီဒုဆေးရုံအုပ်ကိုပြောတာလေ၊ နင့်အပေါ် မရှိုးသားလို့ ၂ ဝင်တာ ဖြစ်ချင်ဖြစ်နေမှာပေါ့"

"ကျစ် . . . မဖြစ်နိုင်တာ မျိုးရယ်၊ မိုးကိုကူညီပေးခဲ့ပြီး ဆေးကုပေးခဲ့တာတွေကို ကျေးဇူးတင်နေမိတာပဲရှိတာပါ။ ဒီထက်ပိုစရာမှမရှိတာ"

"ဒါနဲ့မျှား ဟိုကလေးဆရာဝန်နဲ့ နင့်ကိုတွဲမြင်တိုင်း ဆူတတ်တာ ဘာသဘောလဲ"

"ဘယ်သိပ်ါမလဲ၊ မိုးထက် ရာထူးမြင့်တဲ့ဆရာဝန်ပါရဂူတွေရဲ့စကားကို နားထောင်ပေးရမှာ နာစ့်တွေရဲ့တာဝန်တွေပဲဟာ"

မျိုးမျက်နှာ ခပ်မှဲ့မှဲ့ဖြစ်သွားလေ၏။ ညဘက်ကော်ဖီသောက်ရင် အိပ်မပျော်မှာစိုး၍ ဓာတ်ဘူးထဲမှ ရေနွေးငွေ့ကာ Overtine ဖျော်နေတာမို့ အခန်းထဲမှာ အနံ့လေးမွှေးနေပါသည်။ ဒီသူငယ်ချင်းကဖြင့် ညအိပ်





...နီး တစ်ခုခုမှမသောက်ရရင် မအိပ်တတ်တာ အကျင့်ဖြစ်နေလေပြီ။

"ငါတော့ မထင်ပေါင်"

"ဘာလို့"

"တာဝန်မကျေတဲ့ဝန်ထမ်းကိုပဲ အထက်လူကြီးတွေ Pressure ပေးမှာပေါ့။ ခုဟာက"

"ခုကဘာဖြစ်လို့လဲ၊ စကားကိုဆက်ပြောလေ"

မျိုးက ညစ်ချင်ပုံမျိုးဖြင့် Overtine ခွက်ကို ဖွန်းသေးသေးလေးနှင့်မွှေကာ အရသာမြည်းနေလေသည်။ လူတစ်ဖက်သားရဲ့စိတ်ကို မခံချိခံသာဖြစ်အောင် လုပ်တတ်သည့်အကျင့်က မပျောက်သေးပါလားနော်။

"မျိုး"

"သိပ်ကြားချင်နေလား"

"မပြောချင်ရင် အစမပျိုးနဲ့ပေါ့"

"ဟင်းဟင်း. . . နင်တော့ ဒီပုံစံမျိုးနဲ့ ငါမြင်ယောင်သေးတယ်"

"ဘာကိုလဲ"

"နင့်ကို တစ်ယောက်ယောက်က ကွိခနဲဖမ်းလိုက်မှာကိုပေါ့"

"အံမာ!. . . အဖမ်းခံရအောင် မိုးက ကြက်ကလေးငှက်ကလေးမှ မဟုတ်တာ။ ဖမ်းစရာလား"

"အေးပါ၊ ပြောထားပေါ့။ ရန်သူသုံးယောက်ကြား ဗျာများပြီး ဘယ်လိုရှောင်နိုင်မလဲ စောင့်ကြည့်နေမယ်"

ရန်သူသုံးယောက်တဲ့။ လာပြန်ပြီ နောက်ထပ်ပဟေဠိတစ်ခု။ စကားကို ဒဲ့ဒိုးမပြောဘဲ ဝေ့လည်ကြောင်ပတ်ပြောပြီး Ovaltine မော့သောက်နေတာပါလေ။ တကယ်ဆို သူနဲ့ကိုသန့်နှစ်ဦးသာ မိုးအနီးမှာ ရှိနေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ဘယ်ကတစ်ယောက်ကို ထည့်တွက်လိုက်တာပါလိမ့်နော်။

"ဘာကိစ္စ သုံးယောက်ဖြစ်ရတာလဲ"

"သုံးယောက်ပေါ့။ အိမ့်မှူးကျော်ရယ်၊ ဒေါက်တာသန့်ဇင်လင်းရယ် ပြီးတော့ နှင့်ကို Order အမြဲပေးနေတဲ့ ဒေါက်တာသီဟကျော်စွာရယ်ဆို သုံးယောက်လေ"

"လာပြန်ပြီ၊ မဟုတ်ပါဘူးဆိုနေမှပဲ"

"နင်မမြင်တာလား၊ ဒါမှမဟုတ် မသိယောင်ဆောင်နေတာလား မိုး"

သူမ ခေါင်းခါပြလိုက်ပါ၏။ မဖြစ်နိုင်မှန်းသိသိကြီးနဲ့ ဦးနှောက်ထဲ ထည့်ထားစရာမှ မလိုအပ်တာလေ။ စိတ်တွေရှုပ်ထွေးလွန်းလို့ အလုပ်ထွက်ဖို့ထိတောင် ရည်ရွယ်ထားတာကို။ ဘာဆက်ဖြစ်စရာလိုမှာလဲ။

ချစ်ခြင်းမှာ ဆင်းရဲချမ်းသာ၊ အနိမ့်အမြင့်ဆိုတဲ့အလွှာ ကွာခြားမှု မျိုးမလိုအပ်ဘူးလို့ ဆိုကြပေမယ့် တကယ့်လက်တွေ့ကြုံခဲ့ရသည့် သူမ အတွက် သင်ခန်းစာက ခပ်ကြီးကြီးရခဲ့တာမဟုတ်ပါလား။ လွမ်းစရာထက် နာစရာကသာ အလေးသာခဲ့ရတာ အမှန်ပါလေ။

ဒါကိုမှ နမူနာမယူတတ်ရင် သူမလောက် မိုက်မဲလွန်းသည့် မိန်းမ မျိုး ဒီလောကမှာ ရှိတော့မည်မထင်ပါ။ နောင်တဆိုသည့်အရာက တစ် ကြိမ်ထက်ပိုပြီး မရကောင်းတဲ့အရာမျိုးမဟုတ်ပါလား။

မိုးရန့်. . . နင့်အတွက် အချစ်ဆိုတာ အေဒင်ဥယျာဉ်ထဲက မစား ကောင်းတဲ့အသီးအဖြစ်သာ ရှိခဲ့တာပါလေ။

"မေးတာ ဖြေဦးလေ"

"ဖြေဖို့မှမလိုတာဘဲ မျိုးရယ်"





"ဘယ်လို"

"မဖြစ်နိုင်ပါဘူးလို့ ပြောပြီးပြီလေ၊ အကယ်၍ ဟုတ်ခဲ့ရင်လည်း မိုးကကြိုပြီး Stay ရှောင်ပြီးသားဖြစ်မှာပါ"

"ဘယ်လိုရှောင်မှာလဲ"

"ထွက်စာတင်လိုက်တော့မယ်"

"ဟဲ့! နင် bond ထိုးထားတာ နှစ်မပြည့်ရင် လျော်ရမှာပေါ့"

"အင်းပေါ့၊ ဘယ်တတ်နိုင်ပါ့မလဲ၊ အိမ်ရောင်းပြီး ဘဏ်ထဲအပ်ထား တာထဲက ထုတ်ပြီးလျော်လိုက်ရုံပေါ့။ နောက်ဆုံးလက်နက်က ဒါပဲရှိတာ ကို"

"နှမြောစရာ မိုးရယ်၊ တိုက်ခန်းဝယ်ဖို့ စုထားတာကို"

"ဝေးသေးတဲ့အနာဂတ်ထက် အနီးဆုံးပစ္စုပ္ပန်အခက်အခဲက ပို အရေးကြီးတယ်လေ"

သက်ပြင်းပြိုင်တူချလိုက်မိ၏။ မျက်နှာကြက်ဖြူဖြူကို မော့ကြည့် ရင်း မျက်ရည်မကျမိအောင် အတတ်နိုင်ဆုံး ထိန်းလိုက်ရပါသည်။ မိုးက မိုးက. . . အဲဒီအချစ်ဆိုတာကို ဥပေက္ခာပြု၊ လျစ်လျူရှုထားချင်ပေမယ့် မိုးရဲ့အနီးကိုပဲ ရောက်လာတတ်တာမို့ အခုလိုဖြေရှင်းလိုက်ရတာ နားလည် ပေးပါ မေမေရယ်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၈ )

ကားကို တိုက်ရှေ့မှာ ထိုးရပ်လိုက်ပါ၏။ ကားပေါ်မှချက်ချင်းဆင် ရန် အားတောင်မရှိတော့သလိုပါပဲလား။ ကားတံခါးကိုဖွင့်ကာ သံမံတလင် ကို ခြေချရပ်လိုက်စဉ် ခြေကမခိုင်သလိုနှယ် ပျော့ခွေချင်နေတော့တာပ

"ဟဲ့! ဟဲ့! ဘယ်လိုဖြစ်လာတာလဲ သားရယ်၊ မူးလာတာလား"

"ဘီယာနည်းနည်းလေး မော့လာရုံနဲ့ မူးမလား မေမေရယ်။ ကာ ကိုတောင် အိမ်ရောက်အောင် မောင်းလာသေးတာကို"

မူးချင်တာပေါ့။ ခေါင်းပါမက ကမ္ဘာကြီးချာချာလည်အောင်အ မူးပစ်ချင်လိုက်တာ။ မူးတာထက် မေ့ပစ်ချင်တာပါ။ လောကကြီးတစ် လုံးကို ဘာဆိုဘာမှန်းမသိအောင် မေ့လိုက်ချင်တာပါပဲ။ သို့သော် မေ့ ဆိုတာက မလွယ်ကူဘဲ အခက်ခဲဆုံးပုစ္ဆာတစ်ပုဒ်ဖြစ်နေတော့ ခက်သ လား။

"ဆေးရုံဆင်းလာတာ ဘာမှမကြာသေးတဲ့မေမေ့ကို စိတ်ဆင် ပြီး မြန်မြန်သေအောင်လုပ်နေတာလား အိမ့်မှူးကျော်"





"မဟုတ်ရပါဘူး မေမေ၊ မဟုတ်ရပါဘူး။ တကယ်တမ်း စိတ်ဆင်း ရဲနေရတာက ဟောဒီက ကျွန်တော်ကိုယ်တိုင်ပါ။ ကျွန်တော်ဆိုတဲ့ အိမ့် မှူးကျော်ပါ မေမေရယ်"

ရင်ဘတ်ကိုပုတ်ရင်း သူပြောတော့ မေမေ့မျက်နှာက ခပ်မဲ့မဲ့ဖြစ် သွားပါ၏။ ညော်ခန်းဆက်တီထက် ခန္ဓာကိုယ်ကိုပစ်ထိုင်ချကာ မှီထားလိုက် ပါသည်။ နိုင်ငံရပ်ခြားမှာ အလုပ်လုပ်လာခဲ့တဲ့သူ့အဖို့ Beer one Jar က မမူးလောက်မှန်း သူ့ကိုယ်သူ သိနေပါ၏။

"ပုလဲနဲ့စိတ်ကောက်လာပြန်ပြီလား"

"ဟင့်အင်း"

"ဒါဖြင့် ဘာလို့ဒီပုံစံဖြစ်လာပြန်တာလဲ"

"ကျွန်တော် ဒီနေ့ သူ့ကိုတွေ့ခဲ့တယ်"

"သူ. . ."

"ဟုတ်တယ် မေမေ၊ ဆေးရုံမှာပါ"

"အတိတ်ကို အတိတ်မှာ ထားခဲ့ဖို့ မင်းကို မေမေပြောထားပြီးသား ပဲ အိမ့်မှူးကျော်။ အိပ်မက်က လန့်နိုးသလို ကယောင်ကတမ်းနဲ့ အဲဒီ နာမည်ကို မေမေ့ရှေ့ မရွတ်မိပါစေနဲ့။ အထူးသဖြင့် ပုလဲလေး မသိအောင် ဖုံးထားဖို့ မေမေမှာထားတယ်လေ"

သူ ဟက်ခနဲရယ်လိုက်မိပါ၏။ လျှို့ဝှက်သင့်သည့်အရာကို လျှို့ဝှက် ထားသင့်တာ မှန်သော်ငြား ချစ်ဦးသူရှိတာကို ဖုံးကွယ်ထားဖို့ လိုအပ်ပါ သလား။ သူက လိမ်ညာတတ်တဲ့သူမှမဟုတ်တာလေ။ အင်မတန်နားလည် ပေးတတ်သည့်ဖြူစင်လွန်းပါသော 'ပုလဲဖြူ'အပေါ် လိမ်ညာဖုံးကွယ်ထား တာမျိုး သူ မလုပ်ချင်တာအမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ မှတ်မိနေတုန်းပဲကိုး"

"တိတ်လို့ဆို. . . အိမ့်မှူးကျော်"

ရယ်စရာပါပဲ။ ကာယကံရှင်ဖြစ်တဲ့သူပါမက မေမေပါ မှတ်မိနေတုန်းပဲကိုး။ ပြောတော့ဖြင့် အလွယ်လေးပါ။ ဒီလောက်နှစ်တွေကြာနေတာတောင်မှ 'သူ'လို့ရည်ညွှန်းလိုက်တာနဲ့ မေမေ ချက်ချင်း တန်းခနဲသိတာ အံ့ဩစရာကြီးပါလား။

"ပုလဲ သိပါတယ်"

"ဘာ! "

"ဒီညနေပဲ ကျွန်တော်ဖွင့်ပြောခဲ့တာ"

မေမေ့လက်ဝါးက သူ့ပါးထက် ဖြန်းခနဲရောက်လာလေ၏။ ရိုက်သတဲ့။ အချစ်ကြောင့် ရူးခဲ့တုန်းကလိုပါပဲလား။ ချစ်လွန်လွန်းလို့ လက်ဖျားနဲ့တောင်မှ မတို့ခဲ့ဖူးတဲ့သားကို ချစ်သူထားမိတဲ့အပြစ်နဲ့ ဒဏ်ခတ်ခြင်းက ဒါ ဒုတိယအကြိမ်မြောက်ပါ အိမ့်မှူးကျော်။

"မင်း ရူးနေလား"

"ဟုတ်"

"အိမ့်မှူးကျော်"

"မေမေ့သား ရူးနေတာ ကြာပြီလေ မေမေရဲ့။ ငါးနှစ်လား မဟုတ်သေးဘူး. . . ဒီနေ့နဲ့ဆို ခြောက်နှစ် ခြောက်လနဲ့ ခြောက်ရက်ရှိနေပြီလေ။ ဟင်းဟင်း. . ."

"တောက်! ငါတော့ သေလိုက်ချင်တာပါပဲ၊ မင်းခေါင်းထဲ ပုစ္ဆာဦးနှောက်ပဲ ရှိနေသလား။ ပုလဲက မင်းအတွက် ဘာလဲ။ တရားဝင်စေ့စပ်ထားတဲ့ ဘဝလက်တွဲဖော်ပဲ အိမ့်မှူးကျော်ရဲ့။ မင်း မဆင်မခြင်နဲ့ လျှောက်





သုပ်နေတာ ပြဿနာဖြစ်တော့မယ်"

"ဟုတ်ပါတယ်၊ မေမေပြောတာ အမှန်တွေချည်းပဲ။ မေမေ့သား အိမ့်မှူးကျော် သတ္တိနည်းတဲ့ကောင်က မေမေ့စကားကို မြေဝယ်မကျ ခေါင်းညိတ် နားထောင် နာခံခဲ့တဲ့ကောင်ပါ။ သားလေး စာကျက်ဆို ဟုတ်၊ သားလေး ဒါတက်ဆိုလည်း ဟုတ်၊ သားလေး ဒါလုပ်ဆိုရင်လည်း ဟုတ်၊ သားလေး အဲဒီသွားဆိုပြန်ရင်လည်း တဟုတ်ဟုတ်နဲ့ ကြိုးစားခဲ့တဲ့ အလိမ္မာတုံး. . . မေမေ့အသည်းကျော်လေးလေ။ ကိုယ့်အသက်မကပုံပြီး ချစ်ရတဲ့ ချစ်သူကိုဖြတ်ဆိုရုံနဲ့ ဆတ်ခနဲ ဆုံးဖြတ်ချက်ချခဲ့တဲ့ လူ့ငနုံပါ။ မေမေ့ကြိုးဆွဲရုပ်ဒေးလေးလေ"

"အိမ့်မှူးကျော်"

မေမေက သူ့ရင်ဘတ်ကို ဆွဲဆုပ်လိုက်လေ၏။ အားမရှိသည့်လူမမာနှယ် မေမေ့လက်ထဲမှာ သူ့တစ်ကိုယ်လုံး ယိမ်းထိုးနေတော့တာပဲ။ အမှန်ပြောရင် လူတွေလက်မခံချင်ကြသလို မေမေလည်း ထပ်တူထင်ပါရဲ့။ ရင်ထဲမှာ ပျောက်ကွယ်သွားရတဲ့အချစ်၊ အဲဒီအချစ်မရှိတော့တဲ့နှလုံးသားကွက်လပ်နဲ့ ခန္ဓာကိုယ်ကို ပုလဲရဲ့လက်ထဲ အပ်နှင်းရမှာ အားနာမိလို့ပါ မေမေရယ်. . . အားနာလွန်းလို့ပါ။

"မင်း. . . ငါ့ကိုသေအောင်သတ်နေတာလား"

"မသေနိုင်ပါဘူးမေမေရယ်၊ ဆေးရုံကနေတောင် မေမေ့အသက်ကို အမြန်ဆုံးကယ်တင်ပေးနိုင်ခဲ့တာပဲကို။ သေချင်တဲ့ကောင်က ကျွန်တော်မှအစစ်ပဲ"

"မင်းအဖေ လက်နဲ့ရေးထားတာကို မင်းက ခြေနဲ့ဖျက်ချင်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အဖေ . . . ဟုတ်တာပေါ့၊ မွေးထားတာတောင်မသိဘဲ ဗိုက်တစ်လုံးနဲ့ ပစ်ထားခဲ့ပြီး"

"ဆက်မပြောနဲ့စမ်း"

"ကျောင်းပြီးဘွဲ့ရတော့မှ မိုးပေါ်ကကျလာသလို မှတ်ပုံတင်ထဲက ပုဂ္ဂိုလ်ကြီး ကြွလာတာလေ။ အဲဒီရာထူးနဲ့ပုဂ္ဂိုလ်ကြီးကို အဲဒီလိုခေါ်ရဖို့ မနည်းကြီးအားမွေးခဲ့ရတာ။ အဖေ . . . အဖေ . . . အခုလိုတိုက်ကြီးနဲ့ကားစီးပြီး ချမ်းချမ်းသာသာနေနေရတဲ့ဘဝထက် လခစားပန်းထိမ်သမားဘဝကိုပဲ ပြန်လိုချင်တာပါမေမေရယ်"

ကားရပ်သံ ကြားလိုက်ရပါ၏။ ဖေဖေပြန်ရောက်ပြီထင်ပါသည်။ မေမေက သူ့ထံမှာသာ အာရုံစိုက်နေသည်မို့ ကျောပေးထားသည့်အိမ်ဝကိုမမြင်သေး။ ပြောလက်စစကားကိုတော့ ပြီးဆုံးအောင် သူပြောမှပါလေ။

"ကုမ္ပဏီမန်နေဂျာရာထူးကို အဆင်သင့်ဝင်ထိုင်၊ မိဘသဘောတူတဲ့သတို့သမီးကို အဆင်သင့်တွဲရလို့ ကျွန်တော့်ကို စိတ်ချမ်းသာနေမယ်လို့များ မေမေထင်နေသလား"

"သားက . . . သားက စိတ်ဆင်းရဲနေလို့လား။ မေမေတို့လုပ်သမျှ မေမေ့သား ကောင်းစားဖို့ချည်းပါ သားရယ်"

"ကျွန်တော်နားလည်ပါတယ်၊ မေမေတို့စေတနာကို မသိတတ်တာမှမဟုတ်ဘဲ။ ဒါပေမဲ့ ကျွန်တော့်ဘက်ကို နည်းနည်းလေးတော့ ငဲ့ကြည့်ပေးစေချင်ရုံလေးပါ မေမေ။ နည်းနည်းလောက်လေးပါပဲ"

". . ."

"မိုးနဲ့အတူ ဘဝတည်ဆောက်တာနဲ့ ကျွန်တော် ဆင်းရဲသွားမှာမှမဟုတ်တာ။ ဘဝကြီးပျက်သွားမှာမှမဟုတ်တာ မေမေရဲ့"





"မပြောနဲ့ . . . အဲဒီနာမည်မပြောနဲ့ဆို"

"မေမေမပြောစေချင်ပေမယ့် ဒီနေ့ ကျွန်တော်ပြောရမှာပဲ [illegible] မေမေ မလိုလားတဲ့ချွေးမနေရာ၊ မေမေမမြင်ချင်တဲ့ ကျွန်တော့်[illegible]"

"အိမ့်မှူးကျော်"

"မေမေ့အသက်ကို ဆက်ရှင်သန်ခွင့်ရဖို့ သူ့ခန္ဓာကိုယ်ထဲက[illegible] သွေးဖောက်ပြီး လှူပေးခဲ့တာ မေမေသိပါရဲ့လား"

"ဘာ!"

"မေမေ ပစ်ပစ်ခါခါပြောခဲ့ပေမယ့် ကျွန်တော် ဥပေက္ခာပြုထား[illegible] ခဲ့ပေမယ့် အဲဒီ . . . အဲဒီမိန်းကလေးက စေတနာသဒ္ဓါအပြည့်နဲ့ [illegible] ယောက်ရဲ့အသက်၊ လူနာတွေရဲ့ကျန်းမာရေးကို အပြည့်အဝစောင့်ရှောက်ကယ်တင်နေခဲ့တာပါဗျာ"

"ဘယ်လို"

ညှော်ခန်းက တိတ်ဆိတ်သွားလေတော့၏။ Attache case [illegible] ကာ အိမ်ဝမှာရပ်လိုက်သည့်ဖေဖေက ညှော်ခန်းထဲဝင်မလာသေးဘဲ [illegible] သားအမိကိုအကဲခတ်ဟန်ဖြင့် ရပ်ကြည့်နေလေသည်။ ဘယ်လို [illegible] ပါစေ၊ သားအဖရင်းနှီးနွေးထွေးမှုက အိမ့်မှူးကျော်နှင့် ဦးကျော်[illegible] ယခုတိုင်ရှိမနေသေးပါလေ။

ပြောချင်ပေမယ့် လူကြီးမိဘဆိုသည့်တံတိုင်းကြီးကြောင့် သူ [illegible] နှုတ်ပိတ်နေခဲ့ရတာ အဘယ်မျှကြာရှည်နေပြီလဲ။ မေမေ့စကားကို [illegible] မတိမ်းနာခံကျင့်ကြောင့် ဖေဖေ့မိတ်ဆွေရဲ့သမီးနဲ့စေ့စပ်ပွဲကို သူ [illegible] တကူလက်သင့်ခံခဲ့ရခြင်းပါ။ အခုတော့ ချစ်သူ၏မျက်နှာကို [illegible] လိုက်ရရုံနဲ့ မြိုသိပ်ထားသမျှအကုန်လုံး ထွက်လာတော့တာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ဘယ်အခြေအနေပဲရောက်ရောက် ပြင်လို့မရတော့ဘူး သား။ မေမေတို့မိဘတွေမျက်နှာပျက် အရှက်ရစေအောင် မလုပ်ပါနဲ့ အထူးသဖြင့် ရွှေဖေဖေရဲ့သိက္ခာကို ထည့်တွက်ပေးပါ သားရယ်"

"တစ်ယောက်နဲ့တစ်ယောက် မေတ္တာမရှိကြဘဲ အတူတူနေဖြစ်တော့ရော ပုလဲနဲ့ကျွန်တော် စိတ်ချမ်းသာပါ့မလား"

"ချစ်ခြင်းနဲ့လက်ထပ်တာက သီးခြားစီပါကွယ်"

"အင်းပေါ့လေ၊ မေမေက အိမ်ထောင်ရေးကို ဂုဏ်တွေ ပကာသနတွေနဲ့ ချိန်ဆတွက်ချက်တတ်တဲ့သူကိုး။ ကျွန်တော်ကတော့ အချစ်တစ်စိုးတစိလေးမှမပေးနိုင်လို့ ပုလဲရဲ့မျက်နှာကို နေ့စဉ်မြင်ရမှာထက် ပုလဲရော ကျွန်တော်ပါ တစ်သက်လုံး စိတ်ဆင်းရဲနေရမှာကို ကြိုသိနေလို့ ပုလဲအပေါ် အားနာမိတာတစ်ခုပါပဲ။ မေမေကြိုက်သလိုသာ ဆက်လုပ်ပါ။ ကျွန်တော်က မေမေမွေးပေးခဲ့တဲ့သားမို့ မိဘကျေးဇူးဆပ်တဲ့အနေနဲ့ နာခံရမှာပါပဲ။ ကျွန်တော် နားတော့မယ်ဗျ မေမေ၊ ကောင်းကောင်းအိပ်ပျော်ပါစေ"

ဆက်တီမှ ထရပ်ကာ လှေကားကိုပြေးတက်ခဲ့ပါ၏။ ညည်းခန်းမှာ မေမေ့ရှိုက်သံသာ သဲ့သဲ့မျှကျန်ရစ်ခဲ့ပါသည်။ မျက်ရည်ကျတာ လွယ်ပါတယ် မေမေ။ ကျွန်တော်လည်း မေမေ့လိုမျိုး ရင်ဖွင့်ပြီးအော်ငိုလိုက်ချင်တာပါ။ ဒါပေမဲ့ ယောကျ်ားဆိုတာ မျက်ရည်မကျရဘူးဆို။

ဒီအတိုင်း ရင်ထဲကျိတ်မှိတ်မြိုသိပ်ထားရတဲ့ဝေဒနာက ရင်ဘတ်တစ်ခုလုံးကို ဆုပ်ကိုင်ညှစ်ချေပြီး စုတ်ဖြဲခံရသလိုမျိုးမဟုတ်ပါလား။ ဒဏ်ရာအတိမ်အနက်မတူကြပေမယ့် မေတ္တာစစ်မှန်စွာချစ်တတ်သည့်လူတိုင်းက ဒီဝေဒနာကိုသာ သိနားလည်ကြမှာပါလေ။

'မိုး'. . . 'ကို'လို့ဖွဖွခေါ်ခဲ့တဲ့ကိုယ့်ကို ခံပြင်းစိတ်တွေနဲ့ ခါးခါးသီးသီး





နှင်းတီးနေခဲ့မှာပေါ့နော်။ အမေ့ကိုသိပ်ချစ်တဲ့သားအဖြစ် (၁၉၀၀)ထက်အားသာသည့် (၉၂၈)ကိုရွေးချယ်ဖြစ်ခဲ့တဲ့ကိုယ့်ကို သစ္စာမဲ့သူအဖြစ်သာ မှတ်တမ်းတင်ထားမယ်မှန်း သိနေခဲ့ပါတယ်လေ။

"ဒေါက် !. . . ဒေါက်!"

စေ့ထားသည့်တံခါးက ခပ်ဟဟပွင့်သွားပါ၏။ အခန်းထဲမဝင်ဘဲ အပြင်ဘက်မှာရပ်ကြည့်နေသည်က ဖေဖေဦးကျော်သက်ပါလေ။ ကုတင်ထက် ထိုင်နေသည့်သူ့ကို မျက်ရည်ရစ်ဝဲလျက် ပြုံးပြလိုက်လေသည်။ ဘာသဘောနှင့်လဲ။

"သား. . . ဖေဖေတို့မျက်နှာပျက်ရမှာထက် တစ်သက်တာ စိတ်ချမ်းသာသွားရမယ့် သားအတွက်က ပိုပြီးအရေးကြီးပါတယ်ကွယ်"

"ဟာ! ဖေဖေ"

သူ ဆတ်ခနဲထပြေးကာ ဖေဖေ့ကိုဖက်လိုက်မိပါ၏။ နွေးထွေးလိုက်ပါဘိ။ သူ့ကျောကိုခပ်သာသာလေးပွတ်သပ်ပြီး ပုတ်ပေးနေသည်က ဖခင်တစ်ဦး၏ မေတ္တာတရားအပြည့်နှင့်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၁ )

မှတ်တိုင်မှာရပ်သွားသည့် Bus ပေါ်မှ သူမဆင်းလိုက်ပါ၏။ ဆေးရုံဝင်းဘက် ဆက်လျှောက်ခဲ့စဉ် သက်ပြင်းငွေ့ငွေ့ကို ကျိတ်ချလိုက်မိလေသည်။ နေ့နေ့ညညဖြစ်စဉ်တွေက တစ်သမတ်တည်း တည်ရှိတတ်ကြပေမယ့် သူမဘဝကဖြင့် အဘယ်ကြောင့် တည်ငြိမ်ဖြောင့်ဖြူးခြင်းမရှိရပါသနည်း။

ဝင်းထဲဝင်လိုက်သည်နှင့် ကိုယ့်ကို တစ်စုံတစ်ယောက် စိုက်ကြည့်နေသလိုခံစားလိုက်ရတာမို့ ဆေးဘီဝန်းကျင်ကို အနည်းငယ်မျှ ဝေ့ကြည့်လိုက်မိပါသည်။ အဘယ်ကြောင့် ဤသို့ဖြစ်ရပါသနည်း။ ဘယ်သူမှ အမှတ်မထားသလိုဟန်တို့ကြောင့် ဆေးရုံထဲသို့ ခြေလှမ်းဝင်လိုက်ပါသည်။

"ရန့်"

"ဩော်. . . ကိုသန့်၊ ဒီနေ့ စောသားပဲ"

တစ်ဖက် ကလေးဆောင်ကိုကူးရန် ပြင်နေသည့် ဒေါက်တာသန့်ဇင်လင်းကို နှုတ်ဆက်လိုက်ရပါ၏။ ကြေကွဲနေသည့်မျက်ဝန်းတို့ကို နှစ်





သိမ့်ပြုံးဖြင့်သာ တုံ့ပြန်ပြလိုက်ပြီး လှေကားထစ်ရှိရာဆီ ခြေဦးလှည့်လိုက်မိသည်။ Lift ရှိရာနေရာမှာ ဆရာဝန်တွေ ရပ်စောင့်နေကြတာမို့ ရှောင်ဆိုက်ခြင်းပါပဲ။

"ဒီကပဲတက်မယ်ဆိုတာ သိတယ်"

"ဟင်! "

ရုတ်တရက် ခြေလှမ်းတို့ခနဲရပ်သွားရပါ၏။ အလို! ဘယ်လိုဖြစ်ပြီး ဒုဆေးရုံအုပ်က ဒီလှေကားဖြင့် လာတက်နေတာပါလိမ့်။ ရိုးရိုးလှေကားက သူတိုင်းမသုံးတတ်တာမို့ လူအမြဲရှင်းနေတာလေ။ ညကပဲ မျိုး တမင်စနောက်ခဲ့သည့်အရှိန်ကြောင့် ဒေါက်တာ့အပေါ် မျက်နှာပူ အားနာမိနေတာမဟုတ်လား။

"ဒေါက်တာ Lift မစောင့်ဘူးလား"

"ဒီကိုတမင်လာတာ"

အလို! တမင်တဲ့။ ဘယ်လိုလဲ. . . ရှေ့က ကြိုရောက်နှင့်နေပြီး အရင်တက်မသွားဘဲ ရပ်စောင့်နေသလိုမျိုးပါလား။ ဘုရားရေ! စောစောက ခံစားလိုက်ရသည့်အရာက သူမကိုကြက်သီးမွေးညင်း ထသွားစေတာလေ။ သူမတို့ ကြည့်နေသည့်မျက်ဝန်းတစ်စုံက ဒေါက်တာသီဟကျော်စွာဖြစ်နေတာတဲ့လား။

"လာလေ. . . မတက်ဘူးလား"

"ဟို. . . Locker ဆီသွားမလို့"

"အခုပဲ အဲဒီကထွက်လာတာမဟုတ်လား။ ဘာကျန်ခဲ့လို့လဲ"

"မဟုတ်ပါဘူး. . . ဟို. . . "

ဘာဆက်ပြောရမည်မှန်း ရုတ်တရက်တွေးမရတာမို့ နှုတ်ခမ်းလေးတွင်း



www.burmeseclassic.com

www.burmeseclassic.com



သားကို အသာလေးကိုက်ထားလိုက်မိပါ၏။ ဒုက္ခပါပဲ၊ ဒီဆရာဝန်ရှေ့ကို ရောက်တိုင်း ဘာလုပ်ရမှန်းမသိ၊ ခြေတုန်လက်တုန်ဖြစ်လာတော့တာပါ လေ။ ရှောင်ဖို့လုပ်ရန်ပြင်မှပဲ သူက အတင်းကိုခေါ်နေတော့တာကိုး။

"မိုးရနံ့"

"ရှင်"

"ဘာတွေစဉ်းစားနေတာလဲ"

"ဟင့်အင်း"

"ဒါဖြင့်ထက်စို့လေ"

သူက လှေကားလက်ရမ်းဘက်မှတက်ရန် သူမကို နေရာရွှေ့ပေး လိုက်လေ၏။ ကဲ! ရဲရဲသာတက်ပေတော့ မိုးရနံ့ရေ။ စိတ်ဒုက္ခဖြစ်နေရတာ မှန်သမျှ ဒီရက်ပိုင်းအတွင်း ပြီးဆုံးတော့မှာအမှန်ပါပဲ။

"ကိုယ်ပြောစရာရှိတယ်"

"ဟင်"

"ရော်! လန့်မသွားနဲ့လေ၊ ဘယ်လိုဖြစ်ရတာလဲ။ ပြောတောင်မပြော ရသေးဘူး။ အထိတ်တလန့်ပုံစံနဲ့"

"ဘာ. . . ဘာပြောမလို့လဲဟင်"

မျက်လုံးလေးဝိုင်းလျက် မော့ကြည့်လိုက်သည့်မျက်ဝန်းတို့ကြောင့် သူပြုံးလိုက်မိပါ၏။ အတော်ကဗျာမဆန်တဲ့အဖြစ်ပါပဲ။ သူများတကာတွေ က ကော်ဖီဆိုင်မျိုးမှာ၊ Restaurant လို Hotel လို ခမ်းခမ်းနားနား နေရာမျိုးမှာမှ မိန်းကလေးတွေကို Propose လုပ်တတ်ကြတာပါလေ။

သူကဖြင့် ဆေးရုံအတွင်း လှေကားထစ်မှာ လမ်းလျှောက်တက်နေ ရင်း နာစ့်မလှလှလေးကိုဖွင့်ပြောရန် ပြင်ရတယ်လို့။ အချစ်မှာ အခြေအနေ



နဲ့အချိန်အခါကို မတွက်ဆတတ်ရင် ကျွန်ရစ်ဖြစ်တတ်သတဲ့။ အဲဒီကျွန်ရစ် တော့ နောက်တစ်ကြိမ် ကိုယ်မဖြစ်ပါရစေနဲ့။

သတိအနေအထားမျိုးဖြင့် လှမ်းတက်နေပါသည့် Uniform ဝတ် Nurse မလေးကြောင့် မပြုံးဘဲမနေနိုင်တဲ့သူ ဖြစ်နေပါ၏။ ဩော်. . . မိုး ရနံ့ရယ်။

"ဟိုနေ့က ရုံးခန်းထဲမှာ မိုးလက်ကိုဆွဲတဲ့လူက ဘယ်သူလဲ"

သက်မကိုကျိတ်ရှိုက်လိုက်ဟန်ပါပဲ။ အတော်များ ရင်မောနေပါလေ သလား။ ဆေးရုံအုပ်ကြီးရဲ့တူဖြစ်သူနဲ့ ဒီလိုဒီလို ဇာတ်လမ်းတွေရှိခဲ့ရင်ဖြင့် သူ့အဖို့ ပြိုင်ဘက်တွေ ပိုများလာသလိုဖြစ်တော့မှာလေ။

"ကျွန်မ မသိတဲ့လူပါ"

"မသိဘဲနဲ့ မိုးလက်ကို သူဆွဲရဲပါ့မလား။ ယုံအောင်ပြောတတ်မှ ပေါ့"

ခြေလှမ်းရပ်သွားသဖြင့် သူပါရပ်လိုက်မိ၏။ မျက်နှာထက် ကြေကွဲ နိုပ်တို့မြင်နေရတာမို့ စာနာနားလည်မိလေသည်။ ချန်ရစ်ခြင်းခံရဖူးသည့် ဝေဒနာမျိုးကို ထပ်တူခံစားခဲ့ဖူးတာမဟုတ်ပါလား။ တစ်ကြိမ်ချစ်ခဲ့ဖူးတာ နဲ့ ဒဏ်ရာအနာတရ ပိုင်ဆိုင်ခဲ့တာကို မှတ်သားထားပြီး နောက်ထပ်တစ် ခါ ထပ်မချစ်ရဲတာမျိုး မဖြစ်ပါစေနဲ့လား။

"သူ့ကို ဆေးရုံအုပ်ကြီးရဲ့တူတော်မှန်း ဒေါက်တာသိပြီးလောက် ပြီထင်ပါတယ်"

"ကိုယ်က ဒီထက်ပိုသိချင်တယ်ဆိုရင်ရော"

"ရှင်"

တအံ့တသြဖြင့် ကြည့်ပြန်လေ၏။ လှလိုက်တာနော်။ ဒီကောက်

www.burmeseclassic.com

www.burmeseclassic.com



လုပ သက်ဝင်လွန်းတဲ့မျက်ဝန်းလေးတွေက မျက်ရည်ဥတို့ ပြိုကျလာအော အဘယ်သို့သောလူက ဖန်တီးခဲ့ပါသလဲ။ အင်မတန်မှ ချစ်စဖွယ်ကောင် လှတဲ့အပြုံးပိုင်ရှင်လေး၏ နှစ်လိုဖွယ်ဟန်ပန်လေးတွေ ကွယ်ပျောက်သွာ လေအောင် ဘယ်လိုလူကများ ရက်စက်ခဲ့ပါသလဲ။

"ဒေါက်တာ"

"ဗျာ"

"တခဏ. . . ကျွန်မကိုယ်ရေးကိုယ်တာကိစ္စတွေကို မသိချင်ပါနဲ့ ကျေးဇူးပြုပြီး"

"ကိုယ်က သိချင်နေတာလေ မိုးရဲ့"

ဘုရားရေ! မျက်လုံးတွေပါမက၊ နှုတ်ခမ်းတို့ပါ ပြုံးနေပုံပါလား ဘယ်လိုလဲ. . . ဒီရက်ပိုင်းအတွင်းမှ ပထင်မှတ်ဘဲ သူမကိုပတ်သက်ချ ပါသည့်အမျိုးသားတွေ တစ်ဦးပြီးတစ်ဦး အနီးကိုတိုးလာပါရောလား။ ဆန်းလေစွ။ ဒီလိုကိစ္စမျိုးနှင့် ဗျာမများချင်လို့ စိတ်ကိုရှင်းရှင်းထားပါတ ဆိုနေမှ ရင်ဆိုင်ရတယ်လို့။

'မိုး'တဲ့. . . 'မိုးရန်'ဟု ခပ်မာမာခေါ်နေတတ်ရာမှ အဘယ်ကြော တရင်းတနှီးကြီး အဖျားဆွတ်ခေါ်လိုက်ပါသနည်း။ သူ့ကိုယ်သူပင် သ မထားမိဘဲ သူမကို တစိုက်မတ်မတ် ကြည့်နေပါသည့် ဒေါက်တာသိ ကျော်စွာကြောင့် နေရခက်လာတော့တာပါလေ။

လက်ဝါးထဲမှာ ချွေးစီးတို့ စီးပိုင်လာသလိုဖြစ်လာ၏။ လက်မော တစ်လျှောက် ပူခနဲဖြစ်ကာ၊ ဖြန်းခနဲထလာသည့် ကြက်သီးမွေးညင်းမျာ လည်တိုင်နှင့် နားသည်စပ် ယားကျိကျိဖြစ်လာသည့်က စိတ်လှုပ်ရှားခြ ကြောင့်လား။ အလို! သူ့ကို. . . သူ့ကိုများ မိုး စိတ်ဝင်စားနေတယ်ထ





ပါရဲ့။

မဖြစ်နိုင်တာ။ မဟုတ်ပါဘူး. . . စမြင်ကတည်းက မိုးအပေါ် အမြင်မကြည်လင်ခဲ့သည့် ဤဆရာဝန်အပေါ်မှာ ဤကဲ့သို့သော စိတ်ဝင်စားမှုမျိုး ဖြစ်နိုင်ပါ့မလား။ ရူးပါ့ မိုးရန်ရယ်။

"မိုး"

"ရှင်"

"တကယ်ပဲ မပြောချင်တာလား"

မျက်လွှာချ ခေါင်းငုံ့သွားပါ၏။ ပန်းရောင်သန်းလာပါသည့် မျက်နှာလေးက ရှက်စနိုးဟန်ဖြင့် ချွဲမက်စဖွယ်ပါ။ မြတ်နိုးမိတာပါ မိုးရယ်။ ရင်ထဲမှာ တစိမ့်စိမ့်နဲ့ စီးဝင်လာတဲ့မြစ်တစ်စင်းလို အေးချမ်းခြင်းအတိနဲ့ ဖြစ်တည်စေခဲ့တဲ့ချစ်ခြင်းရဲ့ မြစ်ဖျားခံရာဘုံဗိမ္မာန်လေးတစ်ခုပါ။

ယုံပါ့မလား။ ဆန္ဒနဲ့လက်တွေ့ရဲ့ ကွာဟချက်ကို လျစ်လျူရှုပြီး နားလည်မှုတစ်ခုနဲ့ ကိုယ်တို့ ငြိမ်းချမ်းရေးစာချုပ်မှာ လက်မှတ်ထိုးကြမယ်လေ။ မျက်မှန်းကျိုးပြီး ဖယ်ခွာ ချန်ရစ်ခြင်းတို့အတွက် အတေးအမှတ်များထားခဲ့လေမလား။ မသိလို့ပါ. . . မသိခဲ့လို့ပါလေ။

အနားကိုတိုးကပ်ဖို့ထက် အဝေးဆုံးကိုသာ တွန်းပို့ခဲ့မိခြင်းရဲ့ရလဒ်က အနီးဆုံးလူဖြစ်ချင်တဲ့ဆန္ဒတဲ့လား။ အချစ်မှာ ရိုးရှင်းခြင်းတွေသာ ရှိမည်ထင်ခဲ့ပါလျက် လျှို့ဝှက်စွာ ပြောင်းလဲခြင်းလည်းရှိနေတာကို အံ့သြဖွယ်ရာ သိခဲ့ရတာပါလေ။

"မပြောချင်ရင်လည်း ကိုယ်အတင်းမမေးတော့ပါဘူး၊ အတိတ်ဆိုတာ ကိုယ်တို့နဲ့သက်ဆိုင်တာမှ မဟုတ်ဘဲ"

နှုတ်ခမ်းအစုံ ဟသွားပြန်လေ၏။ ညဘက် ကောင်းကောင်းအိပ်



www.burmeseclassic.com

www.burmeseclassic.com



မပျော်ပုံပါလား။ မသိမသာကျသွားပါသည့် ပါးဖောင်းဖောင်းလေးများ ဒိန္နတ်ဖျားမှ ချိုသာသည့်စကားတို့ ထွက်လာတတ်တာကို သူမ၏သက်ဆိုင်သူက မနှစ်သက်ခဲ့တာများလားကွယ်။

"ဒေါက်တာ ဘာကိုဆိုလိုတာပါလဲ"

"နောက်တော့ သိလာမှာပါ"

"ရှင်"

"ဟုတ်တယ်၊ ကိုယ် မမေးသင့်တာကို မေးလိုက်မိလို့ တောင်းပန်ပါတယ်"

အလို! တောင်းပန်ပါတယ်တဲ့၊ အမြဲတစေ မျက်မှောင်ကြုတ်ပြီး Order တွေ အမြဲပေးတတ်သည့်ဆရာဝန်က သူမလို အညတရ သူနာပြုလေးကို တောင်းပန်သတဲ့။ ဖြေရခက်သည့်မေးခွန်းမို့ အကျပ်ရိုက်မိလေမယ့် ယခုလို ဆက်ပြောသည့်စကားက ဒေါက်တာသီဟကျော်စွာ မဟုတ်သလိုနှယ်ပါလေ။

"ဒေါက်တာ နေလို့ကောင်းပါတယ်နော်"

သူ ဟက်ဟက်ပက်ပက်ရယ်လေတော့၏။ ဘာလဲ. . . သူမပြောဆိုပုံက ရယ်မောစရာများ ဖြစ်နေပြီလား။ ခါတိုင်းနှင့်မတူ တစ်မူခြားနေ၍ ရုတ်တရက်မေးမိတာကို ရယ်သတဲ့လေ။ မဟုတ်သေးပါဘူး၊ ဒီဒေါက်တာ တော့ ဒီနေ့ ထူးကိုထူးနေပါပြီ။

"ကိုယ့်ကို ရူးနေပြီလို့များ ထင်နေပြီလား"

"အို! မဟုတ်ရပါဘူး"

"အင်းပေါ့လေ၊ ထင်လည်းထင်ချင်စရာပဲကိုး။ လုပ်ဖော်ကိုင်ဖက်တွေကကော၊ အိမ်ကမိဘတွေကအစ အထူးတဆန်းမြင်နေမှတော့ ဘယ်





နှင်းပြင်ဒို့ရပ့ါမလဲလေ"

"ဘယ်လို"

"မိုး"

"ရှင်. . . ဒေါက်တာ"

သူက Duty coat ထဲကို လက်နှိုက်လိုက်လေ၏။ သူ့လက်ထဲပါလာသည်က အနီရောင်နှင်းဆီတစ်ပွင့်။ အလို! ပြောနေသည့်ကြားက အထူးတဆန်းတွေ လုပ်ပြန်ပါပြီ။ သူမ ဇဝေဇဝါဖြစ်နေစဉ်မှာပင် သူက ဘာမပြောညာမပြောဖြင့် သူမဆံထုံးဘေးဘက်မှာ နှင်းဆီနီလေးကို ထိုးစိုက် ပန်ပေးလိုက်လေသည်။

ပိုင်စိုးပိုင်နင်းနဲ့ပါလား။ ငြင်းဆန်ရန်လည်း သတိမဝင်ပါဘဲ ငြိမ်နေမိတာပါလေ။ မိုးထင်နေ၍ပဲလားမသိပါ။ ဒေါက်တာသီဟကျော်စွာ၏ သခုပြုံးနေသည့်အပြုံးက သူမ သိမြင်နေခဲ့သည့်တလျှောက် အလှပဆုံးဖြစ်နေလေ၏။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၂ )

မျိုး၏ အားပါးတရရယ်သံကြောင့် ပါးစပ်ကို အမြန်လှမ်းပိတ်လိုက်ရပါ၏။ Sunday မို့ ပိတ်ရက်ဖြစ်ပြီး အဆောင်သူတွေ အကုန်ရှိနေတာ မဟုတ်ပါလား။ အဝတ်လျှော် ရေမိုးချိုးပြီး ခဏတဖြုတ် အနားယူနေခြင်းပါ။ နေသာပါက ည နေဘက် လမ်းစုလျှောက်ရန် ဘေးခန်းမှ မညို့တို့ကိုပါ အဖော်စပ်ထားသေးသည်။

"တိုးတိုးရယ်ပါ မျိုးရယ်"

"ငါပြောသားပဲ၊ မဟုတ်ဘူးဆိုပြီး ဘူးခံငြင်းနေဟာ။ အခုတော့ ဘယ့်နှယ်ရှိစ"

"ဒီလိုပဲ. . . ဘာရယ်မဟုတ် ပေးတာပဲဖြစ်မှာပါဟယ်။ ဘာသဘောမှ မရှိပုံပါ"

"မိမိုး. . . မိန်း"

"ဘာမိမိုးလဲ"

"နွတ်က တ၄ ၄ွပြောမှ အချစ်လို့ နင့်ကိုဘယ်သူပြောလို့လဲ။ နှုတ်





တစ်ရာ စာတစ်လုံးလို့ မကြားဖူးဘူးလား"

မျိုးကိုမျက်စောင်းခဲလိုက်မိ၏။ စာအုပ်ကိုယ်စီဖတ်ရင်း လက်ဖက်ရည်အိုးနှင့် ချင်းသုတ်စားဖို့ Ready ပြင်ကာ အိပ်ရာထက်မှောက်လျက်သားလှဲရင်း စကားစမိတာပါ။ မှန်တင်ခုံထက်ရှိ ဖန်ခွက်လေးထဲရှိ အနီရောင်နှင်းဆီပွင့်လေးက သူမကိုလှောင်နေသလိုပါလေ။

"အခုက စာရေးပေးတာမှ မဟုတ်တာ"

"ဟော့ကြည့်! ဒီကလေးမတော့ မဟုတ်တဲ့နေရာမှာ နုံချင်နေပြန်ပါပြီ။ အနီရောင်ရဲ့သဘောတရားက ဘာလဲ"

"ရဲရင့်ခြင်းလေ"

"မှန်တယ်၊ ဒါဆို နှင်းဆီရဲ့အဓိပ္ပာယ်ကရော"

"မသိဘူး"

"ကျစ်! ချစ်ခြင်းရဲ့သင်္ကေတဟဲ့၊ နင့်ကို Let's love! Be brave! ဆိုတဲ့အဓိပ္ပာယ်မျိုးနဲ့ အလေးအနက်ထားပြီး မှန်ပေးသွားတာ။ ဒါလေးတောင်မသိဘူးလား။ အမယ်လေးနော်. . . ငါ့ရည်းစားတောင် ဒီလိုကဗျာဆန်တာမျိုး မလုပ်ခဲ့ဖူးဘူး။ မိုးရန့်တို့ကံကောင်းချက်က အံ့ရော"

ဟုတ်ပါ့မလား၊ စိတ်ထဲမှာ ဇဝေဇဝါပါပဲ။ တကယ်ဆို ချစ်တဲ့အရိပ်အယောင်လေးတော့ သူမကိုပြသင့်တာပေါ့။ ခုတော့ လူကို ဘာဆိုဘာမှန်းမသိ၊ လူမမြင်အောင် ဝှက်လာတဲ့နှင်းဆီတစ်ပွင့်နဲ့ ပဟေဠိဝှက်သွားရတယ်လို့။ ဘာသဘောနဲ့များလဲ ရှင်ရယ်။

"ဘာစဉ်းစားနေပြန်တာလဲ"

"အင်း. . . မနက်ဖြန် Resign တင်မလားလို့"

"ဘာ!"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ အစောကြီးကတည်းက ပြင်ဆင်ထားတာပဲ။ စာစီပြီး လက်မှတ်လည်းထိုးထားပြီးသား။ မနက်ဖြန်မှ Date တပ်လိုက်ရုံပဲ"

"မိမိုး"

"ပြော"

"နင် ဦးနှောက်မှုကောင်းသေးရဲ့လား"

ဟော! မနေ့ကပဲ သူ့ကိုနေကောင်းရဲ့လား မေးခဲ့မိတဲ့ဝဋ်က ချက်ချင်း လည်ပါရောလား။ မိုးက စိတ်နဲ့လူ မကပ်တဲ့ အတွေးကို လွှင့်ချင်တိုင်း လွှင့်တတ်တဲ့သူမှ မဟုတ်ဘဲ။ ခဏတာတွေဝေမှုကဖြင့် လူတိုင်းမှာ ဖြစ်လေ့ရှိတဲ့အကျင့်တစ်ခုပါလေ။

"ဦးနှောက်ကောင်းလို့ အခုလိုဆုံးဖြတ်တာပေါ့ မျိုးရဲ့။ ဒီလိုမှမလုပ်ရင် တစ်ဆေးရုံလုံးမှာရှိတဲ့ဝန်ထမ်းတွေက မိုးကို အပြစ်ပိုင်းတင်ကြတော့မပေါ့။ မျိုးပြောသလိုပဲလေ"

"ဘာကိုလဲ"

"ယောကျ်ားသုံးယောက်စလုံးကို ပြိုင်တူကစားတဲ့မိန်းမလို့ပြောမှဖြင့် မိုးရနံ့ဆိုတဲ့နာမည်က မြောင်းထဲကဗွက်ထဲ နစ်ဖို့ပဲ ရှိတော့တယ်"

"မဟုတ်သေးပါဘူးဟယ်၊ ဟိုဒေါက်တာလေးကိုရော အိမ့်မှူးကျော်ကိုပါ မရွေးချင်လို့ ဖယ်ထားလည်းရပါတယ်။ မျက်စိရှေ့ရောက်လာတဲ့ လက်ဖက်ပွဲကိုတော့ မငြင်းပယ်သင့်ဘူးလို့ ငါတော့ ယူဆတယ်"

"ဘယ်လို. . . လက်ဖက်ပွဲ. . . ဟုတ်လား"

"ဟုတ်တယ်လေ"

"ဒေါက်တာသီဟကျော်စွာကို"





"မှန်ပါ့ရှင်"

"ဘာဆိုင်လို့လဲ"

"ဆိုင်ပါသော်ကော မိမိုးရယ်၊ သူနဲ့စဆုံကတည်းက နင့်စိတ်ကို ရှုပ်ထွေးစေခဲ့တာ။ နောက်တော့ အနေနီးလာပြီး နင့်စိတ်ကို မရိုးမရွဖြစ်စေပြန်ရော့။ ဟော! အခုတစ်ခါ ရင်တုန်ပန်းတုန်ဖြစ်အောင် ပြုစားနေမှတော့ ချဉ်ငံစပ် ရသာစုံပေးတဲ့လက်ဖက်ပွဲပေါ့ဟဲ့။ မဟုတ်ဘူးလား"

"ကြဲ့ကြဲ့ဖန်ဖန်ပါယ်"

နှစ်ယောက်သား ကျိတ်ရယ်မိလေ၏။ မျိုးက ချင်းသုတ်ပန်းကန်ထဲမှ ဇွန်းဖြင့်ခပ်စားလိုက်သလို သူမက အအေးခံထားသည့် ခပ်နွေးနွေး ရေနွေးပန်းကန်လုံးလေးကို လှမ်းယူမော့သောက်လိုက်ပါသည်။ ဆုံးဖြတ်ချက်ဆိုတာ အလေးအနက်စဉ်းစားပြီးမှ ချရတဲ့အရာမဟုတ်လား။ လွယ်လွယ်ကူကူ မဟုတ်တာမို့ ပြန်ပြင်ဖို့ကို သူမ စိတ်မကူးမိပါချေ။

"ဒေါက်! ဒေါက်!"

"ပပရေ. . . အထဲမှာ မိုးရှိလား"

"ရှိတယ် မညို၊ ဝင်ခဲ့လေ။ ညနေမှသွားမှာ စောသေးတယ်မဟုတ်လား"

"အပြင်ထွက်ဖို့လာပြောတာ မဟုတ်ဘူး။ အောက်မှာ မိုးညွှန့်သည် ရောက်နေလို့"

"ညွှန့်သည်"

"အေး. . . သွားတွေ့လိုက်ဦး"

ပြိုင်တူအမြန်ထထိုင်လိုက်ပါ၏။ အဝတ်အစားသပ်ယပ်အောင် ပြင်ဝတ်ရင်း ဦးနှောက်ကို အမြန်အလုပ်ပေးလိုက်မိသည်။ ဘယ်ကညွှန့်သည်



www.burmeseclassic.com

www.burmeseclassic.com



များပါလိမ့်။ အဆောင်ထိ မိုးဆီကို ဘယ်ညှော်သည်မျိုးမှ လာလေ့မရှိတာလေ။ ဘုရားရေ! 'ကို'များ ရောက်လာပြီလား။

"မှုူးများလား"

"မိုးလည်းထင်တယ်"

"ပညာရှိပီပီ ပြေးကြည့်ရုံပေါ့ဟာ"

အခန်းတံခါးကို Lock ခတ်လိုက်ပြီး လှေကားရှိရာဆီ လျှောက်ခဲ့ကြ၏။ လှေကားလက်ရမ်းကိုကိုင်လျက် အောက်ထပ်သို့ဆင်းခဲ့စဉ် ခြေထောက်က မသိမသာတုန်လာလေသည်။ တင်းထား မိုးရန့်ရေ့။ တစ်နေ့တော့ မျက်နှာချင်းဆိုင်ရမှာပဲ မဟုတ်လား။

"ဟင်!"

"ဟဲ့. . . အဲဒါ ဟိုတစ်ခါ မှုူးနဲ့တွဲမြင်ခဲ့ရတဲ့တစ်ယောက်ပဲ"

ညှော်ခန်းဆက်တီမှာ ထိုင်နေသည်က ခပ်ချောချောမိန်းမငယ်လေးပဲ။ နှစ်ယောက်ယှဉ်ပြီး ဆင်းလာသည့်သူမတို့ကိုကြည့်ရင်း ထရပ်လိုက်လေ၏။ မျက်နှာထက် ဒေါသအရိပ်အယောင်တို့ ထင်ဟပ်ခြင်းမရှိနေတာကြောင့် ညှော်ကောင်းဟုသာ ယေဘုယျ သတ်မှတ်လိုက်ရပါသည်။

"မမိုးရန့်ဆိုတာ"

"ကျွန်မပါ"

"ထိုင်ပါ၊ ငါ ကော်ဖီသွားဖျော်လိုက်မယ် မိုး"

"နေပါစေ၊ ပုလဲတို့ တစ်နေရာရာမှာပဲ စကားသွားပြောမှာပါ"

"ဒီမှာပဲပြောပါ၊ ကျွန်မ အပြင်မထွက်ချင်လို့"

"ဖြစ်ပါ့မလား"

"ရပါတယ်"





စကားပြောပုံက ရည်ရည်မွန်မွန်လေးမို့ မျိုးက စိတ်ချထားကာ ကော်ဖီသွားဖျော်လေ၏။ နှစ်ယောက်သား မျက်နှာချင်းဆိုင်ခုံမှာ ကိုယ်စီထိုင်လျက် ဘာမှမပြောမိကြသေး။ ပြောဖို့ရောက်လာတဲ့သူက ညှော်သည်မို့ အိမ်ရှင်က စောင့်နေရုံသာရှိတော့တာလေ။

"ပုလဲနာမည်က ပုလဲဖြူပါ မမ"

"ဩော်"

"ကိုကို. . . ကိုအိမ့်မှုူးကျော်နဲ့ စေ့စပ်ထားတာ ခြောက်လရှိပါပြီ"

ခေါင်းကိုသာ ညိတ်ပြလိုက်ပါ၏။ ကာယကံရှင်ကိုယ်တိုင် မလာမီ သက်ဆိုင်သူက အရင်ရောက်လာတာကိုး။ မျိုးက ကော်ဖီပန်းကန် လာပို့ပြီး ခုံတန်းမှာ သွားထိုင်နေလေ၏။ သူမတို့စကားပြောတာကို ရှောင်ပေးသည့်နှယ်ပါ။

"မမနေတဲ့အဆောင်ကို ဆေးရုံမှာစုံစမ်းပြီးမှ လာခဲ့တာပါ"

"အင်း"

"မနေ့ညနေတုန်းက"

ပြောလက်စစကားက တိုးသဲ့သွားပါ၏။ မျက်ရည် ပေါက်ခနဲကျလာတာမို့ မိန်းမသားချင်း ကိုယ်ချင်းစာနာမိသလိုနှယ်ပါလေ။ စားပွဲထက်ရှိ Tissue Box ကို ပုလဲဖြူရှေ့သို့ အသာတွန်းပို့ပေးလိုက်မိသည်။ ပိုင်ဆိုင်သူက မဏ္ဍာပ်တိုင်လာတက်ပြတာမဟုတ်ဘဲ တိုးလျှိုးတောင်းပန်ခြင်းတဲ့လား။ ထူးခြားဆန်းကြယ်လေစွ။

"ကိုကိုက ပုလဲကိုဖွင့်ပြောတယ်။ ကြားကြားချင်း ပုလဲနားကို ပုလဲမယုံရဲတာအမှန်ပါ။ ကိုကိုက. . . ကိုကိုက မမကို အခုထိ ချစ်နေတုန်းပဲဆိုတာကို ပုလဲ သိခဲ့ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တို့ကိစ္စက ကြာခဲ့ပါပြီ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ကိုကို့ဘက်က မမအပေါ် အခုထိ စိတ်မပြောင်းသေးတာ သိသာလွန်းလို့ပါ"

"လိုရင်းကိုပဲပြောပါလား၊ တို့မှာ ကိစ္စရှိနေလို့"

ခေါင်းကို အနိုင်နိုင်ညိတ်ပြရှာ၏။ တည်ငြိမ်စွာထိုင်နေရသော်ငြားရင်တွင်းမှာ မုန်တိုင်းထန်နေပြီး ကြေကွဲလာတာကိုဖြင့် ဘယ်သူမှ မသိနိုင်တာလေ။ ဘဝထက်ဝက် ပိုင်ဆိုင်ခွင့်ရထားသူကမှ နိုင်ခွင့်ရထားတာမဟုတ်ပါလား။ အရှုံးပေးခဲ့ရသည့်လူကို ဘာများထပ်နာကျင်စေချင်ရတာပါလိမ့်နော်။

"ကိုကိုက. . . ကိုကိုက ပုလဲတို့စေ့စပ်ထားတာကို ဖျက်သိမ်းမယ်တဲ့၊ အဲဒါ မမ တားပေးနိုင်မလားဟင်"

"တို့နဲ့မှ မဆိုင်တာ"

"မမပြောရင် ရမှာပါ၊ ပုလဲရဲ့မိဘတွေနဲ့ ဦးဦးသက်က သိပ်ကိုရင်းနှီးကြတဲ့မိတ်ဆွေတွေပါ မမ။ နှစ်ဖက်ဆွေမျိုးတွေနဲ့ လူသိရှင်ကြားစေ့စပ်ခဲ့ပြီး မကြာခင် လက်ထပ်ဖို့စီစဉ်ထားကြတာပါ။ အခုလို ကိုကို့ဘက်ကဖျက်မယ်ဆိုရင် ပုလဲတို့မိသားစုရဲ့သိက္ခာနဲ့အရှက်တရားက ရစရာမရှိတော့မှာစိုးလို့ပါ မမရယ်။ ပုလဲ အနူးအညွတ်တောင်းပန်ပါတယ်။ ကျေးဇူးပြုပြီး မမဘက်က ကိုကို့ကို လက်သင့်မခံပေးပါနဲ့ရှင်"

သိက္ခာတဲ့၊ အရှက်တရားတဲ့လား။ အဲဒီအဖြစ်မျိုး တစ်ချိန်က သူမဘက်မှာ ဖြစ်ပျက်ခဲ့ဖူးတာပါလေ။ အဲဒီတုန်းက ပြုခဲ့ဖူးတဲ့ ဒေါ်ထားထားဆွေရော နောက်တစ်ကြိမ်ပေါ်လာဦးမှာလား။ ဘယ်သူမပြု မိမိမှုဆိုပြီး သူမဘက်က မစရပါဘဲ အဘယ့်ကြောင့် လာထိကြရတာပါလိမ့်။





"အဲဒါ တို့ကိုပြောရမယ့်စကားမဟုတ်ဘူး ပုလဲဖြူရဲ့၊ အိမ့်မှူးကျော်ကိုပြောရမှာ"

"ပြောပါတယ်၊ မရလို့ပါ မမရယ်။ ဘယ်လိုမှနားဝင်အောင် ပြောမရလို့ အခုလိုရောက်လာရတာပါ။ ပုလဲတော့. . . ပုလဲတော့ လူပုံအလယ်အရှက်ကွဲတကွဲ အကျိုးနည်းဖြစ်မယ့်အစား သတ်သာသေပစ်လိုက်ချင်တော့တာပါပဲ"

ဆက်တီစားပွဲပေါ်ရှိ အနုတ်သက် အလှထိုးထားပါသည့် ပိန်းပန်းအိုးလေးကို ခပ်ငေးငေးကြည့်နေမိ၏။ ရင်နာခြင်းတွေက ယခုတိုင် သူမကိုပေးနေတုန်းပါလား။ ထားရာနေပြီး မေ့စေလို့ မေ့ခဲ့ပေမယ့် လောကကြီးရဲ့ ကျီစယ်မှုကဖြင့် မပြီးဆုံးနိုင်သေးပါလားနော်။

'ကို' . . . ဒီတစ်သက်မှာဖြင့် 'မိုးရနံ့'နဲ့ 'အိမ့်မှူးကျော်' ဆိုတဲ့လူနှစ်ယောက်ဟာ အတိတ်မှာပဲ ပျော်ရွှင်စွာ ချစ်ခွင့်ရခဲ့ကြတာပါလေ။ မဆုံစည်းနိုင်ခဲ့တဲ့ချစ်ခြင်းရဲ့ သံယောဇဉ်တို့က ပါးပါးလေးနဲ့မျှင်မျှင်လေးအဖြစ်နဲ့သာ တည်ရှိခဲ့ရတာမဟုတ်ပါလား။ ဩော်. . . 'ကို' ရယ်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၉ )

တစ်ညလုံး ကောင်းစွာအိပ်မပျော်ပေမယ့် တာဝန်ရှိသေးတာမို့ စော စောနိုးထပြီး အလုပ်ကိုထွက်လာပါ၏။ ကားဂိတ်မှာ Bus စောင့်နေတာ အတော်ကြာသည်အထိ ကားတွေရောက်မလာသေးပါချေ။ Resign တင်မယ့်နေ့မှာမှ နှောင့်နှေးခြင်းက စဖြစ်ပါရောလား။

သူမရှေ့ ကိုယ်ပိုင်ကားတစ်စီး ရပ်သွားတာသိပေမယ့် အကြည့်က Bus ကားလာရာဆီသို့သာ ပို့ထားမိလေသည်။ ဒီဆယ့်ငါးမိနစ်အတွင်း တစ်စီးမှမလာရင်ဖြင့် Taxi နဲ့သာ သွားရတော့မှာလေ။ အလုပ်ထွက်စာ တင်ပြီးသည်နှင့် အဆောင်ပြောင်းဖို့ပြင်ရတော့မှာ မဟုတ်ပါလား။ ဒေ သည်ထက်ဝေးအောင်ပြေးဖို့က မိုးရန့်၏တာဝန်ပါလေ။

"မိုး"

"အမေ့! "

လူရှေ့တည့်တည့်လာရပ်ကာ ခေါ်လိုက်တာမို့ ရုတ်တရက်လန့်သွား ပြီး ခြေတစ်လှမ်းနောက်ဆုတ်လျက် ရပ်လိုက်မိပါသည်။ မြင်ခွင့်မရနိုင်ခဲ့





သည့် ခြောက်နှစ်ကျော်ကာလဆီမှ အသည်းဦး၏မျက်နှာကို လွမ်းဆွတ် တသ ငေးလိုက်မိသော်ငြား ဣန္ဒြေဆည်လိုက်ရပါ၏။ ဆိုင်သူမှ မဟုတ်တော့ တာလေ။

"မိုးရယ်. . . ကိုယ်"

"ကျွန်မမှာ ဘာမှပြောစရာမရှိလို့ ကျေးဇူးပြု၍ မနှောင့်ယှက်ပါနဲ့"

"ကိုယ့်မှာ မိုးကိုပြောစရာတွေ အများကြီးရှိနေလို့ နားထောင်ပေး မှ ဖြစ်မှာပါ"

"အချိန်မရှိလို့ပါ"

"ဒါဆိုလည်း ကိုယ် လေးလေးဆီမှာ မိုးအတွက် Leave တစ်ရက် တောင်းပေးမယ်လေ။ ဖြစ်တယ်မဟုတ်လား"

"ဘယ်ဖြစ်မှာလဲ၊ ကျွန်မ ဘာကိုမှနားမထောင်နိုင်ဘူး။ ရှင်နဲ့ပတ် သက်စရာ ဘာအကြောင်းမှမရှိလို့"

"မိုး. . . "

"အို! ဘာလုပ်တာလဲ. . . ဖယ်နော်"

လက်ကောက်ဝတ်ကို ဖျတ်ခနဲဆုပ်ကိုင်လိုက်တာမို့ ရုန်းလိုက်သော် ငြား မရပါလေ။ ဒီနေ့မှ စောစောထွက်လာမိတာ မှားပြီလား။ ဂိတ်မှာ လူရှင်းသလောက်ဖြစ်နေတော့ ခက်ချေပြီ။ အော်ဟစ်အကူအညီတောင်း ရင် ပြဿနာဖြစ်မှာက ပိုဆိုးတော့မှာကိုး။

"စကားပြောရင် လက်မပါပါနဲ့"

"ဒါဆို ကိုယ်ပြောတာကို မိုးက လက်ခံမှပေါ့။ အတင်းဇွတ်ငြင်း နေလို့ ဆွဲခေါ်ရမှာပဲ"

"မှုင်နော်. . . လွှတ်! ကျွန်မ မလိုက်ဘူးလို့ပြောနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလွှတ်နိုင်ဘူး။ ကောင်းကောင်းပြောလို့မှမရတာ"

"အိမ့်မျိုးကျော်!"

"ကိုလို့ ခေါ်စမ်းပါ မိုးရာ"

"တီ! တီ! တီ! တီ!"

ဟွန်းသံတတီတီပေးရင်း နောက်ထပ်ကားတစ်စီးက သူ့ကားရှေ့မှာ ပိတ်ရပ်လိုက်လေ၏။ ကားပေါ်မှဆင်းလာသူက ခပ်ငယ်ငယ် ဒေါက်တာလေးပါလေ။ ရော်... ဒီနေ့တော့ တကယ့်ကို ပြဿဒါးနေ့ပါပဲလား။

"ရန့်... ဘာဖြစ်နေတာလဲ"

"ကိုသန့်"

"မင်းက ဘာကောင်လဲ၊ မိုးနဲ့ဘာပတ်သက်လို့လဲ။ မဆိုင်ရင် ဝင်မရှုပ်စမ်းပါနဲ့"

"မြင်ကွင်းက ကြည့်မကောင်းလို့ပေါ့ဗျ။ ရန့်သဘောမပါဘဲ ဒီလိုဆွဲလားရမ်းလားလုပ်နေတာကတော့ အတော်လွန်တယ်"

"လွန်တော့ ဘာဖြစ်လဲ"

"ခင်ဗျား မရိုင်းနဲ့နော်"

"ရိုင်းချင်လို့ရိုင်းတယ်ကွာ၊ ဘာဖြစ်ချင်လဲ ပြော၊ ဒါ ငါ့ချစ်သူကွ"

"ဟုတ်လား ရန့်"

"မဟုတ်ပါဘူး"

"ဘာမဟုတ်ရမှာလဲ၊ မိုးက ကိုယ်တို့အကြောင်းကို ပြောမထားဘူးလားကွာ"

"တော်ပါတော့ရှင်၊ ကျွန်မ မကြားပါရစေနဲ့တော့။ တောင်းပန်ပါတယ်"





"မိုးတောင်းပန်ဖို့ မလိုပါဘူး။ တောင်းပန်ရမယ့်လူက ကိုယ်ပါ"

"ကျစ်... ခက်လိုက်တာနော်"

"ဘာမှမခက်ဘူး။ လာ... ကိုယ်နဲ့လိုက်ခဲ့"

"မလိုက်ရဘူး"

"ဒါက ဘာတွေဖြစ်နေတာလဲ၊ မိန်းကလေးတစ်ယောက်ကို ဝိုင်းဆွဲနေကြတာ မြင်လို့မကောင်းလိုက်တာ"

"ဒေါက်တာ"

သေစမ်း! ဘယ်ကနေဘယ်လို ရပ်သွားမှန်းမသိသည့်ကားပေါ်မှ ဒေါက်တာသီဟကျော်စွာက မျက်မှောင်ကြုတ်ကာ ဆင်းလာလေ၏။ ရုတ်တရက်မို့ နှစ်ယောက်သား သူမလက်ကို လွှတ်လိုက်ကြပါသည်။ အဲ့ဒါ့ သူမ ကောင်းကောင်းကြီးပြဿနာဖြစ်ပါရောလား။

"အလုပ်မသွားဘဲ ဘာလုပ်နေတာလဲ ဒေါက်တာသန့်ဇင်လင်း

"ဟို... ဟို"

"မိုးရန့်ကရော"

"အခုပဲသွားမလို့ ကားစောင့်နေတာပါ ဒေါက်တာ"

စူးခနဲကြည့်လိုက်သည့်မျက်ဝန်းနှစ်စုံကြောင့် ဒေါက်တာသန့်ဇင်လင်း နောက်ဆုတ်ကာ ထွက်သွားတော့၏။ ပြဿနာတစ်ခုခုဖြစ်ခဲ့ရင် အလုပ်နဲ့ ညိုက်နစ်နာမှုတွေ ဖြစ်ကုန်မှာလေ။ သူက ကားရှေ့ခန်းတံခါးကို ဆွဲဖွင့် လိုက်သလို သူမကို ခေါင်းညိတ်ပြလိုက်လေသည်။

"သွားကြမယ် မိုးရန့်၊ တက်တော့"

"ဟုတ်ကဲ့"

"မိုး"



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးလူကောင်းမှန်ရင် ကာယကံရှင်သဘောမတူတဲ့ ဘယ်မိန်းကလေးကိုမှ မနှောင့်ယှက်ကြဘူးဆိုတာ ခင်ဗျားလည်းသိမှာပါ။ ပြောစရာရှိတာ နောက်မှအချိန်ယူပြီးပြောပေါ့ဗျာ"

"မိုး!"

သူမ ကားပေါ်တက်လိုက်သည်နှင့် သူက ကားစက်နှိုးကာ မောင်းထွက်လိုက်လေ၏။ နောက်ကြည့်မှန်မှတစ်ဆင့် ကျွန်ရစ်ခဲ့ပါသည့်လူကို တစ်ချက်ကြည့်ကာ မျက်နှာလွှဲလိုက်မိပါသည်။ ရင်မောအောင်လုပ်ကြပါလားနော်။

"အတော်ကောင်းတယ်နော်၊ မင်းကိုယ်မင်း ဘာများထင်နေလဲ မိုးရနံ့"

"ရှင်"

"ယောက်ျားတွေကို လိုသလိုကစားလို့ရတဲ့အရုပ်လို့များ ထင်နေသလား။ ယောက်ျားဆိုတာ ကျားတွေကွ"

"ဒေါက်တာ"

"တောက်! ထင်ကိုထင်မထားဘူး၊ တစ်ဖက်က စိတ်ဝင်တစားကြလို့ပဲလို့ မြင်ထားတာ။ ရုပ်လေးနဲ့မှမလိုက်၊ မင်း ဘယ်လိုမိန်းကလေးလဲ"

မျက်ရည်တို့ ရစ်ဝိုင်းသီလာတော့ပါ၏။ ပြောရက်လိုက်တာနော်။ ပြဿနာရဲ့ဇစ်မြစ်ကိုမရှာဘဲ လွယ်လင့်တကူဆုံးဖြတ်ချက်က အထင်သေးခြင်းတဲ့လား။ ပြောတော့ဖြင့် မိန်းမမာယာ သဲကိုးဖြာဆိုပြီး မူယာမာယာများသည့်လူက သူတို့လိုယောက်ျားတွေသာပါလေ။

"မင်း အတော်မူယာမာယာများတဲ့ မိန်းမပါလား။ အံ့ပါရဲ့"





ကားကြီးတင်ခေါ်ပြီး ဒီလိုမျိုး လူကိုပျစ်ပျစ်နှစ်နှစ်ဝေဖန်ပြောဆိုနေတာ ကောင်းပါသလား။ လူဆိုတာ ကိုယ့်ကောင်းကွက်ကိုပဲ ကိုယ်မြင်ကြပြီး သူတစ်ပါးရဲ့ဆိုးကွက်ကိုသာ မြင်တတ်ကြတာ သဘာဝမှန်း သူမလည်း သိပါ၏။ သို့သော် စတွေ့ကတည်းက သူမအပေါ် မျက်လုံးစိမ်းကြီးဖြင့် မြင်သည့်သူ့အမြင်ကဖြင့် ယနေ့တိုင် မပြောင်းသေးပါလေ။

ပြောသာပြောထားပေတော့ ဒေါက်တာသီဟကျော်စွာရေ့။ နောက်ဆို ကျွန်မကိုမြင်ချင်တယ်ဆိုရင် မမြင်ရသလို ဆုချင်ပါတယ်ဆိုရင်တောင် မှဆူနိုင်ဖို့ ရှာမတွေ့တော့မှာကိုး။ တော်ပါပြီ မျိုးရယ်၊ မေတ္တာတွေ၊ သစ္စာတွေ၊ ချစ်တာတွေအားလုံးကို လက်မြှောက်အရှုံးပေးလိုက်ပါပြီ။ ဒီတစ်ရက်ပဲ သည်းခံမှာပါ။ ဒီနေ့နောက်ဆုံးပါပဲ ဒေါက်တာရေ့။

"နေဦးလေ၊ ကားမှ သေချာမရပ်သေးတာ ဆင်းချင်နေပြီလား။ နေရင်းထိုင်ရင်း တရားခံမရှာချင်နဲ့"

တွေ့လား. . . လူကို ဘာမှမလုပ်ရဲအောင် ထောင့်စေ့အောင်ကို ဆုနေတော့တာပါလား။ အဲဒါ ဒင်းတို့နှစ်ယောက်ကြောင့်ဖြစ်ရတာ။ လူကို ဆွဲသလို လာဆွဲကြမှတော့ မြင်ပြီပေါ့။ တစ်ခါမှ လမ်းကြုံမခေါ်ဖူးပါဘဲ သူမနေမကောင်းဖြစ်စဉ်တစ်ည လိုက်ပို့ပေးရုံကလွဲပြီး) အခုမှ ဆုချင်တာနဲ့ ခေါ်လာတာမဟုတ်လား။

စိတ်ကြီးရယ် ညစ်ရပ့်။ ကားရပ်သည်နှင့် ဆင်းဖို့ပြင်စဉ် 'နေဦး'ဆိုပြီး လက်ကောက်ဝတ်ကိုဆွဲထားသေးတာပါ။ ဒုက္ခပါပဲ၊ သူမလက်တော့ နဲ့ ကျိုးဖို့နီးနေပါပြီ။ သူတို့အားကြီးတွေနဲ့ မညှာမတာကိုင်ဆွဲရတယ်လို့။

"ပြောလို့မပြီးသေးဘူး၊ မသွားနဲ့ဦး"

"Duty နောက်ကျနေပြီရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ကျူမှာပေါ့၊ အချိန်မရှိမှန်းသိသိကြီးနဲ့ ညှိမြကလုပ်နေတာကိုး"

ကြည့်စမ်း! အမှတ်သညာက ကြီးပ့ါ၊ ပြောစရာအကွက်ရသည်နှင့် လူကိုနှိပ်ကွပ်တော့တာပါလေ။ ရွယ်တူလည်းမဟုတ်သလို သူ့မထက် ရာထူးပါကြီးသည့်ပုဂ္ဂိုလ်မို့ ပြန်ခံမပြောရဲတာလည်း တစ်ပန်းရှုံးရတာပါ။ ရှင် ဘယ်လိုလူကြီးလဲ ဒေါက်တာရယ်။

"သွားလို့ရပြီလား"

"အတူတူသွားမယ်"

"အတူတူမသွားပါဘူး၊ ကျွန်မမှာ လုပ်စရာတွေ ရှိနေသေးတာကို"

"ကိုယ့်ကိုကျ ရှောင်ဖယ်ရှောင်ဖယ်နဲ့ ဘာသဘောလဲ"

"ရှင်"

"မင်းမျက်စိထဲမှာ ဟိုလူနှစ်ယောက်ကိုပဲ မြင်နေသလား"

"ဒေါက်တာ"

"ပြောလေ၊ ကိုယ်က ဘာများလိုအပ်ချက်တွေ ရှိနေလို့လဲလို့"

အလိုလေး! ဆေးရုံထဲဝင်ခါနီး လူကိုလှည့်ပြောလိုက်သည့်စကားက အနှောင့်အသွားမလွတ်ပါလားနော်။ ဝန်ထမ်းတွေ အကဲခတ်နေမှန်းသိပါလျက် သူမို့ပြောထွက်ရဲတယ်လို့။ ဘာကိုမှဂရုမစိုက်တာလား။ သို့တည်းမဟုတ် စောစောက ပြဿနာအရှိန်က မသေသေး၍ပဲလား။ သူမ မဝေခွဲတတ်တော့ပါလေ။

"မိုးရနံ့"

သူခေါ်နေပေမယ့် မကြားယောင်ဆောင်လိုက်ပြီး အဝတ်လဲခန်းဆီ လျှောက်ခဲ့ပါ၏။ Locker ထဲမှ ရင်ထိုးနှင့် Cap ကိုယူကာ Uniform





လဲဝတ်လိုက်ပါသည်။ ဆေးရုံမှာမလုပ်ဖြစ်လည်း အပြင် Nurse လိုက်လုပ်လို့လည်း အဆင်ပြေမှာပါလေ။ Day နဲ့ Night ကြေးဆိုပြီး ခေါ်လေ့ရှိတာမဟုတ်ပါလား။

"မမိုးရနံ့"

"ရှင်"

"ဆေးရုံအုပ်ကြီးခေါ်နေပါတယ်၊ အခုလာခဲ့ပါတဲ့"

ကဲ. . . စောစောစီးစီး မရောက်တတ်တဲ့ဆေးရုံအုပ်ပါ မနက်ဆယ်နာရီမထိုးမီ ရောက်လာပါရောလား။ အကြောင်းထူးမရှိဘဲ မခေါ်တတ်တာ ... သွားတွေ့ရတော့မှာလေ။ ဘာများဖြစ်လို့ပါလဲ။ သူပဲတိုင်လိုက်လို့လား။ ဒါမှမဟုတ် တူဖြစ်သူ ပြဿနာရှာတာကိုပဲ သိသွားလို့များလား။

စဉ်းစားမနေနဲ့ မိုးရနံ့ရေ။ မြန်မြန်ရင်ဆိုင်နိုင်မှ မြန်မြန်ဖြေရှင်းနိုင်မှာကိုး။ ရင်ထဲမှာတော့ အနည်းငယ်မျှ စိုးထိတ်အားငယ်နေသလိုပါလေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၄ )

အနီးဆုံး Coffee ဆိုင်ရှိရာဆီသို့ ခပ်သွက်သွက်လျှောက်လိုက်ပါ၏။ နောက်ဆုံးတော့ နိုင်ဖို့အတွက် အညာကိုမိမိရရကိုင်တတ်သားပါလား 'အိမ့်မှူးကျော်'။ 'နာရီဝက်လောက်ဖြစ်ဖြစ် အချိန်ပေးပြီး သွားတွေ့လိုက်ပါ'တဲ့။ ကိုယ်ရေးကိုယ်တာကိစ္စအတွက် ခွင့်ပေးသလိုနဲ့ ဆေးရုံအုပ်ကြီးက Order ပေးတော့တာကိုး။

မှန်တံခါးကိုတွန်းဖွင့်ဝင်လိုက်စဉ် ထောင့်စားပွဲနေရာမှ လက်လှမ်းထောင်ပြလိုက်သဖြင့် လှည့်ကြည့်လိုက်မိ၏။ တွေ့ပြီးပြောပြီးမှ ကိစ္စပြတ်တော့မှာကိုး။ တည်ငြိမ်သည့်ခြေလှမ်းတို့ဖြင့် သူ့ရှိရာဆီ ဦးတည်လိုက်ပါသည်။

"ထိုင်ပါ မိုး"

"ကျွန်မ နာရီဝက်ပဲ အချိန်ရတယ်၊ ပြောစရာရှိတာ မြန်မြန်ပြောပါ"

"ကိုယ့်ချစ်သူနဲ့ မျက်နှာချင်းဆိုင်တွေ့ခွင့်ရဖို့က ဒီလောက်ထိ ခက်ခဲရတယ်လို့"





သက်ပြင်းကို ရှိုက်ထုတ်လိုက်မိပါ၏။ လာတွေ့မိတာနှင့် သူ့ဘက် (50%)ပါပြီလို့များ ယူဆသတ်မှတ်လေသလား။ လူဆိုတာ ပြောပြီးရင် ပြောတဲ့အတိုင်း မှန်ကန်အောင်လုပ်ရတယ် အိမ့်မှူးကျော်။ ကိုယ်မလုပ်နိုင်ပါဘဲ ဘာဖြစ်လို့များ လွယ်လွယ်နဲ့ ကတိပေးတတ်ရတာပါလဲ။

"မိုး"

"ပြော. . ."

"ကိုယ်တို့ ပြန်ပြီးပြေလည်ကြပါစို့ကွာ"

"ဒေါ်ထားထားဆွေရဲ့ခွင့်ပြုချက်ရလာလို့လား"

"မိုး. . ."

"စဉ်းစဉ်းစားစားလည်းပြောပါ အိမ့်မှူးကျော်ရယ်။ ကျွန်မကိုစောင့်ပေးပါဆိုပြီး ထားသွားခဲ့တဲ့အတိတ်ကို ပြန်လှည့်ကြည့်လိုက်ပါဦး။ ရှင့်ကိုမျှော်လင့်တကြီးနဲ့ စောင့်နေတဲ့ . . . မိုးဆိုတဲ့ မအူမလည်ကောင်မလေးက အရင်လိုပဲ အချစ်ကွန်ယက်ထဲမှာ ပိတ်မိပြီး ရူးမနေတော့ပါဘူး။ ခြောက်နှစ်ကျော်ဆိုတဲ့ကာလအပိုင်းအခြားနဲ့ တည်ငြိမ်သင့်သလောက် တည်ငြိမ်ခဲ့ပါပြီ"

"မိုးရယ်. . . ဟုတ်ပါတယ်၊ ကိုယ် မပြတ်မသားနိုင်ခဲ့တာပါ။ မိုးအပေါ် မျှော်လင့်ချက်တွေ မပေးသင့်ဘဲ ပေးခဲ့တာ ကိုယ့်အမှားဆိုတာ ကိုယ်ဝန်ခံပါတယ် မိုးရယ်။ အခု. . . အခု ကိုယ်နဲ့မိုးကို ဖေဖေတို့က သဘောတူလိုက်ပါပြီ။ ကိုယ်တို့နှစ်ယောက် အတူလက်တွဲကြပါစို့နော်"

စားပွဲထက်တင်ထားပါသည့် လက်အစုံကို လှမ်းယူဆုပ်ကိုင်လိုက်လေ၏။ အရင်တုန်းကလို နွေးထွေးနေတုန်းပါပဲ။ ဒီလက်ဖျားကတစ်ဆင့် ရင်တွင်းရှိ မေတ္တာအတိမ်အနက် အဘယ်မျှရှိမလဲဆိုတာကို မှန်းဆနိုင်



www.burmeseclassic.com

www.burmeseclassic.com



တာပါလေ။

'ကို'ရယ်. . . ချစ်ခြင်းရဲ့နွေးထွေးမှုဆိုတာကို မိုးက. . . မိုးက ခံယူပိုင်ဆိုင်ခွင့်ရှိမှမရှိတာလေ။ နားလည်ပေးပါ၊ မိုးရင်ထဲက နှလုံးသားကို ဒီဘဝမှာ အပိုင်သိမ်းပိုက်နိုင်ခဲ့တဲ့သူက 'ကို'တစ်ယောက်တည်းသာ ရှိခဲ့တာပါကွယ်။

ဒါပေမဲ့ ချစ်ခြင်းနဲ့လက်ထပ်ခြင်းက ဘဝရဲ့ခံယူချက်အလိုက် ကွဲပြားခြားနားမှုမျိုးရှိတတ်ပါတယ်။ အသည်းနှင့်အောင် ဘယ်လောက်ပဲချစ်ခဲ့ပါစေ၊ ငုံ့ညှာထောက်ထားရမယ့်အရာတွေက ဝန်းကျင်မှာ အများကြီးရှိနေတာပါလေ။ အချစ်ဆိုတဲ့အရာထက် ကြီးကျယ်မြင့်မြတ်ခြင်းကို 'ကို'တစ်ယောက် သိပါရဲ့လား။

လက်ကိုအသာရုန်းဖယ်လျက် ပေါင်ပေါ်မှာ ထားလိုက်မိပါ၏။ သူ့ထံမှ လှုပ်လှုပ်ရှားရှားအမူအရာကို မြင်လိုက်ရလေသည်။

"မိုး. . ."

"ကြာခဲ့ပါပြီလေ"

"ဘာကို. . . ဘာကိုလဲ"

"ကျွန်မတို့ဇာတ်လမ်းကို ပြောတာပါ"

"ကိုယ်က. . . ကိုယ်က မိုးကို အခုထိတိုင် ချစ်နေဆဲဆိုတာ မိုးသိပါရဲ့လား"

"ဟုတ်ကဲ့"

"ဘယ်လို"

"အတိတ်မှာ နှစ်ယောက်သား ဘယ်လိုပဲ ရင်းနှီးခဲ့၊ ဘယ်လောက်ပဲ ပတ်သက်ဆက်နွယ်ခဲ့ပါစေ၊ လက်ရှိပစ္စုပ္ပန်နဲ့တော့ မတူတော့တာအမှန်ပဲ အိမ့်မှူးကျော်"





"မိုးရယ်. . . ကိုယ်"

"အတိတ်ကို အတိတ်မှာပဲ ဒီအတိုင်းထားလိုက်တာ ကျွန်မတို့နှစ်ယောက်အတွက် ပိုပြီးကောင်းမှာပါ"

"ကိုယ်က. . . ကိုယ်က မထားခဲ့နိုင်ဘူး မိုးရဲ့"

"အချစ်ဆိုတာ ဘဝရဲ့အစိတ်အပိုင်းသေးသေးလေးပါ မှူး။ အချစ်ကြောင့် ဘဝကြီးတစ်ခုလုံး သေသွားရပါတယ်ဆိုတဲ့ ဆယ်ကျော်သက်တွေရဲ့ ရူးနှမ်းနှမ်းလုပ်ရပ်မျိုး လုပ်ချင်နေသလား"

". . ."

"ဘာအပြစ်မှမရှိတဲ့ မိန်းကလေးတစ်ယောက်ရဲ့အရှက်နဲ့ ကိုယ်ကျင့်တရား၊ ပြီးတော့ မျက်နှာစုံညီပြုပေးခဲ့ကြတဲ့ နှစ်ဖက်အသိုင်းအဝိုင်းနဲ့ မိဘအစုံအလင်ရဲ့ဂုဏ်သိက္ခာ။ အဲဒါတွေအားလုံးကို လူပုံအလယ်မှာ နင်းချေရဲလို့လား"

"မိုး. . . မိုးက ကိုယ့်. . ."

"ပုလဲဖြူကို ဒုတိယမိုးရန်နဲ့လို အရှက်မရစေချင်တဲ့ တို့စေတနာကို နားလည်ပေးပါ. . . မှူး"

"ဘာရယ်"

"အချစ်မှာ ပေးဆပ်ခြင်းတွေ၊ ပိုင်ဆိုင်ရယူလိုခြင်းတွေ အများကြီးရှိတဲ့အနက်က စွန့်လွှတ်အနစ်နာခံခြင်းကိုပဲ ရွေးလိုက်ပါရစေ"

"မိုးရယ်"

"အတိတ်တစ်နေရာမှာပဲ အိမ့်မှူးကျော်နဲ့ မိုးရန်တို့ရဲ့ချစ်သက်သေတွေအားလုံးကို ပြည်ဖုံးကားချလိုက်ပါစို့ကွယ်။ တို့တွေ သူငယ်ချင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပဲ လမ်းမှာတွေ့ရင် နှုတ်ဆက်လို့ရပါတယ်။ မဟုတ်ဘူးလား''

ရီဝေစွာကြည့်နေသည့် မျက်ဝန်းတို့ကို နှစ်သိမ့်ပြုံးဖြင့် ပြန်ကြည့်နေမိတာ အတော်လေးကြာပါ၏။ နောက်ဆုံးပါ. . . နောက်ဆုံးပါလေ။ နောက်ထပ် ဒီလိုမျက်နှာချင်းဆိုင်ထိုင်ပြီး စကားတွေ ဖောင်ဖွဲ့ပြောဖို့အခွင့်အရေးမျိုး ရတော့မှာမှမဟုတ်ဘဲ။

ချစ်ခြင်းရဲ့ချိုမြိန်မှုက ခါးသည်းမှုအရသာကိုလည်း ပြောင်းပေးနိုင်ပါတယ်။ အလွမ်းနေရာမှာ အပျော်ဆိုတာ ရှိကောင်းရှိလာနိုင်ပေမယ့် ခပ်ပါးပါးအမှုန်းခံလိုက်ရတဲ့ နှလုံးသားရဲ့ဒဏ်ရာအနာတရကိုဖြင့် အဘယ်သို့သော သမားတော်က ကျွမ်းကျင်စွာ ကုသပေးနိုင်ပါ့မလဲ။

ချစ်ခဲ့ပါတယ်. . . မြတ်မြတ်နိုးနိုးနဲ့ နင့်နင့်သည်းသည်းကို ချစ်ခဲ့တာပါ။ အဲဒီလိုချစ်လွန်လွန်းလို့ပဲ ရင်နာနာနဲ့ စွန့်လွှတ်လိုက်တာပါလေ။ တို့တွေ ပြန်ဆုံခွင့်မရှိနိုင်တာ၊ လွန်ခဲ့တဲ့ခြောက်နှစ်ကျော်ကာလကတည်းက သိခဲ့ဖို့ကောင်းပါရဲ့။

''သွားတော့မယ်''

ခပ်တိုးတိုးပြောကာ ထရပ်ရင်း ဆိုင်ထဲမှထွက်ခဲ့၏။ နေမင်းကအားမနာစတမ်း ခေါင်းထက်မှာ ပူချင်တိုင်းပူနေတော့တာပါလား။ ငိုချင်နေပေမယ့် ငိုဖို့ခွန်အားတောင် မရှိတော့ပါလေ။ ဝေးခဲ့ပြီ. . . အပြီးတိုင်ဝေးသွားခဲ့ပါပြီကော။

''ဒါက ဘာလဲ အန်ကယ်''

''သမီးမိုး Resign တင်သွားတာလေ''





''ဗျာ! ''

''အန်ကယ် ခွင့်မပြုပါဘူး၊ Personal case နဲ့အလုပ်ထွက်ဖို့မှ မလိုအပ်တာ''

''အခု သူရော''

''အန်ကယ့်တူ တွေ့ချင်တယ်ပြောလို့ နေ့တစ်ပိုင်း Leave ပေးလိုက်တယ်။ သွားတွေ့လေရဲ့''

ဆေးရုံအုပ်ကြီးစကားမဆုံးမီ ရုံးခန်းထဲမှ သူထွက်ခဲ့ပါ၏။ Resign တင်သွားသတဲ့။ ထွက်စရာလား. . . ဘာမဟုတ်တာလေးနဲ့ အလုပ်ထွက်စာတင်ရတယ်လို့။ ကိုယ်ခွင့်မပြုဘူး မိုးရန့်ရဲ့။

''တင်းတောင်! . . . ''

Lift ရပ်သွားပြီမို့ မြေညီထပ်ကိုထွက်လိုက်ပါ၏။ ရုတ်တရက် Lift ထဲဝင်လိုက်ပါသည့်သူမကို မြင်လိုက်ရတာမို့ အမြန်ပြန်ဝင်လိုက်ရလေသည်။ အခုထွက် အခုပဲပြန်ဝင်လိုက်တာမို့ သူမ တအံ့တဩကြည့်လိုက်လေ၏။

''ဘယ်လျှောက်သွားနေတာလဲ''

''ဒီနား ခဏ''

''Resign တင်သွားတယ်ဆို''

''ဟုတ်တယ်''

''ဘာကိစ္စထွက်မှာလဲ. . . လွယ်လွယ်နဲ့ အလုပ်ထွက်လို့မရအောင် Bond ထိုးထားတာ မေ့နေသလား''

''မမေ့ပါဘူး၊ လျော်ပြီးမှထွက်မှာပါ''

''ဘာ! သတ္တိတွေ သိပ်ရှိပြနေတယ်ပေါ့လေ။ ဘယ်သူ့အားကိုးနဲ့များ ဒီလိုလေသံမျိုးနဲ့ပြန်ပြောရဲတာလဲ မိုးရန့်''



www.burmeseclassic.com

www.burmeseclassic.com



ခပ်ရှုရှုအကြည့်ကို ရလိုက်လေ၏။ ကြည့်စမ်း! အမြဲတစေ မျက်လွှာချပြီး ခေါင်းငုံ့သွားတတ်တဲ့မိန်းကလေးက ဘယ်ကနေဘယ်လိုရထားမှန်းမသိသည့် အင်အားအပြည့်နဲ့ ရန်သူလိုအကြည့်မျိုး တုံ့ပြန်ကြည့်ရဲရတယ်လို့။ စိတ်တိုလိုက်တာနော်။ ဆေးရုံအုပ်ကြီးခွင့်ပြုချက်ရတာနဲ့ အဆက်ဟောင်းရဲ့ရင်ခွင်ထဲ ဒိုက်ဗင်ပစ် ဝင်လိုက်တော့တာကိုး။

"ကျွန်မ နေ့ဝက် Leave ရထားတယ်"

"သိတယ်"

"သိတယ်ဆို အခုလိုမေးစရာလား။ ကျွန်မကိုယ်ရေးကိုယ်တာကိစ္စအထိ ဒေါက်တာသိဖို့မလိုအပ်ပါဘူး"

"ဘာ! "

သုံးလွှာမှာမရပ်ဘဲ ဆယ်ထပ်အထိ Lift ဆက်တက်သွားတာမို့ သူမ မျက်လုံးပြူးသွားရပါ၏။ နေပါဦး. . . စောစောက Lift ခလုတ်ကို သူမမနှိပ်မိဘဲ သူနှိပ်လိုက်တာကိုး။ လူကိုမြင်တာနဲ့ အသက်ရှူပေါက်ပိတ်အောင်ကို ဆူနေတော့တာပဲ။

"မင်း. . . မင်း"

"ဆူပါ. . . ဆူပါ. . . ဒေါက်တာ့လက်အောက်ကဝန်ထမ်းမို့ စိတ်ကြိုက်သာ ဆူပါလေ့။ ဒီနေ့နောက်ဆုံးပါပဲ၊ နောက်ရက် ဆူချင်လို့လိုက်ရှာရင်တောင် ရှာမတွေ့စေရဘူး"

"ဘာပြောတယ်၊ မင်းကို အလုပ်ကထွက်ခွင့်ပြုလို့လား"

"ဆေးရုံအုပ်ကြီးခွင့်ပြုရင် ရမှာပေါ့"

"ငါခွင့်မပြုဘူး"

ရော်! ဆေးရုံအုပ်ကြီးထက် သူကပဲ ရာထူးပိုကြီးနေသည့်နှယ် အော်





နေတော့တာလေ။ ဘယ်လိုလူကြီးမှန်းကိုမသိ။ လူကို သူ့စိတ်တိုင်းကျမဖြစ်တာနဲ့ အပြစ်ကိုမြင်နေတော့တာပါလား။ စိတ်တိုလိုက်တာနော်။

"ဒေါက်တာခွင့်ပြုဖို့ မလိုပါဘူး၊ ကျွန်မကိုအလုပ်ခန့်တာမှမဟုတ်တာ"

"မိုးရန်း! "

ဟော! လုပ်ပြန်ပြီ။ Lift က အပေါ်ဆုံးကနေ ပြန်ဆင်းနေပြီမို့ ဒီတစ်ခါတော့ မြေညီထပ်ကိုပြန်မရောက်စေရန် သူမ သတိဖြင့် ရပ်လိုက်ပါ၏။ အပေါက်ဝဘက် မျက်နှာမူလိုက်သဖြင့် သူက သူမလက်မောင်းနှစ်ဖက်ကိုကိုင်လျက် သူ့ဘက်ပြန်လှည့်စေလေသည်။ ဒီဒေါက်တာကတော့ ပြဿနာပါလားနော်။

"ကိုယ့်ကိုကြည့်"

"မကြည့်ဘူး"

"မိုးနော်. . . ကိုယ့်ကိုဆို ဘယ်တော့မှ အကောင်းမမြင်ပေးဘူး။ အမြဲတမ်း လူဆိုးကြီးလိုကြည့်တယ်။ ကိုယ်က အဲဒီနှစ်ယောက်ထက် ဘာများလိုအပ်ချက်ရှိနေပြီး သိမ်ငယ်နေရတာလဲ မိုးရဲ့"

"ရှင်"

"ပြောလေ၊ အရိပ်ရောအကောင်ပါ ဒီလောက်သိသာအောင် ပြနေတာတောင်မှ လူကို နည်းနည်းမှအရာမသွင်းတာ ဘာကြောင့်လဲ"

"ဒေါက်. . . ဒေါက်တာ"

"မသိဘူးလား. . . မသိတာလား။ ဒါမှမဟုတ် တမင်မသိချင်ယောင်ဆောင်တာလား. . . ဟင်"

"ကျွန်မ. . . ကျွန်မ"



www.burmeseclassic.com

www.burmeseclassic.com



ဘာစကားမှမပြောနိုင်ဘဲ ဆွံ့အသလိုဖြစ်သွားပါသည့် သူမခန္ဓာကိုယ်လေးကို ထွေးဖက်ခြင်းခံလိုက်ရလေ၏။ ဘုရားရေ! ဘာတွေဖြစ်ကုန်တာပါလိမ့်။ 'ချစ်တယ်'ဆိုတဲ့စကားကို တစ်ခွန်းမှမပြောပါဘဲ သူမသိအောင် ပြောခဲ့သတဲ့လား။

မဟုတ်သေးပါဘူး. . . သူမသိထားတာကဖြင့် လူကို ကလေးလို အော်ဟစ်ဆူငေါက်လေ့ရှိတာကိုပါလေ။

"အို! ဘာလုပ်တာလဲ။ လွှတ်ပါ"

"အလုပ်ထွက်ခွင့်မပြုဘူးနော်၊ ပြီးတော့ ကိုယ့်ကိုလည်း ထားသွားခွင့်မပြုနိုင်ဘူး။ ဒါပဲ"

"ဒေါက်တာ"

"ကိုယ်ချစ်နေတာ မင်းသိတယ်မဟုတ်လား"

"အို. . ."

ပါးပြင်ထက် နွေးခနဲဖြစ်သွားစဉ် သူမ ထူပူရှက်အမ်းသွားရပါ၏။ တိုက်ဝိုက်ဆိုင်ဆိုင်ပင် သုံးလွှာမှာ Lift တံခါးက ပွင့်သွားတော့တာပါ။ အထဲမှာ ပူးပူးကပ်ကပ်အနေအထားနှင့် အခြေအနေကိုမြင်သွားတာက ဆေးရုံအုပ်ကြီးအပါအဝင် ဒေါက်တာမြသီတာနှင့် မြစပယ်တို့ ညီအစ်မပါလေ။

"ဟောတော်"

"လက်စသတ်တော့ ဒီလိုကိုး"

"အန်ကယ် Lunch သွားစားတော့မှာလား"

သူက ဟန်မပျက် နှုတ်ဆက်နိုင်ပေမယ့် သူမကဖြင့် ရှက်လွန်းလို့ နားနေဆောင်ဘက် အပြေးလျှောက်သွားမိတာပါလေ။



မိုးပြောတော့ လက်ဖက်ချဉ်ငံစပ်ပွဲလေးတဲ့။ ဘယ်ကသာ လက်ဖက်ပွဲဖြစ်ရမှာလဲ။ ဖြစ်ချင်းဖြစ် သဘော်ရွက်သုတ်လို လူကိုဒုက္ခဖြစ်စေမယ့် ခပ်ခါးခါးကြီးသာ ဖြစ်မှာပါ။

မုန်းစရာကြီးနော်. . .။ ။

**လေးစားလျက်. . .**

မမသဒ္ဒါမောင်

22nd August 2014
PM 3:48

www.burmeseclassic.com

www.burmeseclassic.com

## နောက်လထွက်မည့်စာအုပ်

# "ညီမလေး"

"လူတစ်ဖက်သားရဲ့ပါးကိုရိုက်တယ်ဆိုကာ အရိုက်ခံရတဲ့လူပဲ နာရတာမဟုတ်ဘူး 'ခင်မီမီဖော်'…ရိုက်တဲ့လူရဲ့လက်လည်း နာရပါတယ်။ မျက်စိရှေ့ တွေ့သမျှအရာတိုင်းကို ငါပဲပိုင်ဆိုင်ရမှဆိုတဲ့ လောဘစိတ်မျိုး မမွေးချင်နဲ့၊ အလိုကြီးရင် အရနည်းတတ်တယ်…"

BURMESE CLASSIC

www.burmeseclassic.com